# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# သတ္တမပုံမှန်အစည်းအဝေး
# (၂၀) ရက်မြောက်နေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်း တင်ခြင်း | ၃ |
| ၅ | ဒက္ခိဏသီရိအသေးစားနှင့်အလတ်စား စက်မှုဇုန်အတွင်း ဖော်ထုတ်ပြီး မြေနေရာများ အကျိုးရှိ ထိရောက်စွာအသုံးချနိုင်ရေးအတွက် မည်ကဲ့သို့ ဆောင်ရွက်ထားပါသနည်း၊ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်များ မည်ကဲ့သို့ရေးဆွဲထားပါသနည်း၊ အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးသော အထည်ချုပ်လုပ်ငန်း ရင်နှီးမြှုပ်နှံမှုများ ဖိတ်ခေါ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း | ၄ |
| ၆ | ဥတ္တရသီရိမြို့နယ်အတွင်း လမ်းမီးခွန်နှင့် သန့်ရှင်းရေးခွန်များပါဝင်သော ပစ္စည်းခွန်များကောက်ခံရာ တွင် ပိုင်ရှင်များရှိနေပြီး အဆောက်အဦမရှိသော၊ အဆောက်အဦရှိနေပြီး လူမနေသော၊ အဆောက်အဦ ဆောက်လက်စ ရပ်ထားသောမြေကွက်များကို အခွန်ပေးဆောင်နေရသော ပြည်သူများနှင့် မျှတမှု ရှိစေရေး၊ ပြည်သူ့ဘဏ္ဍာများ မှန်မှန်ကန်ကန် ရရှိစေရေးတို့အတွက် မည်ကဲ့သို့စည်းကြပ်ကောက်ခံနေပြီး မီးဘေးနှင့်မသမာသူများ ခိုအောင်းနိုင်သောကြောင့် လုံခြုံရေးကိစ္စအတွက် မည်ကဲ့သို့ စီမံခန့်ခွဲနေသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း | ၇ |
| ၇ | ရန်မနိုင်တိုက်နယ်ဆေးရုံတွင် စံကိုက်ဆေးရုံ အဆောက်အဦအား မည်သည့်အချိန်တွင် စတင် ဆောက်လုပ်ပြီး လူနာကုသခြင်းများ ဆောင်ရွက်နိုင်မည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၀ |
| ၈ | မတူပီမြို့နယ်၊ ဆဘောင်သဲကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာန အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၄ |
| ၉ | လေရှီး၊ လဟယ်၊ နန်းယွန်းမြို့နယ်များမှ လျှောက်ထားသည့် သူနာပြု/သားဖွား | ၁၆ |

သင်တန်းသားဦးရေ တိုးမြှင့်တက်ရောက်ခွင့်ပြုရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း

၁၀ မိုးမိတ်မြို့နယ်တွင် တိုင်းရင်းဆေးရုံဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း ၂၀

၁၁ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကပေးပို့သော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း ၂၁

၁၂ ဦးအောင်သောင်းရွှေ၊ ဘူးသီးတောင်မဲဆန္ဒနယ်က တင်သွင်းသည့် ရခိုင်ပြည်နယ်၊ မြောက်ပိုင်းဒေသတွင် နိုင်ငံတော်၏အချုပ်အခြာ အာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် လည်းကောင်း၊ ဒေသခံဌာနေ တိုင်းရင်းသားတို့၏ အသက်အိုးအိမ်၊ ထာဝရလုံခြုံမှုရှိသော လူမှုဘဝကိုထူထောင်နိုင်ရန် ဒေသခံတိုင်းရင်းသားတို့၏ လိုအပ်ချက်များကို ရေတိုရေရှည် စီမံကိန်းများ ပွင့်လင်းမြင်သာစွာချမှတ်၍ ထိရောက်သော အကောင်အထည်ဖော်ဆောင်ရွက်မှု များကိုပြုလုပ်ပေးရန် နိုင်ငံတော် အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း ၂၄

၁၃ ဦးအောင်သောင်းရွှေ၊ ဘူးသီးတောင်မဲဆန္ဒနယ်က တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း ၅၇

၁၄ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၀)ရက် မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၁)ရက် မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၆၇

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး

## (၂၀)ရက်မြောက်နေ့ အစီအစဉ်

## [ ၂၀-၂-၂၀၁၈ ] (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ပြည်သူ့လွှတ်တော် ကော်မတီ(၁၄)ခု သက်တမ်း တိုးမြှင့်ခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးသန့်ဇင်ထွန်း၊ ဒက္ခိဏသီရိ မဲဆန္ဒနယ်၏ **ဒက္ခိဏသီရိ အသေးစားနှင့် အလတ်စား စက်မှုဇုန်အတွင်း ဖော်ထုတ်ပြီးမြေနေရာများ အကျိုးရှိထိရောက်စွာ အသုံးချနိုင်ရေးအတွက် မည်ကဲ့သို့ ဆောင်ရွက်ထားပါသနည်း၊ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်များ မည်ကဲ့သို့ ရေးဆွဲထားပါသနည်း၊ အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးသော အထည်ချုပ်လုပ်ငန်း ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးကျော်မင်းလှိုင်၊ ဥတ္တရသီရိ မဲဆန္ဒနယ်၏ **ဥတ္တရသီရိမြို့နယ်အတွင်း လမ်းမီးခွန်နှင့် သန့်ရှင်းရေးခွန်များ ပါဝင်သော ပစ္စည်းခွန်များ ကောက်ခံရာတွင် ပိုင်ရှင်များရှိနေပြီး အဆောက်အဦမရှိသော၊ အဆောက်အဦရှိနေပြီး လူမနေသော၊ အဆောက်အဦဆောက်လက်စ ရပ်ထားသော မြေကွက်များကို အခွန်ပေးဆောင်နေရသော ပြည်သူများနှင့် မျှတမှုရှိစေရေး၊ ပြည်သူ့ဘဏ္ဍာများ မှန်မှန်ကန်ကန် ရရှိစေရေးတို့အတွက် မည်ကဲ့သို့ စည်းကြပ်ကောက်ခံနေပြီး မီးဘေးနှင့် မသမာသူများ ခိုအောင်းနိုင်သောကြောင့် လုံခြုံရေးကိစ္စအတွက် မည်ကဲ့သို့ စီမံခန့်ခွဲနေသည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာဦးစိုးမိုးသူ၊ မြောင်းမြ မဲဆန္ဒနယ်၏ **ရန်မနိုင်တိုက်နယ်ဆေးရုံတွင် စံကိုက်ဆေးရုံ အဆောက်အဦအား မည်သည့်အချိန်တွင် စတင်ဆောက်လုပ်ပြီး လူနာကုသခြင်းများ ဆောင်ရွက်နိုင်မည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးပါထန်း၊ မတူပီ မဲဆန္ဒနယ်၏ **မတူပီမြို့နယ်၊ ဆဘောင်သဲကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာနအဆင့် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးကျော်ဌေး၊ လေရှီး မဲဆန္ဒနယ်၏ **လေရှီး၊ လဟယ်၊ နန်းယွန်း မြို့နယ်များမှ လျှောက်ထားသည့် သူနာပြု/ သားဖွား သင်တန်းသားဦးရေ တိုးမြှင့်တက်ရောက်ခွင့်ပြုရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးတိုးသောင်၊ မိုးမိတ် မဲဆန္ဒနယ်၏ **မိုးမိတ်မြို့နယ်တွင် တိုင်းရင်းဆေးရုံ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၇။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ပေးပို့သော **“မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများ ”** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၈။ ဦးအောင်သောင်းရွှေ၊ ဘူးသီးတောင် မဲဆန္ဒနယ်က တင်သွင်းသည့် **“ရခိုင်ပြည်နယ်၊ မြောက်ပိုင်းဒေသတွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နယ်မြေ တည်တံ့ခိုင်မြဲရေး အတွက်လည်းကောင်း၊ ဒေသခံဌာနေတိုင်းရင်းသား တို့၏ အသက်အိုးအိမ်၊ ထာဝရလုံခြုံမှုရှိသော လူမှုဘဝကို ထူထောင်နိုင်ရန် ဒေသခံတိုင်းရင်းသားတို့၏ လိုအပ်ချက်များကို ရေတိုရေရှည် စီမံကိန်းများ ပွင့်လင်းမြင်သာစွာ ချမှတ်၍ ထိရောက်သော အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ပြုလုပ်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးလှထွန်းကျော်၊ မောင်တော မဲဆန္ဒနယ်၊

(ခ) ဒေါ်နီနီမေမြင့်၊ တောင်ကုတ် မဲဆန္ဒနယ်၊

(ဂ) ဦးငွေးဝင်းအောင်(ခ) ဦးပြုံးချို၊ ဒေါပုံ မဲဆန္ဒနယ်၊

(ဃ) ဦးဘရှိန်၊ ကျောက်ဖြူ မဲဆန္ဒနယ်၊

(င) ဦးဉာဏ်ဟိန်း၊ သံဖြူဇရပ် မဲဆန္ဒနယ်၊

(စ) ဦးစိန်ဝင်း၊ မအူပင် မဲဆန္ဒနယ်၊

(ဆ) ဒေါ်နန်းသန်းသန်းလွင်၊ ဘားအံ မဲဆန္ဒနယ်၊

(ဇ) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်၊

(ဈ) ဒေါ်ဝင့်ဝါထွန်း၊ ရှားတော မဲဆန္ဒနယ်၊

(ည) ဗိုလ်မှူးသန်းဝင်း၊ တပ်မတော်သားကိုယ်စားလှယ်၊

(ဋ) ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး၊ ကလေး မဲဆန္ဒနယ်၊

(ဌ) ဒုတိယဗိုလ်မှူးကြီးခင်မောင်သန့်၊ တပ်မတော်သားကိုယ်စားလှယ်၊

(ဍ) ဦးစိုင်းကျော်မိုး၊ မိုင်းပန် မဲဆန္ဒနယ်၊

(ဎ) ဦးလဂန်ဇယ်ဂျုံး၊ ဝိုင်းမော် မဲဆန္ဒနယ်၊

(ဏ) ဦးစိုင်းအောင်ကျော်၊ ကျေးသီး မဲဆန္ဒနယ်၊

(တ) ဦးဦးထွန်းဝင်း၊ ကျောက်တော် မဲဆန္ဒနယ်၊

(ထ) ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး၊ ညောင်ရွှေ မဲဆန္ဒနယ်၊

၉။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး**
**(၂၀)ရက်မြောက်နေ့မှတ်တမ်း**

**၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်**
**(၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်)**
**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၂၀)ရက်မြောက်နေ့အစီအစဉ်စတင်ပါတော့မယ်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၂၀)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၃ ဦးရှိတဲ့အနက် ၃၈၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၈.၄၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၂၀)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန် ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသောကိုယ်စားလှယ် ၄၃၃ ဦး ရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၈၃ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၂၇ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ များကတော့-

(၁) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၄ ရက်၊
(၂) မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း ခွင့် ၄ ရက်၊
(၃) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊
(၄) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဦးဇေယျာသော် ခွင့် ၁ ရက်၊
(၅) ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း ခွင့် ၁ ရက်၊
(၆) ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးလုံဂျုံဆန်မိုင် ခွင့် ၄ ရက်၊
(၇) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊
(၈) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းဘသိန်း ခွင့် ၁ ရက်၊
(၉) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးကျော်တင့် ခွင့် ၁ ရက်၊
(၁၀) ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက် ခွင့် ၁ ရက်၊
(၁၁) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၉ ရက်၊
(၁၂) ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ခွင့် ၄ ရက်၊
(၁၃) စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ကြည်မို့မို့လွင် ခွင့် ၁ ရက်၊
(၁၄) ပလက်ဝမဲဆန္ဒနယ်မှ ဦးစိန်အောင် ခွင့် ၁ ရက်၊
(၁၅) သရက်မဲဆန္ဒနယ်မှ ဦးကံမြင့် ခွင့် ၁ ရက်၊
(၁၆) တောင်ငူမဲဆန္ဒနယ်မှ ဦးခင်မောင်သန်း ခွင့် ၁ ရက်၊
(၁၇) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၄ ရက်၊
(၁၈) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၁ ရက်၊

(၁၉) ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း ခွင့် ၁ ရက်၊
(၂၀) မြောင်မဲဆန္ဒနယ်မှ ဦးဒွေးငွေ ခွင့် ၁ ရက်၊
(၂၁) ကျိုက်မရောမဲဆန္ဒနယ်မှ ဦးစောကျော်ဝင်းမောင် ခွင့် ၁ ရက်၊
(၂၂) နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင် ခွင့် ၁ ရက်၊
(၂၃) ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း ခွင့် ၁ ရက်၊
(၂၄) စလင်းမဲဆန္ဒနယ်မှ ဦးကံဦး ခွင့် ၁ ရက်၊
(၂၅) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း ခွင့် ၁ ရက်၊
(၂၆) ကြည့်မြင့်တိုင်မဲဆန္ဒနယ်မှ ဦးဇော်ဝင်း ခွင့် ၁ ရက်နှင့်
(၂၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်သန်းထွတ်သိန်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၂၃ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၂၇ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၅၀ ဦး ရှိပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ်ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်း တင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့် ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး ယခင်ကခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၂၃ ဦး၊ ယနေ့ ခွင့်ပြု ထားသူ ၂၇ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၅၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်း တင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် ကော်မတီ(၁၄)ခု သက်တမ်းတိုးမြှင့်ခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ဖွဲ့စည်းသော ကော်မတီ ၁၄ ခုအား သက်တမ်းတိုးမြှင့်ခြင်းကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် တွင်ဖွဲ့စည်းခဲ့တဲ့ နိုင်ငံတကာဆက်ဆံရေးကော်မတီ၊ တောင်သူလယ်သမားနှင့်အလုပ်သမားရေးရာ ကော်မတီ၊ တိုင်းရင်းသားရေးရာနှင့်ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီတို့၏ သက်တမ်းကို ၁၇-၂-၂၀၁၈ ရက်နေ့မှစ၍ နောက်ထပ်တစ်နှစ်အထိလည်းကောင်း၊ ပြည်သူ့လွှတ်တော်တွင် ဖွဲ့စည်းခဲ့

တဲ့ ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပညာရေးမြှင့်တင်မှုကော်မတီတို့၏ သက်တမ်းကို ၁၉-၂-၂၀၁၈ ရက်နေ့မှစ၍ နောက်ထပ်တစ်နှစ်အထိလည်းကောင်း၊ ပြည်သူ့လွှတ်တော်တွင် ဖွဲ့စည်းခဲ့တဲ့ ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီတို့၏ သက်တမ်းကို ၂၂-၂-၂၀၁၈ ရက်နေ့မှစ၍ နောက်ထပ်တစ်နှစ်အထိလည်းကောင်း၊ ပြည်သူ့လွှတ်တော်တွင် ဖွဲ့စည်းခဲ့တဲ့ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့၏သက်တမ်းကို ၂၄-၂-၂၀၁၈ ရက်နေ့မှစ၍ နောက်ထပ်တစ်နှစ်အထိလည်းကောင်း၊ ပြည်သူ့လွှတ်တော်တွင် ဖွဲ့စည်းခဲ့တဲ့ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၊ နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီတို့၏သက်တမ်းကို ၂၆-၂-၂၀၁၈ ရက်နေ့မှစ၍ နောက်ထပ်တစ်နှစ်အထိလည်းကောင်း ထပ်မံတိုးမြှင့်သတ်မှတ်မှာဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ဒက္ခိဏသီရိအသေးစားနှင့်အလတ်စား စက်မှုဇုန်အတွင်း ဖော်ထုတ်ပြီးမြေနေရာများ အကျိုးရှိထိရောက်စွာအသုံးချနိုင်ရေးအတွက် မည်ကဲ့သို့ဆောင်ရွက်ထားပါသနည်း၊ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များ မည်ကဲ့သို့ရေးဆွဲထားပါသနည်း၊ အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးသောအထည်ချုပ်လုပ်ငန်း ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန့်ဇင်ထွန်း(ဒက္ခိဏသီရိမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ဒက္ခိဏသီရိမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ထွန်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စက်မှုဇုန်များကို နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာမူဘောင်များနှင့်အညီ စနစ်တကျစီမံထူထောင်၍ ပြည်တွင်းပြည်ပလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်စေရန်၊ ကုန်ထုတ်လုပ်ငန်းနှင့် ကုန်ထုတ်လုပ်မှုဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများရဲ့ လိုအပ်ချက်များကို ပြည့်စုံစွာစီမံဆောင်ရွက်ခြင်းဖြင့် စက်မှုဇုန်များအတွင်း လုပ်ငန်းချိတ်ဆက်မှုအားကောင်း၍ ယှဉ်ပြိုင်နိုင်သောစက်မှုလုပ်ငန်းများဖြစ်လာစေရန်၊ စက်မှုလုပ်ငန်းကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို စနစ်တကျစီမံထိန်းချုပ်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်စေရန် စတဲ့

ရည်ရွယ်ချက်တွေနဲ့ တည်ထောင်ရမှာဖြစ်ပါတယ်။ ဒေသအလိုက် စက်မှုဇုန်များကို စနစ်တကျ ထူထောင်ပြီး ဖွံ့ဖြိုးတိုးတက်အောင် စီမံခန့်ခွဲနိုင်ပါက မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်များကို လျှော့ချနိုင်မှာဖြစ်ပါတယ်။ နေပြည်တော်မြို့သစ်စီမံကိန်းနှင့် အခြားစီမံကိန်းများကြောင့် ဒေသခံပြည်သူတို့ရဲ့ စိုက်ပျိုးမြေအမြောက်အမြားသိမ်းဆည်းခံခဲ့ရပြီး ဒေသခံပြည်သူတို့ရဲ့ အလုပ်အကိုင်အခွင့်အလမ်းများ များစွာဆုံးရှုံးခဲ့ရပါတယ်။

ဒက္ခိဏသီရိအသေးစားနှင့် အလတ်စားစက်မှုဇုန်ကို ၁၁-၁၁-၂၀၁၃ ရက်နေ့မှာ မြေ ၃၄၆.၅၃၂ ဧကအပေါ်မှာ အကောင်အထည်ဖော်တည်ဆောက်ခဲ့ပြီး အကွက်ပေါင်း ၁၀၀ ရှိကာ ချထားရန်မြေကွက် ၄၈ ကွက်ရှိကြောင်း သိရှိရပါတယ်။ လျှပ်စစ်ဓာတ်အားခွဲရုံနဲ့ အခြားအခြေခံအဆောက်အအုံတို့ကို တည်ဆောက်ထားပြီးဖြစ်ပါတယ်။ ချထားပြီးမြေကွက်များအတွင်း အမှန်တကယ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အနည်းငယ်သာရှိပါတယ်။ နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စက်ချုပ်သင်တန်းအပါအဝင် အခြားအသက်မွေးဝမ်းကျောင်းသင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချပေးလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းများကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ မေးမြန်းအပ်ပါတယ်။ (က) ဒက္ခိဏသီရိ အသေးစားနှင့် အလတ်စားစက်မှုဇုန်အတွင်း ဖော်ထုတ်ပြီးမြေနေရာများ အကျိုးရှိထိရောက်စွာအသုံးချနိုင်ရေးအတွက် မည်ကဲ့သို့ဆောင်ရွက်ထားပါသနည်း။ (ခ) စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များ မည်ကဲ့သို့ရေးဆွဲထားပါနည်း။ (ဂ) အလုပ်အကိုင်အခွင့်အလမ်းများ များစွာဖန်တီးပေးသော အထည်ချုပ်လုပ်ငန်းရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ စသည်တို့ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ နေပြည်တော်ကောင်စီက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်ထွဋ်(အဖွဲ့ဝင်၊ နေပြည်တော်ကောင်စီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များ မင်္ဂလာပါ။ ကျွန်တော်ကတော့ နေပြည်တော်ကောင်စီဝင် ဦးတင်ထွဋ် ဖြစ်ပါတယ်။ ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ထွန်းရဲ့ မေးခွန်းနှင့်ပတ်သက်လို့ ဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းမှာ ဒက္ခိဏသီရိအသေးစား၊ အလတ်စားစက်မှုဇုန်ကို ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးနှင့် ရန်ကုန်-မန္တလေးလမ်းဟောင်းကြားမှာ လယ်ဝေးဘူတာနှင့် နေပြည်တော်လေယာဉ်ကွင်းများသို့ သွားလာလွယ်ကူနိုင်တဲ့မြေဧရိယာ ၃၄၆.၅၃၂ ဧကပေါ်မှာ မြေဧကကွက်ပေါင်း ၁၀၀ ကွက်ကို ၂၀၁၃ ခုနှစ်က ဖော်ထုတ်ခဲ့ပါတယ်။ ကနဦးဖော်ထုတ်စဉ်တုန်းကတော့ ကျောက်မျက်အလုပ်ရုံများဖော်ထုတ်ဖို့ ဆောင်ရွက်တာသတ်မှတ်ပေမဲ့ မြန်မာစည်သူကျောက်မျက်ကုမ္ပဏီကို ၂.၅ ဧက အကွက် ၁၀ ကွက်သာ ရောင်းချနိုင်ခဲ့ပြီး ကျန်မြေကွက်တွေကို ရောင်းချနိုင်ခြင်းမရှိခဲ့ပါဘူး။ ဒါကြောင့်မို့လို့ ကျန်မြေဧရိယာတွေကို ကျူးကျော်မှု၊ ဝင်ရောက်မှုမရှိစေဖို့အတွက် နေပြည်တော်အတွင်းမှာ စက်မှုလုပ်ငန်းဖွံ့ဖြိုး

တိုးတက်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်ရည်ရွယ်ပြီးတော့ ဒက္ခိဏသီရိ အသေးစားနှင့် အလတ်စားစက်မှုဇုန်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါဖော်ထုတ်ရရှိတဲ့ မြေကွက် ၁၀၀ ကနေပြီးတော့ မြေကွက် ၅၆ ကွက် အထူးသဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး ဓာတ်အားခွဲရုံအပါအဝင် အားလုံးကို ရောင်းချခဲ့ပြီးတော့ ၄၄ ကွက်ရောင်းချရန် ကျန်ရှိနေပါတယ်။ အဲဒီမှာ ရောင်းချပြီးမြေကွက် ၅၆ ကွက်မှာဆိုလို့ရှိရင် မြန်မာစည်သူကျောက်မျက်ကုမ္ပဏီအပါအဝင် သိုလှောင်ရုံနှင့် အချောထည်လုပ်ငန်း ၂၆ ကွက်၊ ဓာတ်အားခွဲရုံအတွက် တစ်ကွက်၊ နောက် မြေထိုး မြေဖော်စက်ကြီးများ၊ ယန္တရားများပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းဆိုပြီးတော့ နှစ်ကွက် စုစုပေါင်း ၂၉ ကွက်ဟာဖြင့်ရင် စက်မှုလုပ်ငန်းနှင့်အကျုံးဝင်မှုမရှိသော်လည်းပဲ ပြန်ရောင်းချပြီးတဲ့မြေကွက်တွေမှာ တော့ ကျန်မြေကွက် ၂၇ ကွက်အတွက်သာ ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်ပြီးတော့ စက်မှုလုပ်ငန်းများ ဆောင်ရွက်ဖို့အတွက် စီစဉ်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး အတွက် Infrastructure လုပ်ငန်းတွေအနေနဲ့ လမ်းခုနှစ်လမ်းကို နှစ်လမ်းသွား ကွန်ကရစ်လမ်း ခင်းထားခြင်း လုပ်ထားပါတယ်။ ရေစီးရေလာကောင်းမွန်အောင် ကွန်ကရစ်ရေမြောင်း ပေပေါင်း ၃၃၀၃၀ နှင့် ကျောက်စီရေမြောင်း ၇၉၈၅ ပေ ကျွန်တော်တို့ ပြုလုပ်ပြီးဖြစ်ပါတယ်။ ပင်မရေစွန့်ပစ်ဖို့ အတွက်ကိုလည်း အနီးဆုံး ပတ္တာချောင်းထဲကို ဆက်သွယ်ပြီးတော့ စွန့်ပစ်ဖို့အတွက် ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအနေနဲ့ကတော့ 33/11 KV ဓာတ်အားခွဲရုံ သီးခြား ဆောက်ပြီးတော့ ဓာတ်အားကို ပြည့်ဝစွာဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။ ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ ကတော့ တယ်လီဖုန်းလိုင်းများ၊ ကေဘယ်လ် TV များ၊ ADSL အင်တာနက်လိုင်းများနှင့် CATV လိုင်းတွေလည်း တပ်ဆင်ပြီးဖြစ်ပါတယ်။ ဒါ့အပြင် အခု ဒီဘက် နေပြည်တော်အသေးစားနှင့် အလတ်စားစက်မှုဇုန်ကြီးကြပ်ရေးကော်မတီအသစ်ကိုလည်း ဖွဲ့စည်းပြီးတော့ သက်ဆိုင်ရာဘဏ္ဍာရေး ဆပ်ကော်မတီ၊ မြေယာချထားရေးဆပ်ကော်မတီ၊ လုပ်ငန်းကြီးကြပ်ရေးဆပ်ကော်မတီဆိုပြီးတော့ အသီးသီးဖွဲ့ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ စက်မှုဇုန်မှာရှိတဲ့ ဖော်ထုတ်ပြီးမြေတွေကို အကျိုးရှိ ထိရောက်စွာအသုံးပြုဖို့အတွက် လက်ဝယ်ရှိတဲ့ မြေဝယ်ထားတဲ့လုပ်ငန်းရှင်တွေကိုလည်း ကျွန်တော်တို့ ရှေ့ဆက်လက်မယ့် လုပ်ငန်းအစီအစဉ်တွေကို၊ လက်တွေ့ရှိနေတဲ့အခက်အခဲတွေ ဘာတွေရှိလဲဆိုတာ ကို ကျွန်တော်တို့ ခေါ်ယူပြီးတော့ အကြံပြုချက်တွေတောင်းခံပြီးတော့ အစည်းအဝေးတွေလုပ်နေပါ တယ်။ ပုံမှန်အစည်းအဝေးလုပ်ပြီးတော့မှ သူတို့ရဲ့ တွန်းအားပေးလျက်ရှိပါတယ်။

ဒါ့အပြင် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းရဖို့အတွက် စက်မှုဇုန် ကြီးကြပ်ရေးကော်မတီအနေနဲ့ Green City စီမံချက်ကိုလည်း မထိခိုက်စေဘဲနဲ့ စောစောက လွှတ်တော်ကိုယ်စားလှယ်ကြီး မေးခွန်းထဲမှာပါသွားသလို သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိတဲ့ စက်မှု လုပ်ငန်းများကို စိစစ်ခွင့်ပြုတဲ့နေရာမှာ အလုပ်အကိုင်အခွင့်အလမ်းများစွာရှိနေတဲ့ အထည်ချုပ် လုပ်ငန်းတွေအပြင် အခြား အီလက်ထရောနစ်ပစ္စည်းလုပ်ငန်းတွေ၊ တခြား အဆင့်မြင့် သစ်အချော

ထည်လုပ်ငန်းတွေ စတဲ့ လုပ်ငန်းတွေကိုလျှောက်ထားလာလို့ရှိရင် ဦးစားပေးအကောင်အထည်ဖော်ပေးဖို့အတွက် လုပ်ဆောင်လျက်ရှိပါကြောင်းနှင့် လက်ရှိအနေအထားမှာ လုပ်ငန်းရှင်ကိုးယောက်ရဲ့ လျှောက်လွှာနဲ့ အဆိုပြုလွှာတွေကို ကျွန်တော်တို့ ကော်မတီအနေနဲ့ လက်ခံစိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥတ္တရသီရိမြို့နယ်အတွင်း လမ်းမီးခွန်နှင့် သန့်ရှင်းရေးခွန်များပါဝင်သော ပစ္စည်းခွန်များကောက်ခံရာတွင် ပိုင်ရှင်များရှိနေပြီး အဆောက်အဦမရှိသော၊ အဆောက်အဦရှိနေပြီး လူမနေသော၊ အဆောက်အဦဆောက်လက်စ ရပ်ထားသောမြေကွက်များကို အခွန်ပေးဆောင်နေရသော ပြည်သူများနှင့်မျှတမှုရှိစေရေး၊ ပြည်သူ့ဘဏ္ဍာများ မှန်မှန်ကန်ကန်ရရှိစေရေးတို့အတွက် မည်ကဲ့သို့စည်းကြပ်ကောက်ခံနေပြီး မီးဘေးနှင့်မသမာသူများ ခိုအောင်းနိုင်သောကြောင့် လုံခြုံရေးကိစ္စအတွက် မည်ကဲ့သို့စီမံခန့်ခွဲနေသည်ကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးကျော်မင်းလှိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်မင်းလှိုင်(ဥတ္တရသီရိမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးကိုမင်္ဂလာလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ဥတ္တရသီရိမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းလှိုင် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥတ္တရသီရိမြို့နယ်ဟာ ၂၀၀၉ ခုနှစ်လောက်မှ နေပြည်တော်နယ်နိမိတ်အတွင်း မြို့သစ်တစ်ခုဖြစ်လာပြီး ရပ်ကွက်ကြီးနှစ်ခုနဲ့ ကျေးရွာအုပ်စုရှစ်ခု ဖွဲ့စည်းခဲ့ပါတယ်။ ရပ်ကွက်နှစ်ခုအနက်မှ ဥတ္တရသီရိရပ်ကွက်ဟာ ဒေသခံကျေးရွာသုံးရွာကို ၄၀၊ ၆၀ မြေကွက်များပေး၍ ပြန်လည်ချထားပေးပြီး ဒက္ခိဏသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်တို့မှာလို အဆင့်မြင့်အိမ်ရာကွက်များဖော်ထုတ်ပြီး ကုမ္ပဏီများနှင့် ပုဂ္ဂလိကတစ်ဦးချင်းစီသို့ ဘလောက်လိုက်ဖြစ်စေ၊ အကွက်လိုက်ဖြစ်စေ စည်းကမ်းချက်များနှင့်အညီရောင်းချပြီး မြို့ကွက်သစ်ဖော်ထုတ်ခဲ့တာဖြစ်ပါတယ်။ နေပြည်တော်နယ်နိမိတ်ဖြစ်သည်နှင့်အညီ မြို့ပြနဲ့ညီညွတ်အောင် ဆောင်ရွက်ပေးရသည့်အပြင် လမ်းမီးများထွန်းပေးခြင်း၊ အမှိုက်များသိမ်းပေးခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများစတဲ့ ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးရပါတယ်။ စည်ပင်သာယာရေးကော်မတီ ဥပဒေပုဒ်မ ၁၀(ဂ)အရ ဝန်ဆောင်မှုအခွန်များဖြစ်တဲ့ လမ်းမီးခွန်၊ သန့်ရှင်းရေးခွန် အစရှိတဲ့အခွန်များကို ကောက်ခံခြင်းကိုလည်း ဆောင်ရွက်ရပါတယ်။ ဝန်ဆောင်မှုအခွန်ကောက်ခံတဲ့နေရာမှာ ပြည်သူတချို့မှ တင်ပြလာပါတယ်။ အဆင့်မြင့်အိမ်ရာကွက်အတွင်းမှာရှိတဲ့ အိမ်အများစုကို ကောက်ခံမှုမရှိဘူးလို့ တင်ပြထားပါတယ်။ အဲဒါနဲ့ တာဝန်ရှိတဲ့သူတွေကို မေးမြန်းတဲ့နေရာမှာ လူမနေသေးတဲ့အတွက် ကောက်ခံမှုမရှိဘူးလို့ ဖြေကြားလာပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေသခံတွေကိုချပေးခဲ့တဲ့ ၄၀၊ ၆၀၊ ၇၀၀ ပတ်ဝန်းကျင်နဲ့ အဆင့်မြင့်အိမ်ရာကွက် ၆၀၀၀ ကျော် စုစုပေါင်း ၇၀၀၀ ကျော်လောက်ရှိတယ်လို့ လေ့လာတွေ့ရှိရပါတယ်။ Power Point သုံးခွင့်ပြုပါခင်ဗျား။ ဒါကတော့ ဥတ္တရသီရိရက်ကွက်မြေပုံ ဖြစ်ပါတယ်။ ဒါကတော့ ဒေသခံတွေကို ပြန်လည်ချထားပေးတဲ့ ၄၀၊ ၆၀ ရှိပါတယ်။ ဒီဝန်ဆောင်မှုအခွန်ကောက်တဲ့နေရာ

မှာတော့ အိမ်တွေမှာ တစ်ယောက်မဟုတ်တစ်ယောက် အမြဲတမ်းရှိနေတဲ့အတွက် ကောက်ခံရတာ လွယ်ကူတော့။ အမြဲတမ်းပေးဆောင်ကြပါတယ်။ ဒီလိုမျိုးအိမ်တွေကတော့ အမြဲတမ်းလည်း တံခါးတွေ ပိတ်ထားတယ်။ အခွန်ကောက်ခံတဲ့အချိန်မှာလည်းပဲ လူမတွေ့တဲ့အတွက် ကောက်ခံမှုမရှိဘူးလို့ လေ့လာတွေ့ရှိရပါတယ်။ ဒါကို မေးတဲ့အချိန်မှာလည်းပဲ လူမနေတဲ့အတွက် မကောက်ခံဘူးလို့ ဖြေထားတာတော့ ရှိပါတယ်။ တကယ်တော့ ဒါအမြဲတမ်းလူမနေတာ မဟုတ်ပါဘူး။ တခြားနေရာတွေ မှာလည်းရှိနေတဲ့အတွက် သူတို့အတွက်အခါအားလျော်စွာ လာနေမှုလည်းရှိပါတယ်။ ရှိတဲ့အတွက် လမ်းမီးနဲ့သန့်ရှင်းရေးဝန်ဆောင်မှုတွေကို အများနည်းတူပေးထားရပါတယ်။ တံခါးတွေပိတ်ထားတာနဲ့ လူမတွေ့လို့မကောက်ဘူးဆိုရင် မျှတမှုလည်းမရှိပါဘူး။ လူမနေလို့ ဒီစာရင်းမှာမပါဘူးဆိုရင် နှစ်စဉ်ဝန်ဆောင်မှုအခွန် လျာထားတဲ့နေရာမှာလည်း အမြဲတမ်းလျော့နေမှာဖြစ်ပါတယ်။ သက်ဆိုင်ရာ အခွန်ဌာနနဲ့ မြေကွက်ချပေးတဲ့ မြေယာဌာနနဲ့ ညှိနှိုင်းပြီးတော့မှ ပိုင်ရှင်တွေကို ဖော်ထုတ်ပြီးတော့မှ စနစ်တကျစည်းကြပ်မယ်ဆိုရင် ဝန်ဆောင်မှုအခွန်လည်း တိုးလာနိုင်ပါတယ်။ ဝန်ဆောင်မှုတိုးလာတဲ့ အပြင်ကို နှစ်စဉ်ဝန်ဆောင်မှုတွေလည်း ပိုပြီးတော့ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဒါတွေကတော့ ကျွန်တော်တို့ နေပြည်တော်စီမံကိန်းအိမ်ရာစတဲ့အချိန်မှာ ၂၀၀၉ ခုနှစ်လောက်တည်းက စတင်ခဲ့တာ ပါ။ အိမ်ရာချထားတဲ့စည်းကမ်းချက်အတိုင်း ဆောင်ရွက်ဖို့ ချပေးခဲ့တာဖြစ်ပါတယ်။ မြေရာချထားပေး တဲ့ စည်းကမ်းချက် ၁၀ ချက်မှာတောင်မှပဲ နံပါတ် ၄ အချက်မှာဆိုရင် သုံးလအတွင်း စတင်ဆောက်ရ မယ်။ တစ်နှစ်အတွင်း အပြီးဆောက်ရမယ်လို့ ပါရှိထားပါတယ်။ ဒီနေ့အထိ ဒီပုံစံအတိုင်းပဲ ရှိနေတာပါ။ ဒါတွေကိုလည်း စနစ်တကျဆောင်ရွက်ပြီးတော့မှ ညှိနှိုင်းသေချာဆောင်ရွက်မယ်ဆိုရင် မြို့ပြသာယာ လှပမှုနဲ့ ဝန်ဆောင်မှုတွေဆောင်ရွက်ပေးနိုင်ဖို့ ဝန်ဆောင်မှုအခွန်တွေလည်း တိုးပွားအောင်ဆောင်ရွက် နိုင်မှာဖြစ်ပါတယ်။ စည်းကမ်းချက်အတိုင်း သက်ဆိုင်ရာဌာနကနေ ဆောင်ရွက်ဖို့လိုပါတယ်။

ဒါတွေလည်းပဲ ချပေးစဉ်အခါက ဘလောက်လိုက်ဖြစ်စေ၊ အလုံးချင်းလိုက်ဖြစ်စေ တချို့ဆိုရင် တစ်ဘလောက်လိုက်ယူထားပြီးတော့ ပုံစံတူတွေဆောက်ထားတာပါ။ အခုထိ မပြီးပြတ်သေးဘဲနဲ့ ဒီတိုင်းပဲရှိနေပါတယ်။ တချို့ကို လူမနေဘူးလို့ပြောပါတယ်။ တစ်ခါတလေလည်းပဲ အထဲမှာ ပိုင်ရှင်မသိဘဲနဲ့ တခြားလူတွေဝင်ရောက်နေထိုင်တာမျိုးတွေလည်း ရှိနေတယ်လို့ လုံခြုံရေးအရ ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။ ဒီအိမ်မျိုးတွေဆိုရင် ဆောက်ပြီး ဒီတိုင်းပစ်ထားခဲ့တဲ့ အိမ်တွေပါ။ အထဲမှာ အမှိုက်တွေနဲ့ သစ်ပင်ခြုံနွယ်တွေ ထူထပ်နေပြီးမှ တခြားလူတွေလည်းပဲ ဝင်နေလို့နေမှန်းမသိအောင် ဒါဖြစ်နေတဲ့အခြေအနေပါ။ ဒါတွေကိုလည်းပဲ သေချာစနစ်တကျ ဖြေရှင်းဆောင်ရွက်ပေးဖို့ လိုအပ်နေပါတယ်။ ဒီလိုမျိုး မြို့ပြအတွင်းမှာရှိတဲ့ အိမ်ရာတွေကို စည်းကမ်းချက်နဲ့အညီ ဆောင်ရွက်မယ်ဆိုရင် ကျွန်တော်တို့ မြို့ပြလည်းသာယာလှပလာမယ်။ တခြားဆောင်ရွက်စရာရှိတဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေကိုလည်း စနစ်တကျဆောင်ရွက်ပေးနိုင်မှာဖြစ်တဲ့ အတွက် ဥတ္တရသီရိမြို့နယ်အတွင်းမှာရှိနေတဲ့ အဆောက်အဦနဲ့ဆိုင်တဲ့ ပစ္စည်းအခွန်များကောက်ခံရာ တွင် အဆောက်အဦမရှိသော၊ အဆောက်အဦများရှိနေပြီး လူမနေသော၊ ဆောက်လက်စရပ်ထားသော အိမ်များ၊ နောက် ဝန်ဆောင်မှုအခွန်များကို ပေးဆောင်နေရတဲ့ ပြည်သူများနဲ့ မျှတမှုရှိစေပြီးတော့ ပြည်သူ့ဘဏ္ဍာမှန်ကန်စွာရရှိစေရေးကို ဝန်ဆောင်မှုအခွန် မည်ကဲ့သို့စည်းကြပ်ကောက်ခံနေပြီး

မီးဘေးနှင့် မသမာသူများခိုအောင်းနိုင်သောကြောင့် လုံခြုံရေးအတွက် မည်ကဲ့သို့စီမံခန့်ခွဲနေသည်ကို ပြည်သူ့။

**ဥက္ကဋ္ဌ**။ ။ နေပြည်တော်ကောင်စီက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်ထွဋ်(ကောင်စီဝင်၊ နေပြည်တော်ကောင်စီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ဥတ္တရသီရိမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းလှိုင်ရဲ့မေးခွန်းကို နေပြည်တော်စည်ပင်သာယာရေးကော်မတီကိုယ်စား ကျွန်တော်တင်ပြပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး လမ်းညွှန်ပြသွားတဲ့ဟာတွေက အကုန်လုံးမှန်ကန်ကြောင်း ကျွန်တော်တွေ့ရပါတယ်။ နေပြည်တော်စည်ပင်သာယာရေးကော်မတီအနေနဲ့ကတော့ ဥတ္တရသီရိမြို့နယ်အတွင်းမှာ လူနေထိုင်လျက်ရှိတဲ့ အဆောက်အဦများအတွက် ပစ္စည်းခွန်ကြီးကြပ်ငွေအားလုံး ၁၉၇၉၁၆၀၀ ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်းမှာ လျာထားခဲ့ပြီးတော့ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်အထိကို ၉၀.၃၂ ရာခိုင်နှုန်း ကောက်ခံခဲ့ကြောင်း တင်ပြချက်အရ သိရှိရပါတယ်။ ပစ္စည်းခွန်ကြီးကြပ်ရာမှာ လုပ်ထုံးလုပ်နည်းအရ မြေကွက်ပေါ်မှာ အခြေခံခြင်းမပြုဘဲ အဆောက်အဦအမျိုးအစား၊ အတိုင်းအတာနှင့် တည်နေရာပေါ်မှာအခြေခံပြီးတော့ အထွေထွေခွန်၊ လမ်းမီးခွန်၊ အမှိုက်နဲ့အညစ်အကြေးခွန်စသဖြင့် ကောက်ခံခဲ့ပါတယ်။ လုပ်ထုံးလုပ်နည်းအရ အဆောက်အဦပေါ်သာအခြေခံပြီး ပစ္စည်းခွန်တွက်ချက်တဲ့နေရာမှာ ပိုင်ရှင်ရှိပြီး အဆောက်အဦဆောက်လုပ်ထားခြင်းမရှိတဲ့ မြေကွက်များကို ပစ္စည်းခွန်ကောက်ခံထားခြင်းမတွေ့ရပါဘူး။ ဒါကိုလည်းပဲ ရှင်းလင်းတင်ပြအပ်ပါတယ်။ မေးခွန်းမှာပါရှိတဲ့ လမ်းမီးခွန်နှင့် သန့်ရှင်းရေးခွန်ကတော့ ပစ္စည်းခွန်ကောက်ခံခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းအပိုဒ် ၁ အပိုဒ်ခွဲ(ဍ)အရ ဝန်ဆောင်ခွန်အဖြစ် သတ်မှတ်ထားရှိကောက်ခံခြင်းဖြစ်ပါတယ်။ ဝန်ဆောင်ခွန်ဆိုတဲ့နေရာမှာ နေပြည်တော်စည်ပင် သာယာရေးကော်မတီက စည်ပင်သာယာရေးနယ်နိမိတ်အတွင်း နေထိုင်တဲ့ပြည်သူများအား လမ်းမီးထွန်းညှိပေးခြင်း၊ အမှိုက်သိမ်းဆည်းပေးခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်းစတဲ့ ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးတဲ့အတွက် နေထိုင်သူများကိုသာ စည်းကြပ်ကောက်ခံတဲ့အတွက်ကြောင့်မို့လို့ လူနေထိုင်ခြင်းမရှိတဲ့ အဆောက်အဦများ၊ ဆောက်လုပ်ဆဲအဆောက်အဦများမှာ ဝန်ဆောင်ခွန်ကို စည်းကြပ်ကောက်ခံခြင်းမရှိပါဘူး။ အဲဒီတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး အကြံပြုထားတဲ့အတိုင်းပဲ နေပြည်တော်စည်ပင်သာယာရေးကော်မတီအခွန်ဌာနနဲ့ မြေရာစီမံခန့်ခွဲရေးဌာနကို လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျစီမံချက်ရေးဆွဲပြီးတော့ လုပ်ဖို့အတွက်၊ ကြပ်မတ်ဖို့အတွက် ကျွန်တော်တို့ဆက်လက်ပြီးလမ်းညွှန်ပေးပါမယ်။ ပြီးလို့ရှိရင် ကျွန်တော်တို့ စည်ပင်သာယာရေးကော်မတီက သက်ဆိုင်ရာတာဝန်ရှိဌာနမှူးများ၊ ကော်မတီဝင်များကနေတစ်ဆင့် စောစောက လွှတ်တော်ကိုယ်စားလှယ်ကြီးထောက်ပြတဲ့အချက်တွေကို အသေးစိတ်စီမံချက်ဆွဲပြီး ကျွန်တော်ပြန်ပြီးတော့ ရှင်းလင်းတင်ပြပေးမယ်လို့ ဖြေကြားအပ်ပါတယ်။ ဆက်လက်ပြီးတော့ လုံခြုံရေးနဲ့ပတ်သက်လို့ကတော့ မီးဘေးလုံခြုံရေးနှင့် မသမာသူများမပေါ်ပေါက်ရေးအတွက်ကတော့ သက်ဆိုင်ရာ မြန်မာရဲတပ်ဖွဲ့၊ မြို့နယ်

ရဲတပ်ဖွဲ့နဲ့ပူးပေါင်းပြီးတော့ လှည့်ကင်း၊ ပတ်ကင်းများနဲ့ ဆောင်ရွက်လျက်ရှိပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ကျွန်တော်ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းဖြေကြားပြီးတဲ့ နေပြည်တော်ကောင်စီဝင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ရန်မနိုင်တိုက်နယ်ဆေးရုံတွင် စံကိုက်ဆေးရုံ အဆောက်အဦအား မည်သည့်အချိန်တွင် စတင်ဆောက်လုပ်ပြီး လူနာကုသခြင်းများ ဆောင်ရွက်နိုင်မည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးမိုးသူ(မြောင်းမြမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မြောင်းမြမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးမိုးသူဖြစ်ပြီးတော့ မြောင်းမြမြို့နယ်၊ ရန်မနိုင်တိုက်နယ်ဆေးရုံနှင့်ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြောင်းမြမြို့နယ်၊ ရန်မနိုင်ကျေးလက်ကျန်းမာရေးဌာနဟာဆိုရင် အရှေ့ဘက်မှာ ဝါးခယ်မမြို့နယ်မှ ဗိတ်သလေးကျန်းမာရေးဌာန၊ အနောက်ဘက်မှာ ကွမ်းခြံကြီးကျေးလက်ကျန်းမာရေးဌာန(ခွဲ)၊ တောင်ဘက်မှာ ချောင်းကွဲကြီးကျေးလက်ကျန်းမာရေးဌာန၊ မြောက်ဘက်မှာဝါးခယ်မမြို့နယ်မှ ကျုံတိုင်ကျေးလက်ကျန်းမာရေးဌာနတို့ တည်ရှိပါတယ်။ ရန်မနိုင်ဒေသရဲ့လူမှုစီးပွားရေးဆိုင်ရာအခြေခံ အချက်အလက်တွေကိုကြည့်မယ်ဆိုရင် နယ်မြေရဲစခန်းရှိပြီးတော့ လုံခြုံရေးကောင်းမွန်တာကို တွေ့ရမှာဖြစ်ပါတယ်။ ဒေသခံတွေဟာ ငါးဖမ်းလုပ်ငန်း၊ လယ်လုပ်ငန်း၊ ဓနိလုပ်ငန်း၊ ဘဲမွေးမြူရေးလုပ်ငန်းနဲ့ ဥယျာဉ်ခြံလုပ်ငန်းတွေကို လုပ်ကိုင်လျက်ရှိပါတယ်။ အ.ထ.ကတစ်ကျောင်း၊ အ.ထ.က(ခွဲ)တစ်ကျောင်း၊ အ.လ.က ၁၀ ကျောင်းနှင့် အ.မ.က ၄၂ ကျောင်းရှိပြီးတော့ ဘုန်းတော်ကြီးကျောင်း ၅၂ ကျောင်းရှိတာ ကိုလည်းတွေ့ရမှာဖြစ်ပါတယ်။ အနီးစပ်ဆုံးဆေးရုံကျေးလက်ကျန်းမာရေးဌာနနဲ့အကွာအဝေးအရ ကြည့်မယ်ဆိုလို့ရှိရင် မြောင်းမြမြို့နယ်နှင့် ရေမိုင် ၂၈ မိုင်ကွာဝေးပြီးတော့ ရေလမ်းခရီးအားဖြင့် ၅ နာရီကျော်ကွာဝေးတာကို တွေ့ရမှာဖြစ်ပါတယ်။ ရေးမြစ်၊ ကျိုက်မရောမြစ်နှင့် ချောင်းများအတွင်းမှာ သွားလာပြီးတော့ မိုးတွင်းကာလ ရေစီးသန်ခြင်း၊ လှိုင်းထန်ခြင်းနှင့် မြစ်ပြင်ကျယ်ခြင်းတို့ကြောင့် သွားလာရအလွန်ခက်ခဲတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ပြင်ရွာတိုက်နယ်ဆေးရုံနဲ့လည်း ရေမိုင် ၁၂ မိုင်ကွာဝေးတာကိုတွေ့ရမှာဖြစ်ပါတယ်။ ရန်မနိုင်တိုက်နယ်ဆေးရုံဆောက်လုပ်ဖို့အတွက်ကို မြေ ၄.၂၅ ဧကသတ်မှတ်ပြီးဖြစ်ပြီးတော့ ကုသရေးဦးစီးဌာနရဲ့ ၁-၁-၂၀၁၆ ရက်စွဲပါစာအမှတ် (ကမဘ/(ဃ)၁၄၈၆/၃၉၆)ဖြင့်လည်း ရန်မနိုင်ကျေးရွာမှာ ၁၆ ခုတင်ဆံ့တိုက်နယ်ဆေးရုံအသစ်ကို တိုးချဲ့ဖွင့်လှစ်ခွင့်ရရှိပြီးဖြစ်ပါတယ်။ ဒါပေမဲ့ ယခုအချိန်ထိ နှစ်နှစ်ကျော်အထိကို ဆေးရုံအဆောက်အဦရရှိခြင်း မရှိသေးပါခင်ဗျား။ ကျေးလက်ကျန်းမာရေးဌာနထက် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)တွေဟာ အဆောက်အဦမရှိပေမဲ့ ကျန်းမာရေးဝန်ဆောင်မှုများပေးနိုင်ပေမဲ့လည်း တိုက်နယ်ဆေးရုံအနေနဲ့ ဆေးရုံအဆောက်အဦမရှိပါက ကျန်းမာရေးဝန်ဆောင်မှု မည်သို့မှပေးနိုင်မည်မဟုတ်ပါခင်ဗျား။

သို့ဖြစ်ပါ၍ တိုက်နယ်ဆေးရုံအဖြစ် ဖွင့်လှစ်ခွင့်ရပါက ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မယ့်ဧရိယာအကျယ်အဝန်း ၈၃ စတုရန်းမိုင်ရှိပြီးတော့ မြောင်းမြမြို့နယ်မှ ကျေးရွာအုပ်စု ၂၅ စု၊ လူဦးရေ ၄၀၀၀၀ ကျော်၊ ဝါးခယ်မမြို့နယ်မှ ကျေးရွာအုပ်စု ၁၇ စု၊ လူဦးရေ ၂၆၀၀၀ ကျော် စုစုပေါင်း လူဦးရေ ၆၆၀၀၀ ကျော် ကျေးရွာအုပ်စု ၄၂ စု ကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်တာဖြစ်ပါတယ်။ သို့ဖြစ်ပါသောကြောင့် ၁-၁-၂၀၁၆ မှစတင်၍ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံအသစ် တိုးချဲ့ဖွင့်လှစ်ခွင့်ရခဲ့တဲ့ မြောင်းမြမြို့နယ်၊ ရန်မနိုင်ကျေးရွာရှိ ရန်မနိုင်တိုက်နယ်ဆေးရုံမှာ စံကိုက်ဆေးရုံအဆောက်အဦကို မည်သည့်အချိန်တွင် စတင်ဆောက်လုပ်မည်နှင့် မည်သည့်နှစ်အတွင်း အပြီးတည်ဆောက်ကာ လူနာကုသခြင်းများကို စတင်နိုင်မည်ကို သိရှိလိုပါသောကြောင့် မဲဆန္ဒရှင်များကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးဖြစ်ပါတယ်။ ဒီမေးခွန်းဟာ အရေးကြီးတဲ့အတွက် တစ်မိနစ်၊ နှစ်မိနစ်ခန့်တော့ ပိုကြာနိုင်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးမိုးသူရဲ့မေးခွန်းဖြစ်တဲ့ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ် ရန်မနိုင်တိုက်နယ်ဆေးရုံဖွဲ့စည်းခွင့်ကို ၁-၁-၂၀၁၆ ခုနှစ်က ရရှိပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ၃-၁၂-၂၀၁၅ စာဖြင့် သတ်မှတ်ဝန်ထမ်းအင်အားဖြင့် အသစ်တိုးချဲ့ခွင့်ရခဲ့ပါတယ်။ ဒါပေမဲ့ ဒီနေရာမှာ ကျွန်တော် တစ်ခုပြောချင်တာက ဆေးရုံအသစ်ဆောက်တာပဲဖြစ်ဖြစ်၊ ခုတင်တိုးတာပဲဖြစ်ဖြစ် အချက်တွေရှိပါတယ်။ အကြမ်းအားဖြင့်အချက်ကတော့ နှစ်အလိုက် ဘဏ္ဍာငွေချထားမှုအပေါ်မှာ ရရှိမှုမှာကျွန်တော်တို့က လုပ်ရပါတယ်။ နောက်တစ်ချက်က အခြေအနေ၊ အချိန်အခါအရ အထူးလိုအပ်ချက်ရှိပါက သတ်မှတ်ထားသော Criteria ထက်လျော့ပြီးစဉ်းစားပါတယ်။ မူလဖွဲ့စည်းပုံမှာရှိလား/မရှိလားဆိုတာကြည့်ရပါတယ်။ နောက်တစ်ခုက ဆေးရုံ၊ ဆေးပေးခန်းတည်ဆောက်မယ့်မြေနေရာဟာ လုံလောက်မှုရှိသလား၊ တည်ဆောက်သင့်တဲ့နေရာဖြစ်သလား၊ မဖြစ်သလား သိရပါတယ်။ ဆေးရုံ၊ ဆေးပေးခန်းမှာလည်း တည်ဆောက်ပေးမယ်ဆိုလို့ရှိရင် ကုသရေးလုပ်ငန်းများကို အထောက်အကူပြုနိုင်တဲ့ပတ်ဝန်း ကျင်အခြေအနေရှိရဲ့လားဆိုတာ ရေ၊ မီးကအစအားလုံးလုပ်ရပါတယ်။ နောက်တစ်ချက်က ပေးမယ်ဆိုတော့လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြန်ပြီးတော့ တန်းစီရပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုချင်းမှာလည်း တစ်ခုချင်းမှာရှိတဲ့မြို့နယ်၊ ခရိုင်ကစ ပြန်ပြီးတန်းစီဦးစားပေးစနစ်နဲ့ ပြန်လုပ်ရပါတယ်။ ဒါတွေကို အကုန်လုံးလုပ်ပြီးမှ ပြန်ပြီးပေးပါတယ်။ ဆိုလိုတာက ကျွန်တော် ဒီနေရာမှာဖြေလိုက်တဲ့အခါမှာ ပေးမယ်လို့ဆိုတော့လည်း အခြေအနေ၊ အချိန်အခါအရ ပေးကိုပေးသင့်တယ်။ သို့သော်ပေးမယ်လို့ပြောပြီးတဲ့နောက်ပိုင်းမှာ အချက်(၈)ချက်ရှိပါတယ်။

ဒီအချက်(၈)ချက်ရှိမှ ကျွန်တော်တို့ကရပါတယ်။ အချက်(၈)ချက်ကဘာလည်းဆိုတော့ ပထမဆုံး ကျွန်တော်တို့အနေနဲ့က လုပ်တာကတော့တောင်းရင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က တောင်းမယ်။ နိုင်ငံတော်အကြီးအကဲကနေ လုပ်ခိုင်းတာရှိမယ်။ လုပ်ပြီးရင် ကျွန်တော် ဘယ်ကိုသွားလဲဆိုတော့ အဆောက်အဦနှင့်မြေနေရာအတွက် မြေလုံလောက်မှုရှိ/မရှိ၊ အဆောက်အဦ ထပ်မံလျော်ကြေးရှိမှုကို တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရဆီတောင်းရပါတယ်။ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရကလုပ်ပါဆိုလို့ရှိရင် စီမံကိန်းနှင့်ဖွံ့ဖြိုးပုံစိစစ်ရေးအဖွဲ့ကို သွားရပါတယ်။ သူတို့က လုပ်ပါပြောလို့ရှိရင် ကျွန်တော်တို့က စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနပါ။ ဘဏ္ဍာရေးနှင့်လစာငွေလုံလောက်မှုရှိ/မရှိကို ပြန်တောင်းတဲ့အခါရပါတယ် ပြောလို့ရှိရင် ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ကကျလာလို့ရှိရင် Cabinet ကိုတင်ပါတယ်။ Cabinet ကကျလာပြီဆိုလို့ရှိရင် ကျွန်တော်တို့ကသက်ဆိုင်ရာ အမိန့် ကြော်ငြာစာထုတ်ရပါတယ်။ ဒီမှာအမိန့်၊ ကြော်ငြာစာထုတ်ပြီးပါပြီ။ သို့သော် ဒီမှာဘာသွားတွေ့လဲဆိုတဲ့ အခါကျတော့ ၁-၁-၂၀၁၆ ကရသော်ငြားလည်း ဒီတိုက်နယ်ဆေးရုံမြေနေရာကို ကျွန်တော်တို့က စစ်ရပါတယ်။ မြေနေရာ ကျွန်တော်တို့ပိုင်မှ ကျွန်တော်တို့ဆောက်ရပါတယ်။ မပိုင်ဘဲနဲ့ဆောက်လို့ရှိရင် ဆောက်ပြီးမှကျွန်တော်တို့ကို တရားစွဲတာတွေပြန်လုပ်တဲ့အခါမှာ တော်တော်ရှုပ်ပါတယ်။ အဲဒီတော့ ဒီမှာစိစစ်ရာမှာ ဒီမြေနေရာသည်လယ်မြေဖြစ်နေပါတယ်။ ဖွံ့ဖြိုးပုံခွင့်ပြုမိန့်ရရှိသောတိုက်နယ် ဆေးရုံများက ဘဏ္ဍာငွေခွင့်ပြုမိန့်ကျနှစ်အလိုက်လည်းပြန်လုပ်ရပါတယ်။ မြေနေရာက လယ်ယာမြေ ဖြစ်တဲ့အတွက် ဆောက်လို့မရပါဘူး။ အဲဒီတော့ ဒီလျာထားချက်လယ်ယာမြေဥပဒေပုဒ်မ ၃၀ပုဒ်မခွဲ(က)အရ အခြားနည်းအသုံးပြုခွင့်ရရှိရေးအတွက် သက်ဆိုင်ရာဌာနများနှင့် စီစဉ်ဆောင်ရွက်ရပါတယ်။ ဒီအချိန်မှာ ကျွန်တော်တို့က ဆောင်ရွက်တာ ခုချိန်ထိမရသေးပါဘူး။ မရသေးတဲ့အခါကျတော့ ကျွန်တော် ဆောက်လို့မရဘူးဖြစ်နေပါတယ်။ ဆောက်လို့မရတဲ့အခါကျတော့ အဲဒီပိုက်ဆံက အဲဒီ ၁၆ ခုတင် ဆောက်မရတော့ ပိုက်ဆံပြန်အပ်လိုက်ရပါတယ်။ ပိုက်ဆံပြန်အပ်လိုက်ပြီဆိုလို့ရှိရင်၊ နောက်ထပ်ပြန်တောင်းလို့ရှိရင် လာမယ့်နှစ်မှာမရပါဘူး။ မပေးဘူးခင်ဗျား။ နောက်တစ်နှစ်ကျော်မှပြန်ပြန်ပေးတယ်။ ပေးတဲ့အခါမှာ ကျွန်တော်တို့အနေနဲ့အခုဒီဟာကို လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ကလည်း မြေနေရာကိုဆောက်ခွင့်ရအောင်သက်ဆိုင်ရာတိုင်း၊ ဒီတိုင်းမှာကူညီပေးမယ်ဆိုရင်၊ မြေနေရာရမယ်ဆိုရင် ခုနက ၂၀၁၈ ခုနှစ်ဖွံ့ဖြိုးပုံခွင့်ပြုမိန့်မှာ ကျွန်တော့်ကိုထည့်ပေးပါတယ်။ ထည့်ပေးတာတောင် ကျွန်တော်က ဘာနဲ့တစ်ခါပြန်ထောက်ရလဲဆိုရင် အမျိုးသားကျန်းမာရေး စီမံကိန်းရှိပါတယ်။ ၂၀၁၇ ခုနှစ်နှင့် ၂၀၂၁ ခုနှစ်ဒီမှာဒါနဲ့ပဲပြန်ချိန်ထိုးပါတယ်။ ချိန်ထိုးတယ်ဆိုသော်ငြားလည်း ဒီဥစ္စာက Flushable ဖြစ်ပါတယ်။ လိုအပ်ချက်ရရင် ဒါကို Adjust လုပ်ပြီးတော့ပေးမှာပါ။ အဲဒါကြောင့် ကျွန်တော့်အနေနဲ့ တင်ပြချင်တာကတော့ မြေနေရာသာရမယ်ဆိုလို့ရှိရင်တော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ကာလမှာဆိုရင် ကျွန်တော်ဒါကိုပေးပါမယ်။ တစ်ချက်ကျွန်တော်တင်ပြချင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများ တောင်းတာတွေက အရမ်းများပါတယ်။ အမျိုးသားမှာလည်း တောင်းပါတယ်။ ပြည်သူ့မှာလည်း တောင်းပါတယ်။ ကျွန်တော်တို့ဆက်လုပ်ပါတယ်။ ဆက်လုပ်တဲ့အခါမှာ အခုဘာဖြစ်လည်းဆိုလို့ရှိရင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြထားသည့်ဖွံ့ဖြိုးပုံက ၈၃ ခုရှိပါတယ်။ ပြန်မကျသေးပါဘူး။ (၂) စီမံကိန်းနှင့်

ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့ကို ညှိနှိုင်းပြီးတော့ ဖွဲ့စည်းပုံတင်ထား တာ ၄၁ ခုရှိပါတယ်။ ၁၂၄ ခုက ကျွန်တော်တို့ဆီ ပြန်မကျသေးပါဘူး။ ပြန်မကျသေးတယ်ဆိုတာ ကျွန်တော်တို့တင်ထားတာ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့ကပါ။ ယခု ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလောက်မှာဆိုရင် ဒါထက် ပိုများဖို့ရှိပါတယ်။ ဒါတွေပြန်ကျလာရင်လည်း ကျွန်တော်တို့က အမြန်ဆုံးလုပ်မယ်ဆိုတာကို တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာစိုးမိုးသူ(မြောင်းမြမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းမေးခွင့်ပြုပါခင်ဗျား။ အခုလိုမျိုး ပြည့်ပြည့်စုံစုံဖြေကြားသွားတဲ့ပြည်ထောင်စုဝန်ကြီးကိုလည်း ကျေးဇူးတင်ပါတယ်ခင်ဗျား။ ကုသရေးဦးစီးဌာနရဲ့ ၁-၁-၂၀၁၆ စာအရ ခွင့်ပြုချက်ရတဲ့အချိန်ကစပြီးတော့ မြောင်းမြမြို့နယ်က ဆေးရုံကြီးကတစ်ဆင့် အခြားမြေအသုံးပြုခွင့် လယ်ယာမြေဥပဒေပုဒ်မ ၃၀ ပုဒ်မခွဲ(ဃ)ကို ၂၀၁၆ ခုနှစ်လလယ်ပိုင်းကတည်းက တင်ပြီးဖြစ်ပါတယ်။ တစ်ပြိုင်တည်းမှာပဲ တိုက်နယ်ဆေးရုံ တည်ဆောက်တယ်ဆိုတဲ့နေရာအများစုကလည်း ကျေးရွာတွေမှာပဲတည်ဆောက်တာဖြစ်ပါတယ်။ ဒါအတွက်ကြောင့် မြေကလည်း များသောအားဖြင့် လယ်ယာမြေပဲဖြစ်လေ့ရှိပါတယ်။ လယ်ယာမြေကို ကျွန်တော်တို့က လယ်ယာမြေဥပဒေပုဒ်မ ၃၀ ပုဒ်မခွဲ(ဃ)ကိုလည်း သက်ဆိုင်ရာ မြေစာရင်းဦးစီးဌာနကတစ်ဆင့် တင်ပြပြီးလည်းဖြစ်ပါတယ်။ ဒါပေမဲ့ အကြောင်းကြောင်းကြောင့် အခုချိန်ထိ တစ်နှစ်ကျော်ကြာမြင့်တာကို တွေ့ရမှာဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် ကျွန်တော့်အနေနဲ့မေးမြန်းလိုတာကတော့ ကျွန်တော်တို့ လယ်ယာမြေဥပဒေပုဒ်မ ၃၀ ပုဒ်မခွဲ(ဃ)လည်း တင်ပြီးဖြစ်ပါတယ်။ ၃၀(ဃ)တင်တဲ့အခါမှာလည်း လိုအပ်တဲ့ အကူအညီများကို ဌာနဆိုင်ရာဝန်ကြီးဌာနချင်းပေါင်းစပ်ဆောင်ရွက်ဖို့ကို ကျန်းမာရေးဝန်ကြီးဌာန ကနေတစ်ဆင့် ကျွန်တော်တို့ကိုကူညီပေးဖို့ အစီအစဉ်ရှိ/မရှိနဲ့ အကယ်၍မြေယာသတ်မှတ်ချက်ရခဲ့ပြီး လယ်ယာမြေဥပဒေပုဒ်မ ၃၀ ပုဒ်မခွဲ(ဃ)လည်း အဆင်ပြေသွားပြီဆိုရင် ကျွန်တော်တို့ဆေးရုံကိုချပေးဖို့ အစီအစဉ်ရှိ/မရှိသိချင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ပေးဖို့ဝန်မလေးပါဘူး။ အမြန်ဆုံးလုပ်မှာပါ။ ၂၀၁၈-၂၀၁၉ မှာရမှာပါ။ အဲဒီတော့ ကျွန်တော်တင်ပြချင်တာက ၂၀၁၆ ခုနှစ်တုန်းက ကျွန်တော်တို့ရတုန်းက ၃၇ ရုံရပါတယ်။ ဦးစားပေးရေးနဲ့ အကုန်လုပ်ထားပါတယ်။ အဲဒီထဲမှာတော့ ဒီရန်မနိုင်ပါပါတယ်။ မြေရရင် ကျွန်တော်တို့က ချက်ချင်း လုပ်ပေးပါမယ်။ ကျွန်တော်တို့က လုံးဝဝန်မလေးပါဘူး။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခုနကဝန်ကြီးပြောတဲ့ထဲမှာ ပြည့်ပြည့်စုံစုံရှိပါတယ်။ လုပ်ငန်းစဉ်တွေတစ်ခုပြီးတစ်ခု။ အဲဒီတော့ ကျွန်တော်တို့ကိုယ်စားလှယ်တွေလည်း သဘောပေါက်ဖို့တော့လိုတယ်။ ဘာတဲ့ဆိုလို့ရှိရင် ခုနလိုတောင်းတာကတစ်ဖွဲ့၊ ဘတ်ဂျက်ကျတော့ ဖြတ်တာကတစ်ဖွဲ့၊ တောင်းတဲ့အဖွဲ့ကတစ်ဖွဲ့ ဖြတ်တဲ့အဖွဲ့ကတစ်ဖွဲ့ အဲဒီလိုမဖြစ်ဖို့တော့ အချင်းချင်းဟာမိုနီဖြစ်ဖို့တော့လိုတယ်။ အဲဒါလေးလည်း နည်းနည်းသတိပြုစေချင်ပါတယ်။

**မတူပီမြို့နယ်၊ ဆဘောင်သဲကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာန အဆင့် တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးပါထန်း(မတူပီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မတူပီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပါထန်း ဖြစ်ပါတယ်။ မတူပီမြို့နယ်၊ ဆဘောင်သဲကျေးရွာဟာ မတူပီမြို့ကနေ မိုင် ၁၀၀ ခန့်ကွာဝေးပြီး အိန္ဒိယ နယ်စပ် နယ်နမိတ်ကျောက်တိုင်နဲ့ နှစ်မိုင်ခန့်သာ ကွာဝေးတဲ့ နယ်စပ်ကျေးရွာတစ်ရွာဖြစ်ပါတယ်။ ဆဘောင်သဲကျေးရွာမှာ အထက်တန်းကျောင်းရဲစခန်းနဲ့ တပ်စခန်းများရှိတဲ့ ကျေးရွာဖြစ်ပါတယ်။ သို့ပေမဲ့လည်း ကျန်းမာရေးဌာနခွဲသာရှိတဲ့အတွက် ကျောင်းသားပြည်သူများရဲ့ ကျန်းမာရေးစောင့် ရှောက်မှုကို လုံလောက်စွာမပေးနိုင်ပါ။ ကျန်းမာရေးဌာနအဆောက်အဦမှာလည်း ဟောင်းနွမ်းယိုယွင်း နေပြီဖြစ်တဲ့အတွက် အသုံးမပြုနိုင်တော့ဘဲ အုပ်ချုပ်ရေးမှူးနေအိမ်ကိုသာ ဆေးခန်းလုပ်နေရတဲ့ အခြေအနေဖြစ်ပါတယ်။ ကျန်းမာရေးဌာနဝန်ထမ်းများအတွက်၊ ဝန်ထမ်းအိမ်ရာမရှိသည့်အတွက် ဝန်ထမ်းများကလည်း အမြဲနေထိုင်လေ့မရှိဘဲ တစ်လတစ်ခေါက်လောက်သာ သွားရောက်ပြီး ၂ ရက်၊ ၃ ရက် အုပ်ချုပ်ရေးမှူးနေအိမ်မှာ တည်းခိုနေရပြီး ပြန်သွားလေ့ရှိတဲ့အတွက် ပြည်သူများရဲ့ ကျန်းမာရေး ကို စောင့်ရှောက်မပေးနိုင်ခဲ့ပါ။ ဆဘောင်သဲကျေးရွာနှင့် ၁၀ မိုင် ခန့်ကွာဝေးတဲ့ ဆဘောင်သဲကျေးရွာ မှာ ကျေးလက်ကျန်းမာရေးဌာနရှိတယ်ဆိုသော်လည်းပဲ ကျွန်တော်တို့ ချင်းပြည်နယ်ရဲ့ ရာသီဥတုအရ မိုးကာလမှာ သွားလာရေးအင်မတန်မှခက်ခဲတဲ့အတွက် ပြည်သူများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုဟာ အခက်အခဲများစွာရှိနေရပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် တစ်နိုင်ငံလုံး အတိုင်းအတာနှင့် သတ်မှတ်ထားတဲ့ စံနှုန်းများအတိုင်း ဆုပ်ကိုင်ထားခြင်းမရှိဘဲနဲ့ ကျွန်တော်တို့ မြေပြင် အခက်အခဲအလိုက် မူဝါဒများကို ဖြေလျှော့ပေးပြီးမှ လက်တွေ့အခက်အခဲနှင့် အခြေအနေမှန်အရ လိုအပ်ချက်များကို အခြေခံပြီး ဆဘောင်သဲကျေးရွာကျန်းမာရေးဌာနခွဲအား ကျန်းမာရေးဌာနဌာန အဖြစ် တိုးမြှင့်ဆောင်ရွက်ပေးသင့်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ မတူပီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပါထန်း၏ မေးခွန်းဖြစ်တဲ့ ဒီမတူပီမြို့ မဲဆန္ဒနယ်မှာရှိတဲ့ ဆဘောင်သဲကျေးလက်ကျန်းမာရေးဌာနခွဲကို ကျေးလက် ကျန်းမာရေးဌာနအဖြစ် တိုးမြှင့်ခွင့်ပြုဖို့နဲ့ ဆရာမနှင့် ဆေးဝါးများလုံလောက်မှုမရှိခြင်းဆိုတဲ့ကိစ္စနှင့် ပတ်သက်၍ ဖြေကြားမှာဖြစ်ပါတယ်။ ချင်းပြည်နယ်၊ မတူပီဘက်မှာတော့ တိုက်နယ်ကျန်းမာရေးဌာန

နှစ်ခုနှင့် ကျေးလက်ကျန်းမာရေးဌာန ၁၀ ခုနှင့် ဌာနခွဲ ၄၀ နဲ့ မိခင်နှင့် ကလေးဌာနခွဲ တစ်ခုရှိပါတယ်။ ပြည်သူ့ကျန်းမာရေးအတွက် ဝန်ထမ်းအင်အားအနေနဲ့တော့ မြို့နယ်အဆင့် သူနာပြုတစ်ဦး၊ လက်ထောက်ကျန်းမာရေးမှူး ၆ ဦး၊ ပြည်သူ့ကြီးကြပ်(၁) လေးဦး၊ ကျန်းမာရေးဆရာမ ၁၁ ဦး၊ သားဖွား ဆရာမ ၄၈ ဦး၊ ကြီးကြပ်(၂) ၅၆ ဦးတို့နဲ့ လူဦးရေ ၆၀၀၀၀ နီးပါးတို့ကို ကျန်းမာရေးဝန်ဆောင်မှုများ ပေးလျက်ရှိပါတယ်။

ဒီကျေးလက်ကျန်းမာရေးဌာနဆိုတာက ကျေးလက်ကျန်းမာရေးဌာနတစ်ခုရှိရင် သူ့အောက်မှာ ကျေးလက်ကျန်းမာရေးဌာနခွဲ လေးခုရှိပါတယ်။ တချို့နေရာမှာ ခြောက်ခုရှိပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ ကြည့်တဲ့အခါမှာ၊ ဆဘောင်သဲကိုကြည့်တဲ့အခါမှာ၊ ဒီ Location ကိုကြည့်တဲ့အခါမှာ သူဟာ နယ်စပ်လောက်ကိုရောက်နေပါတယ်။ သူ့အပေါ်မှာ ဟိုဘက်က အိန္ဒိယနိုင်ငံတွေ၊ ဘာတွေ ဖြစ်နေပါတယ်။ ဖြစ်တဲ့အခါမှာ ဒီမှာ သူ့ကို ကျေးလက်ကျန်းမာရေးဌာနလို့ပေးလိုက်လို့ရှိရင် သူ့အောက်မှာ လေးခုလိုလာမယ်။ လေးခုပေးရတယ်။ ကျေးလက်ကျန်းမာရေးဌာနခွဲ။ အဲဒီတော့ လေးခု ပေးမယ့် နေရာလည်းမရှိဘူး။ ရွာက မြို့အစွန်ရောက်နေတယ်။ ပြည်နယ်ပေါ့။ မတူပီမြို့နယ် ဟိုးထိပ်ဖျားရောက်နေတဲ့အခါကျတော့ ပေးလို့မရပါဘူး။ ကျေးလက်ကျန်းမာရေးဌာနအဆင့်ဆိုရင် ခုနက ပြောတဲ့ လေးခုကို ထပ်မံဖွင့်လို့မရဘူး။

နောက်တစ်ခုက ကောင်းပြီ။ မရတာများသော်လည်း ချင်းပြည်နယ် ပြည်နယ်တွေကို ဦးစားပေး ပါတယ်။ ဖြစ်နိုင်ရင် Criteria List အားလုံးကို အကုန်လျှော့ပါတယ်။ ပြည်နယ်ဦးစီးမှူးကို တစ်ခါ ပြန်မေးလိုက်ပါတယ်။ သူကတော့ မလိုအပ်သေးဘူးဆိုတဲ့ သဘောထားချက်လည်း ထပ်ပေးပါတယ်။ နောက်တစ်ချက်ကတော့ ကောင်းပြီ။ ပြည်နယ်ဦးစီးမှူးက မလိုသော်လည်း ပေးလို့ရမလား၊ မရမလား ဆိုတာကတော့ အချက် ငါးချက်ရှိပါတယ်။ ကျန်းမာရေးဌာနခွဲ RSC လုပ်မယ်ဆိုလို့ရှိရင် အချက် ငါးချက် ရှိပါတယ်။ အဲဒီ အချက်ငါးချက်မှာ သုံးချက်ကတော့ မမိဘူးဖြစ်နေပါတယ်။ မမိတဲ့သုံးချက် ကတော့ ဘာလဲဆိုလို့ရှိရင် ဒီကျေးရွာတစ်ရွာကို ကျန်းမာရေးဌာန RHC ပေါ့။ Rual Heal Centre ပေးမယ်ဆိုရင် သူ့အောက်မှာ ကျေးရွာအုပ်စု ၁၀ ခုကနေ ၁၅ ခုရှိရမယ်။ နောက်ပြီးတော့ သွားလာ လုပ်ကိုင်နိုင်သောနေရာဖြစ်ရမယ်။ ဒီမှာ သူ့အောက်မှာ ကျေးရွာနှစ်ရွာပဲရှိပါတယ်။ (၂) သာမန် အားဖြင့် RHC ပေါ့။ ကျေးလက်ကျန်းမာရေးဌာနလုပ်မယ်ဆိုရင် လူဦးရေ ၁၀၀၀၀ နဲ့ ၁၅၀၀၀ ရှိရမယ်။ သူ့အောက်မှာ လူဦးရေက ၁၆၄၈ ယောက်ပဲရှိပါတယ်။ နောက် အနီးအနားကျေးရွာများမှာ သွားလာမှုလွယ်ကူ၍ ဗဟိုအချက်အခြာဖြစ်တယ်ဆိုတာလည်းမရှိပါဘူး။ သူက အစွန်နားကို ရောက်နေတယ်။ အဲဒီလို သဘောဖြစ်နေပါတယ်။ သို့သော်လည်း အဲဒီလို အစွန်နားရောက်နေသော် လည်း ခုနကပြောတဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးပြောတဲ့အတိုင်းပဲ ဒီမှာ လူမရှိဘူးလို့ ပြောပါတယ်။ ကျွန်တော်တို့ ကြည့်တဲ့အခါမှာ အပြည့်ရှိပါတယ်။ သားဖွားလည်းရှိပါတယ်။ PHS လည်းရှိပါတယ်။ ဆေးမရှိဘူးပြောတဲ့အခါကျတော့ ဆေးကိုတော့ ရှိ/မရှိကို ပြန်လည်သုံးသပ်ပြီးတော့ ဒီဆေးကိုတော့ အမြန်ဆုံးပေးရမှာဖြစ်ပါတယ်။ ဒါပေမဲ့ မတူပီမြို့နယ်ရဲ့အခြေအနေကို အကုန်လုံးကို ပြန်သုံးသပ်တဲ့အခါမှာ ပြည်သူ့ကျန်းမာရေးမှာ သားဖွားဆရာမ ၄ ဦးလစ်လပ်နေပါတယ်။ နောက် ဆဘောင်သဲကျေးလက်ကျန်းမာရေးဌာနမှာ RHC မှာ နှစ်ဦးလစ်လပ်တယ်။ သူ့အောက်မှာရှိတဲ့ Sub

Center နှစ်ခုရဲ့ တီဆီးနဲ့ ပင်သီယာမှာလည်း တစ်ဦးစီ အဲဒါကလည်း ကျွန်တော်တို့ ခန့်မှာပါ။ ခန့်မယ်ဆိုတာက ကျွန်တော်တို့ သားဖွားဆရာမ ၁၀၄၆ ဦးခန့်ဖို့ကို Cabinet က အခုတော့ ရပါပြီ။ ဒီလ ၂၈ ရက်နေ့မှာ လျှောက်လွှာပိတ်မှာပါ။ မတ်လ ၃ ရက်နေ့မှာ နှုတ်ဖြေစာမေးပွဲဖြေပြီးတော့ ရတဲ့အခါမှာ ကျွန်တော်တို့ အဲဒါကို ချင်းပြည်နယ်ကို ပို့ပေးပါမယ်။ ချင်းပြည်နယ်မှာ အဲဒါဟာ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးနဲ့ တိုင်း/ပြည်နယ်ဦးစီးမှူးနဲ့ တိုင်ပင်ပြီးတော့ ဒီမှာ တာဝန်ချထား လို့ရပါတယ်။

ဒီနေရာမှာ ကျွန်တော်တင်ပြချင်တာကတော့ ကျွန်တော်တို့က ပြည်နယ်/တိုင်းတွေကို ခုနက လွှတ်တော်ကိုယ်စားလှယ်တော်ကြီးပြောတဲ့အတိုင်း ဆေးမရှိဘူး။ ဘာမရှိဘူးဆိုတဲ့အခါကျတော့ ပြည်နယ်/တိုင်းကို ကျွန်တော်တို့က ဆေးဝါးကို အကုန်လုံး တစ်ပြည်လုံး အတိုင်းအတာနဲ့ သန်းပေါင်း ၁၉၅၀၀ ဖိုးချပေးပါတယ်။ ချင်းပြည်နယ်၊ မတူပီအတွက်ကို ကျွန်တော်တို့က သန်းပေါင်း ၁၈၀ သန်း လောက်ချထားပေးပြီးဖြစ်ပါတယ်။ ဒီဆေးကနေဒါပေးပါတယ်။ ပေးလို့ တိုင်းဒေသကြီးနှင့် ပြည်နယ်က ဝယ်လို့ မလောက်ဘူးဆိုလို့ရှိရင် ဗဟိုကနေပြီးတော့ ဝယ်ထားတဲ့ဆေးပေါင်း ၃၀ ဘီလီယံရှိပါတယ်။ ၃၀ ဘီလီယံ ဆေးဝယ်ပါတယ်။ အဲဒီကနေ မလောက်တဲ့ဟာတွေ ထပ်ထပ်ပေးပါတယ်။ အဲဒီတော့ ဆေးနဲ့ပတ်သက်ပြီးတော့ မရှိဘူးဆိုတာ ကျွန်တော်တို့ ဒီအစိုးရလက်ထက်မှာ မရှိသလောက်ပဲ ရှားပါ တယ်။ အထူးသဖြင့် ဒီလို RHC Sub Center ဆေးက အကုန်လည်းစုံပါတယ်။ အားလုံးလည်း ရှိပါတယ်။ ခုနက လွှတ်တော်ကိုယ်စားလှယ်တော်ကြီးပြောတဲ့အချက်ကို ကျွန်တော် လုပ်ပေးပါမယ်။ အဆောက်အဦးလည်းမရှိဘူး။ ဘေးနားမှာ သွားကပ်နေတာဆိုတော့ ဒါကိုတော့ ၂၀၁၈-၂၀၁၉ မှာ ဒီဆောက်အဦ ဒီ Sub Center ရဲ့ အဆောက်အဦကို ကျွန်တော်က ပြင်ဆင်ပေးမယ်ဆိုတာကို တင်ပြ အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**လေရှီး၊ လဟယ်၊ နန်းယွန်းမြို့နယ်များမှ လျှောက်ထားသည့် သူနာပြု/သားဖွား သင်တန်းသားဦးရေ တိုးမြှင့်တက်ရောက်ခွင့်ပြုရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်ဌေး(လေရှီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လေရှီး မဲဆန္ဒနယ်မှ ဦးကျော်ဌေး ဖြစ်ပါတယ်။ ဒီကနေ့အစည်းအဝေးမှာ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်း ကတော့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လေရှီး၊ လဟယ်၊ နန်းယွန်းမြို့နယ်များအတွက် သူနာပြု/ သားဖွား သင်တန်းသားဦးရေ တိုးမြှင့်တက်ရောက်ခွင့်ပြုရန် အစီအစဉ်ရှိ/မရှိ မေးခွန်းပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဟာ သွားလာရေးအင်မတန်မှ ခက်ခဲသည့်ဒေသ ဖြစ်ပါတယ်။ ကျေးလက်ကျန်းမာရေးဌာနခွဲတွေမှာ ဒေသခံဆရာမများ မရှိသလောက်နည်းပါးပြီးတော့ အခြားအရပ်ဒေသများမှ လာရောက်တာဝန်ထမ်းဆောင်တဲ့အခါမှာ အချိန်ပြည့်မနေနိုင်ကြပါဘူး။ ပြောင်းရွှေ့သွားတဲ့နေရာမှာလည်း အချိန်မီ အစားထိုးမရောက်နိုင်တဲ့အခါမှာ ဟာကွက်တွေ ဖြစ်စေ

ပါတယ်။ အချို့ဝန်ထမ်းများဆိုရင် ခန့်စာရရှိပြီး ခက်ခဲတဲ့အရပ်ဒေသမို့လို့ မသွားတော့ဘဲနဲ့ တာဝန်မှ နှုတ်ထွက်သွားတဲ့ ဝန်ထမ်းတွေလည်းရှိပါတယ်။ အထူးသဖြင့် ကျေးလက်ကျန်းမာရေးဌာနခွဲမှာ တာဝန်ထမ်းဆောင်မည့်သွားဖွားဆရာမများဟာ ကားလမ်းမပေါက်တဲ့ရွာတွေမှာ သွားလာရမယ် ဆိုတော့ ဒေသခံဝန်ထမ်းများသာလျှင် ပိုပြီးတော့သွားလာနိုင်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် ခြောက်လပိုင်းနှင့် ခုနစ်လပိုင်းအတွင်းမှာ နာဂဒေသ အတွင်းဖြစ်ပွားခဲ့တဲ့ ဝက်သက်ရောဂါနဲ့ ရာသီတုပ်ကွေးဖျားနာခြင်းကြောင့် လူအမြောက်အမြား သေဆုံးခဲ့တဲ့အချိန်မှာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ သားဖွားဆရာမများကို အလှည့်ကျ တစ်နှစ်စီစေလွှတ်ဖို့ မဲဖောက်ခဲ့ပါတယ်။ အဲဒီတုန်းက မဲပေါက်တဲ့ဆရာမတစ်ဦးဟာ လန့်ပြီးတော့ သတိမေ့သွားတယ်ဆိုတဲ့သတင်း လူမှုကွန်ရက်စာမျက်နှာမှာ ပုံနှင့်တကွပျံ့နှံ့ခဲ့တာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ဒီလိုဝန်ထမ်းတွေမသွားချင်တဲ့အရပ်ဒေသမှာ ကျွန်တော်တို့ နာဂဒေသပြည်သူများရဲ့ဘဝ ကို စာနာထောက်ထားပြီးတော့ ချို့ယွင်းချက်ဖြင့်စဉ်းစားပေးဖို့ ဒီမေးခွန်းကို မေးမြန်းရတာဖြစ်ပါတယ်။ အထူးအခွင့်အရေးတောင်းဆိုခြင်း မဟုတ်ဘူးဆိုတာ တင်ပြလိုပါတယ်။ ယခင်က ဒေသခံပညာတတ် မရှိလို့ အခွင့်အလမ်းမရှိခဲ့တာဖြစ်ပေမဲ့ အခုဆိုရင် ဒေသခံဆယ်တန်းအောင်ဘွဲ့ရလူငယ်များ များစွာ ရှိနေပြီးတော့ အလုပ်လက်မဲ့ဖြစ်နေကြပါတယ်။ အဲဒီလူငယ်တွေကို မွေးထုတ်ပေးမယ်ဆိုရင် ဒေသအတွင်း မပြောင်းမရွှေ့ဘဲနဲ့ အနာဂတ်မှာ ပြည်သူများရဲ့ အခြေခံကျန်းမာရေးစောင့်ရှောက်မှု ပိုမိုဆောင်ရွက်ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အတွင်း မြို့နယ် ဒေသအလိုက် သင်တန်းသားဦးရေ သတ်မှတ်ခေါ်ယူတဲ့အခါမှာ နာဂဒေသရှိ လေရှီး၊ လဟယ်၊ နန်းယွန်းမြို့နယ်များမှ သင်တန်းသားများကို ဦးရေတိုးမြှင့်တက်ရောက်ခွင့်ပြုရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် နာဂဒေသပြည်သူများ၏ကိုယ်စား လေးစားစွာဖြင့် မေးမြန်းရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့် အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လေရှီးမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဌေးရဲ့မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ဒီမေးခွန်းအနေနဲ့ကတော့ တစ်နိုင်ငံလုံးအနေနဲ့လည်း အရေးကြီးတဲ့မေးခွန်းဖြစ်တဲ့အတွက် ၅ မိနစ်ထက်အနည်းငယ်ကျော်မှာ ဖြစ်တဲ့အတွက် လေးစားစွာ အချိန်ပိုပေးစေချင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီနေရာမှာကြည့်တဲ့ အခါမှာ လေရှီး၊ နန်းယွန်း၊ လဟယ် ဟာ အခက်အခဲဒေသဖြစ်ပါတယ်။ ကျွန်တော်တို့ Special စဉ်းစား ပေးပါတယ်။ အထူးစဉ်းစားပေးပါတယ်။ ကျွန်တော်တို့ တစ်နိုင်ငံလုံးမှာ သူနာပြုကျောင်း၂၅ ကျောင်း၊ သားဖွားကျောင်း ၂၂ ကျောင်းရှိပါတယ်။ ဒီမှာ သုံးနှစ် ဒီပလိုမာ သူနာပြုပေးပါတယ်။ နှစ်နှစ် ဒီပလိုမာသားဖွားပေးပါတယ်။ ကျွန်တော်တို့ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ စုစုပေါင်း သူနာပြုသားဖွား ဒီပလိုမာ

သုံးနှစ်က ၁၉၃၁ ဦးနှင့် ဘက်စုံသားဖွားနှစ်နှစ်သင်တန်းက ၁၄၇၄ ဦး စုစုပေါင်း ၃၄၀၅ ဦး ကျွန်တော်တို့ စားရင်းသွင်းပြီးတော့ သင်တန်းတက်နေပါတယ်။ ဒီ လေရှိုး၊ လဟယ်၊ နန်းယွန်းမှာ ကြည့်တဲ့အခါမှာ ကျွန်တော်တို့က တစ်ပြည်လုံးအတိုင်းအတာမှာ သူနာပြုသားဖွားတွေကိုခေါ်တဲ့အခါမှာ Regular ရှိပါတယ်။ အထူးဆိုပြီးရှိပါတယ်။ အထူးဆိုတာ ကျန်တဲ့တိုင်းဒေသကြီးနဲ့ပြည်နယ်လည်းမပြိုင်ဘူး။ သူ့တိုင်းဒေသကြီးနှင့် ပြည်နယ်မှာပဲ သူ့တိုင်းဒေသကြီးနှင့်ပြည်နယ်ကအစိုးရ Propose လုပ်တာပဲ ဖြစ်ဖြစ်၊ လွှတ်တော်ကိုယ်စားလှယ်ကတင်ပြတဲ့ဟာပဲ ကျွန်တော်တို့စဉ်းစားပါတယ်။ စဉ်းစားတဲ့အခါမှာ စစ်ကိုင်းတိုင်းအနေနဲ့က သူနာပြုသားဖွားကျောင်းနှစ်ကျောင်းရှိပါတယ်။ မုံရွာမှာတစ်ကျောင်းရှိပါတယ်။ ကလေးမှာတစ်ကျောင်းရှိပါတယ်။ အဲဒီတော့ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ ကျွန်တော်တို့က စုစုပေါင်း အထူးအနေနဲ့တက်ခွင့်ရတာ သူနာပြုတက်ခွင့်က ၄၇ ယောက် ရပါတယ်။ သားဖွားက ၂၁ ယောက်ရပါတယ်။ Regular တက်ခွင့်ရတာက သူနာပြု ၉၈ ဦးနဲ့ သားဖွား ၁၀၉ ဦးတက်လို့ရပါတယ်။ အဲဒီလို တက်လို့ရတာ ကျွန်တော်တို့ Special ပေးပါတယ်။ နောက်တစ်ချက်က ဒီလိုကြည့်တဲ့အခါမှာ ကျွန်တော်တို့က အထူးဆိုတာက အမှတ်နည်းနည်းနဲ့ တက်ခွင့်ရတာပါ။ ဥပမာဆိုလို့ရှိရင် Regular မှာဆိုလို့ရှိရင် အမှတ်တွေက တော်တော်များပါတယ်။ ၂၂၄ ကအများဆုံး၊ အနည်းဆုံးက ၁၉၈၊ သူတို့က သုံးဘာသာ Average ပါ။ အင်္ဂလိပ်စာ၊ မြန်မာစာ၊ အဲဒီ Average ကိုကြည့်ပြီးတော့မှ အထူးမှာ အရမ်းကို ကျွန်တော်တို့က လျှော့ပြီးပေးပါတယ်။ အမှတ်ကအထူးတွေမှာ တော်တော်ကိုလျှော့ပါတယ်။ ဆိုလိုတာက စစ်ကိုင်းတိုင်းဒေသကြီးမှာလျှော့တဲ့ အထူးနဲ့ ကချင်ပြည်နယ်မှာလျှော့တဲ့အထူးကတော့ မတူဘူး။ တချို့က ပိုများမယ်။ တချို့က ပိုနည်းမယ်။ သို့သော်လည်း အလွန်နည်းပါးသော အမှတ်နဲ့ ကျွန်တော်တို့ တက်ခွင့်ပေးထားပါတယ်။ ဆိုလိုတာက အဲဒီလိုတက်ခွင့်ပေးတဲ့အတွက် ကျွန်တော်တို့ သူနာပြုနဲ့သားဖွား ကျောင်းတွေဟာ ပိုပြီးတော့ Effort စိုက်ထုတ်ရပါတယ်။ သူတို့ကသိပ်နားမလည်တဲ့အခါကျတော့ နားလည်အောင်ပိုသင်ရတယ်။ ဒါလည်း ကျွန်တော်တို့က သင်ပေးမှာပါ။ ဒါက ကျွန်တော်တို့တာဝန်ပါ။ အဲဒီတော့ ဒီမှာပြန်ကြည့်တဲ့အခါမှာ အထူးအနေနဲ့ကတော့ လုပ်တာက ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီး ဌာနတစ်ခုတည်းမဟုတ်ပါဘူး။ ပြည်နယ်အစိုးရနဲ့ပေါင်းပြီး လူတွေ့ရွေးပါတယ်။ ဥပမာဆိုရင် ၂၀၁၅ ခုနှစ် တုန်းက တစ်ယောက်ပဲရတယ်။ ဒီတစ်ယောက်ပဲရတယ်ဆိုတာ ဘာကြောင့် ဟိုဘက်က နည်းနည်းပဲ ပေးသလဲ။ အဲဒီသဘောရှိပါတယ်။ ၂၀၁၆ ခုနှစ်မှာကျတော့ ၁၇ ဦးရပါတယ်။ ၂၀၁၇ ခုနှစ်မှာ ၁၁ ဦး ရပါတယ်။ ဒါတွေကို သူတို့က ပိုတောင်းရမယ်ခင်ဗျ။ ပိုတောင်းမှ ကျွန်တော်တို့က ပိုပေးမယ်။ အဲဒီတော့ ပိုတောင်းရင်ပိုပေးလို့ရအောင်လည်း ကျွန်တော်တို့က လုံးဝကိုပြင်ဆင်ထားပါပြီ။ အခု ကျွန်တော်တို့ တစ်ပြည်လုံးမှာ ပြင်ဆင်ထားတဲ့တစ်ချက် ကျွန်တော်ပြောချင်တာက ကျွန်တော်တို့တစ်ပြည်လုံးမှာ အခုချိန်အထိ ထုတ်ပြီးသော သုံးနှစ်ဒီပလိုမာပေါင်းက ၃၃၃၃၃ ဦးရှိပါတယ်။ နောက် BNSC(Bachelor of Nursing Science Regular Course)ကလည်း ၄၁၂၆ ယောက် စုစုပေါင်း ၃၇၄၅၉ ဦး ထုတ်ပြီးပါပြီ။ သို့သော်လည်း ဒီထုတ်တဲ့လူတွေက အကုန်လုံး အစိုးရအလုပ်ကို မဝင်ပါဘူးခင်ဗျား။ ဒီနေရာမှာ ကျွန်တော်တင်ပြချင်တာကတော့ သုံးနှစ်၊ နှစ်နှစ်သင်တန်းတွေမှာ အစိုးရက တစ်လကို သုံးသောင်း ပိုက်ဆံပေးပါတယ်။ အမှန်ကတော့ တက်တဲ့လူတွေဟာ ကျင့်ဝတ်အရ အနည်းဆုံးသုံးနှစ် ပြန်တော့ လုပ်ရမယ်။ အများကြီးလုပ်ဖို့မပြောပါဘူး။ သူနာပြုကျင့်ဝတ်အရ လူ့ကျင့်ဝတ်အရတော့

ပြန်တက်သင့်တယ်။ သူတို့ကို တက်တဲ့ခါမှာ တစ်လကို သုံးသောင်းလည်းပေးပါသေးတယ်။ အကုန် Free ပါ။ နေတာရော၊ စားတာရော အကုန်လုံး Free။ အဲဒါကြောင့် ကျွန်တော့်အနေနဲ့ တင်ပြချင်တာ ကတော့ ဒီ သူနာပြု/သားဖွားတွေဘက်ကလည်း ကျွန်တော်တို့နိုင်ငံရဲ့လိုအပ်ချက်အရ ပြန်တက်သင့်ပါတယ်။ ဥပမာကျွန်တော်တစ်ခုပြောမယ်ဆိုရင် ကျွန်တော်တက်ခဲ့တဲ့ John Hopping မှာဆိုလို့ရှိရင် သူနာပြု တက်မယ်ဆိုလို့ရှိရင် ဥပမာ- Master တက်မယ်ဆိုရင် စုစုပေါင်း တစ်နှစ်ကို ဒေါ်လာ ၉၃၀၀၀ ကုန်ပါ တယ်။ ကျွန်တော်တို့နိုင်ငံမှာ အလွန်နည်းပါးသောပိုက်ဆံနဲ့ ဒါကိုတက်ခွင့်ရတယ်ဆိုတာ ဟိုဘက်ကလည်း ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနကို တက်တဲ့သူနာပြုတွေကလည်း နည်းနည်းပြန်ကြည့်သင့်ပါတယ်။ အစိုးရအနေနဲ့ကတော့ သုံးနှစ်လောက်တော့ တာဝန်၊ အမြဲလုပ်ဖို့မပြောပါဘူး။ သုံးနှစ်လောက်လုပ်ရင်ကို ကျွန်တော်တို့က တော်တော်လုံလောက်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ပြန်ကြည့်တဲ့အခါမှာ သူနာပြုအင်အားက ဆေးရုံတွေမှာ တစ်ဝက်အင်အားနဲ့ လုပ်နေရပါတယ်။ ဒီတစ်ဝက်အင်အားသာ ပြည့်မယ်ဆိုရင် ကျွန်တော်တို့ တော်တော်အဆင်ပြေမယ်။ ဒီလိုပြည့်ဖို့အတွက်ကိုလည်း ကျွန်တော်တို့ လုပ်လိုက်ပါပြီ။ ဒီနှစ်ကစပြီးတော့ ကျွန်တော်တို့က ခေါ်တာတွေက အရမ်းများသွားပါပြီ။ ဥပမာဆိုရင် စစ်ကိုင်းတိုင်းကိုပဲ Spieling ပြောမယ်ဆိုလို့ရှိရင် မုံရွာမှာ အရင်တုန်းက ၆၀ ကျော်လောက်ရှိတာက မုံရွာမှာအခု ၁၆၀ ခေါ်မယ်။ ကလေးမှာလည်း ၁၆၀ ခေါ်မယ်။ ၃၂၀ ခေါ်တော့မယ်။ အဲဒီတော့ ဥပမာ စစ်ကိုင်းတိုင်းအတွက်နဲ့ပြန်ကြည့်မယ်ဆိုရင် အခု ၂၀၁၈ ခုနှစ်မှာ ကျွန်တော်တို့ စက်တင်ဘာလကုန် လောက်မှာ ၁၆၇ ဦးထွက်လာပါမယ်။ ၂၀၁၉ ခုနှစ်မှာ ၂၀၆ ဦးထွက်မယ်။ ၂၀၂၀ ခုနှစ်မှာ ၂၅၀ ထွက် မယ်။ ၂၀၂၁ ခုနှစ်မှာ ၃၂၀၊ ဆက်တိုက် ၂၀၂၂-၂၀၂၃-၂၀၂၄ နဲ့က ၃၂၀ အကုန်လုံး ထပ်ပိုဖို့ပဲရှိပါတယ်။ ထို့အပြင် တစ်ပြည်လုံးအတိုင်းအတာနဲ့လိုတဲ့အတွက်က သားဖွား/သူနာပြုလောင်းအသစ်တွေ ကျွန်တော်တို့ သုံးခုလောက်ဖွင့်လို့ရတယ်။ ရွှေဘိုမှာဖွင့်မယ်။ မြောင်းမြ၊ ပုသိမ် အဲဒီမှာ ဖွင့်ဖို့လည်း ရှိပါတယ်။ နောက် ဖွင့်တဲ့အပြင် တစ်ပြည်လုံးအတိုင်းအတာနဲ့ ကျွန်တော်တို့က အရမ်းတိုးလာပါပြီ။ အခု အတိအကျပြောမယ်ဆိုရင်တော့ ပေါင်းထားတာဒီထဲမှာမတွေ့လို့ တော်တော်များပါတယ်။ အရင်နှစ်နဲ့စာလို့ရင် နှစ်ဆနီးပါးကို တက်လာပါပြီ။ အရင်တုန်းက ၁၈၀၀ ကျော်ရတဲ့နေရာကနေပြီးတော့ အခုလာမယ့် ၂၀၁၈ ခုနှစ်မှာ အားလုံး ၃၆၀၁ ယောက် တက်တော့မယ်။ ဆိုလိုတာက ကျွန်တော်တို့က သူနာပြုသားဖွားကျောင်း ၅၀ မှာ သားဖွားတွေကို ကျွန်တော်တို့က သိပ်ပြီးမခေါ်တော့ဘူး။ နည်းနည်းပဲ ခေါ်မယ်။ သားဖွား Vacancy က ပြည့်နေပါပြီ။ သူနာပြုတွေချည်းပဲဆက်ထုတ်မယ်ဆိုတော့ လာမယ့် နှစ်အနည်းငယ်အတွင်းမှာတော့ ဒီပြဿနာက ကျွန်တော်တို့ ဒီဥစ္စာက တော်တော်နည်းသွားမယ် ထင်ပါတယ်။ ကျွန်တော်တို့ ဒီမှာအသေးစိတ်ရှိပါတယ်။ ဘယ်ကျောင်းမှာဘယ်လောက် ဒီနှစ်ကစခေါ်မယ် ဆိုတာ အသေးစိတ်လုပ်ထားပြီးပါပြီ။ မကြာခင်အချိန်အတွင်းမှာတော့ ကျွန်တော်တို့ ဒီ သူနာပြု/သားဖွား ကိစ္စနှင့်ပတ်သက်ပြီးတော့ အဆင်ပြေမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးကို ကျွန်တော်တင်ပြ ချင်တာကတော့ လာမယ့် ၂၀၁၈ ခုနှစ် ရွေးတဲ့အထဲမှာ ဆရာတို့ လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ ဒီ အထူးကိစ္စရပ်အနေနဲ့တော့ ပိုမိုတင်ပေးပါ။ ကျွန်တော်တို့က ယူမှာလုံးဝဝန်မလေးပါဘူး။ အဲဒါကိုတင်ပြ ရင်း ကျွန်တော့်အနေနဲ့ နိဂုံးချုပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်ခင်ဗျား။

**မိုးမိတ်မြို့နယ်တွင် တိုင်းရင်းဆေးရုံဆောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုးမိတ်မဲဆန္ဒနယ်မှ ဦးတိုးသောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတိုးသောင်(မိုးမိတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတိုးသောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းက မိုးမိတ်မြို့နယ်မှာ တိုင်းရင်းဆေးရုံလေး ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိုးမိတ်မြို့နယ်ဟာ ရှမ်းစော်ဘွားလက်ထက်ကတည်းက တည်ခဲ့တဲ့မြို့ဖြစ်ပါတယ်။ အဲဒီတော့ ဒီမှာဆိုလို့ရှိရင် တိုင်းရင်းသားပေါင်းစုံနေထိုင်ကြတဲ့မြို့လည်း ဖြစ်ပါတယ်။ အဲဒီတော့ တိုင်းရင်းသားများဟာ ရိုးသားကြပြီးတော့ ယခုခေတ်ဆေးထိုးရမှာကိုလည်း ကြောက်ရွံ့ကြတဲ့လူတွေလည်းရှိပါတယ်။ ဒါကြောင့်မို့ ဆေးထိုးရမှာကြောက်တဲ့အပြင် ငွေကြေးမတတ်နိုင်တာလည်းရှိပါတယ်။ ဆေးရုံတွေသွားလို့ရှိရင် အထိုက်အလျောက်တော့ ငွေကြေးကုန်ကျတာ ရှိပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ရဲ့မိုးမိတ်မြို့နယ်မှာ ရိုးရာတိုင်းရင်းဆေးပေးခန်း၊ ရိုးရာတိုင်းရင်းဆေးရုံဆောက်ပေးဖို့ အစီအစဉ်လေးများရှိ/မရှိ ကျွန်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ မိုးမိတ်မဲဆန္ဒနယ်မှ ဦးတိုးသောင်၏မေးခွန်းဖြစ်တဲ့ မိုးမိတ်ခရိုင်မှာ တိုင်းရင်းဆေးရုံတစ်ရုံဖွင့်လှစ်ပေးရန်ကိစ္စနှင့် ဖြေကြားမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ဆေးရုံဆေးကုသခန်းများတိုးချဲ့ဆောက်လုပ်ရာမှာဆိုရင် ပထမဦးဆုံး (၁)အချက်က ဆောက်လုပ်မည့်မြေနေရာနှင့် ပတ်ဝန်းကျင်၌ အခြားကျန်းမာရေးစောင့်ရှောက်တဲ့ဌာနများတည်ရှိမှုရှိ/မရှိ၊ လူဦးရေသိပ်သည်းမှုရှိ/မရှိ၊ လိုအပ်တဲ့မြေဧရိယာရှိမှု ရှိ/မရှိ၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဝန်ထမ်းများလုံခြုံရေးကောင်းမှုရှိ/မရှိ၊ နောက်တစ်ချက်ကတော့ မြန်မာ့တိုင်းရင်းဆေးအားနယ်မြေဒေသခံက ဘယ်လောက်ယုံကြည်မှုရှိသလဲ ဒါတွေကို ကြည့်ပါတယ်။ နောက် ဘတ်ဂျက်ခွင့်ပြုမှုအပေါ် နေပြီးတော့ ကျွန်တော် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ခြုံငုံသုံးသပ်ပြီးမှ ဆောက်သင့်တဲ့ ဆေးရုံဆောက်ပါတယ်။ တိုးသင့်တဲ့ဆေးရုံကို တိုးပါတယ်။ ကျွန်တော့်အနေနဲ့ လက်ရှိအခြေအနေမှာတော့ ရှမ်းပြည်နယ်အတွင်းမှာ မြို့နယ်တိုင်းရင်းဆေးကုဌာန ၂၀ ခန့်နှင့် တောင်ကြီးမှာတော့ ခုတင် ၅၀ ဆံ့တိုင်းရင်းဆေးရုံတစ်ရုံ ဖွင့်လှစ်ထားပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း အခုလောလောဆယ်မှာ ရှမ်းပြည်နယ်အနေနဲ့ ၂၅ ခုတင်ဆံ့တိုင်းရင်းဆေးရုံ(ကျိုင်းတုံ)နှင့် ၁၆ ခုတင်တိုင်းရင်းဆေးရုံ(ကျေးသီး)တို့ကိုလည်း ဖွဲ့စည်းပုံကျပြီးဖြစ်တဲ့ အဆောက်အဦတည်ဆောက်ပြီးဖြစ်သဖြင့် ဆက်စပ်လုပ်ငန်းများပြီးစီးပါက မကြာမီဆေးရုံစတင်လည်ပတ်တော့မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီမှာကြည့်တဲ့အခါမှာ

မိုးမိတ်မြို့နဲ့ ၃၅ မိုင်ဝေးတဲ့ ရှမ်းပြည်နယ်၊ မဘိမ်းမှာတော့ရှိပါတယ်။ နောက် မိုးကုတ်မှာလည်း တစ်ခု ရှိပါတယ်။ ကျွန်တော့်အနေနဲ့ မိုးမိတ်ကတော့ မြို့နယ်အဆင့်ပေးလို့မရဘူး။ ခရိုင်အဆင့်ပေးရမယ်။ ဒါပေမဲ့ လောလောဆယ်မှာ ခရိုင်အဆင့်ပေးလို့မရတဲ့နေရာတွေကို မြို့နယ်တိုင်းရင်းဆေးခန်းဆိုပြီး တော့ အားလုံးပေါင်း တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၅ ခုမှာ အားလုံး ၂၁၀ ပေးပါတယ်။ ကျွန်တော် တို့က ဒီပုံစံနဲ့လုပ်ဖို့ရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ မိုးမိတ်က ခရိုင်အဆင့်ဆေးရုံဆိုလို့ရှိရင် မြေဧရိယာကတော့ လေးဧကနဲ့ အဆောက်အဦတည်ဆောက်ဖို့အတွက် RC နှစ်ထပ်ကို သိန်းပေါင်း ၁၇၉၀ သိန်းကုန်မယ်။ ဝန်ထမ်း ၄၈ ဦးခန့်ရမယ်။ နောက်တစ်ချက်က ဝန်ထမ်းအိမ်ရာအတွက် RC လေးခန်းတွဲ လေးထပ်ကလည်း သိန်းပေါင်း ၄၄၆၀ ဆိုတော့ လောလောဆယ် ဒီပိုက်ဆံကိုတော့ သိပ်မရှိတဲ့အတွက် ကျွန်တော်တို့က မလုပ်သေးပါဘူး။ နောက်တစ်ချက်က ကျွန်တော့်အနေနဲ့ တင်ပြ ချင်တာက တိုင်းရင်းဆေးရုံကိုတော့ ဆောက်ပေးမယ်။ သို့သော် များသောအားဖြင့် ပြည်သူများသည် Emergency ဖြစ်လို့ရှိရင်တော့ တိုင်းရင်းဆေးရုံကို များသောအားဖြင့် မသွားပါဘူး။ အနောက်ပိုင်း ဆေးရုံကိုပဲ သွားတာများပါတယ်။ အဲဒီတော့ နည်းနည်းလေးဝေးရင်လည်း သူတို့က သွားလို့ရပါတယ်။ Emergency ဖြစ်ရင် အနောက်ပိုင်းဆေးရုံလာတဲ့အတွက်။ သို့သော်လည်း မိုးမိတ်မြို့ကို လူဦးရေ ပြန်ကြည့်တဲ့အခါမှာ ၆၃၀၀၀ ရှိတယ်။ လွှတ်တော်ကိုယ်စားလှယ်ကလည်း တောင်းထားတာ ဖြစ်တဲ့အတွက် ကျွန်တော်တို့က အခုလောလောဆယ်မှာ မိုးမိတ်မြို့နယ်၊ ဟော်နန်းရပ်ကွက်၊ ကွင်း အမှတ်(၁၉)၊ ဗောဓိကုန်းရပ်ကွက်မှာ ရှမ်းပြည်နယ်အစိုးရခွင့်ပြုချမှတ်ထားသည့် မြေဧက ၀.၀၉၆ ဧက၊ ၇၀ ပေ x ၆၀ ပေ နေရာတစ်ခုရှိပါတယ်။ အဲဒီမှာ တိုင်းရင်းဆေးဆရာသုံးဦးနှင့် အခြားဝန်ထမ်းနှစ်ဦး ပါဝင်တဲ့ အခုနက ကျွန်တော်တင်ပြတဲ့ မြို့နယ်တိုင်းရင်းဆေးခန်းတစ်ခုကို ဆောက်ဖို့အတွက်ကို ဒီနှစ် လာမယ့်ဘတ်ဂျက်မှာတင်ပါတယ်။ တင်တဲ့အခါလည်း အခုနက တင်ပြတဲ့အတိုင်းပဲ။ ကျွန်တော်တို့ အဆင့်ဆင့်သွားရပါတယ်။ ဒါကတော့ ဖြစ်အောင်လုပ်ပေးပါမယ်။ ဘာလို့လဲဆိုတော့ ကြည့်တဲ့အခါ မိုးမိတ်က လူဦးရေ ၆၀၀၀၀ လည်းရှိတဲ့အခါကျတော့ ဒါကိုတော့ ကျွန်တော်တို့လုပ်ပေးမယ်။ ဆေးနှင့် ပတ်သက်လည်း ပူစရာမရှိပါဘူး။ ကျွန်တော်တို့မှာ စက်ရုံလည်း ရှိပါတယ်။ ကျွန်တော်ကိုယ်တိုင် Save လုပ်တဲ့အတွက် ဒါကို လုပ်ပေးမယ်၊ ဆောက်ပေးမယ်ဆိုကြောင်း ကျွန်တော်တင်ပြအပ်ပါတယ်။ ကျေးဇူး အများကြီးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။ မေးခွန်းများဖြေကြားပြီးတဲ့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကပေးပို့သော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ များနှင့်စပ်လျဉ်း၍ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ပဉ္စမပုံမှန်အစည်းအဝေး(၄၄)ရက်မြောက်နေ့ ၁၄-၈-၂၀၁၇ ရက်နေ့တွင် လွှတ်တော်သို့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အဆို တင်ပြခဲ့ပြီး

ဖြစ်ပါတယ်။ ၎င်းနည်းဥပဒေများနှင့်စပ်လျဉ်းပြီး ပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲများအလိုက် ၁၆-၈-၂၀၁၇ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်တောင်းခံခဲ့ရာ ဦးဝင်းထွတ်(ဖျာပုံမဲဆန္ဒနယ်)က အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းနည်းဥပဒေများနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ နည်းဥပဒေများ၏ခေါင်းစဉ်၊ နိဒါန်းမှအစ၊ နည်းဥပဒေ၊ နည်းဥပဒေခွဲများနှင့် နည်းဥပဒေတစ်ခုလုံးပါဝင်မှာ ဖြစ်ပါတယ်။ နည်းဥပဒေ၊ နည်းဥပဒေခွဲအလိုက် အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေး တင်ပြဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိတဲ့ နည်းဥပဒေ၊ နည်းဥပဒေခွဲများကို ဥပဒေကြမ်းကော်မတီက ဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒ၊ သဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့အချက်(၁၄)ချက်အား တင်သွင်းဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအားဖိတ်ခေါ်ပါတယ်။

**ဦးနေမျိုးထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးနေမျိုးထွန်းဖြစ်ပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ အရ အတည်ပြုပေးနိုင်ပါရန် လွှတ်တော်သို့ တင်သွင်းသွားမှာ ဖြစ်ပါတယ်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ပေးပို့လာသော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများကို ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပထမနေ့ဖြစ်သည့် ၁၈-၅-၂၀၁၇ ရက်နေ့(ကြာသပတေးနေ့)တွင် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၁ နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းနည်းဥပဒေများကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၄)ရက်မြောက်နေ့ဖြစ်သည့် ၁၄-၈-၂၀၁၇ ရက်နေ့(တနင်္လာနေ့)တွင် လွှတ်တော်သို့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အဆိုများကို တင်ပြခဲ့ပြီးလည်း ဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုများကို ၁၆-၈-၂၀၁၇ ရက်(ဗုဒ္ဓဟူးနေ့)နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထွတ်(ဖျာပုံမဲဆန္ဒနယ်)က ဆွေးနွေးရန်နှင့် ပြင်ဆင်ချက်အဆိုများ တင်သွင်းလာပါတယ်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ၁၄-၂-၂၀၁၈ ရက်(ဗုဒ္ဓဟူးနေ့)တွင် ပြင်ဆင်ချက်အဆိုတင်သွင်းသူပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထွတ်(ဖျာပုံမဲဆန္ဒနယ်)၊ ပြည်သူ့လွှတ်တော်စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြည်သူ့လွှတ်တော်ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့်ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးပွဲကျင်းပခဲ့ပါတယ်။ ယင်းညှိနှိုင်းအစည်းအဝေးပွဲ၏ သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏

ပြင်ဆင်ရန်တင်ပြချက်မှာ ၁၄ ချက်ရှိပြီး ပြင်ဆင်ရန်တင်ပြချက်ဇယားကို လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ကန့်လန့်ဖြတ်ဇယားဖြင့် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက် ၁၄ ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက် ၁၄ ချက်ကို ဝန်ကြီးဌာနအနေဖြင့် သဘောတူပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့ ပြင်ဆင်ချက် ၁၄ ချက်အားအတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် ၁၄ ချက်သည် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်အတိုင်း ဤနည်းဥပဒေများရဲ့အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ နည်းဥပဒေ၊ နည်းဥပဒေခွဲများကိုလည်း တစ်ပါတည်း အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့ နည်းဥပဒေ၊ နည်းဥပဒေခွဲအတိုင်းအတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့ နည်းဥပဒေ၊ နည်းဥပဒေခွဲအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဦးအောင်သောင်းရွှေ၊ ဘူးသီးတောင်မဲဆန္ဒနယ်က တင်သွင်းသည့် ရခိုင်ပြည်နယ်၊ မြောက်ပိုင်းဒေသတွင် နိုင်ငံတော်၏အချုပ်အခြာ အာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် လည်းကောင်း၊ ဒေသခံဌာနေတိုင်းရင်းသားတို့၏ အသက်အိုးအိမ်၊ ထာဝရလုံခြုံမှုရှိသော လူမှုဘဝကိုထူထောင်နိုင်ရန် ဒေသခံတိုင်းရင်းသားတို့၏ လိုအပ်ချက်များကို ရေတိုရေရှည် စီမံကိန်းများ ပွင့်လင်းမြင်သာစွာချမှတ်၍ ထိရောက်သော အကောင်အထည်ဖော်ဆောင်ရွက်မှု များကိုပြုလုပ်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးအောင်သောင်းရွှေ၊ ဘူးသီးတောင် မဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ (၇-၂-၂၀၁၈)ရက်နေ့တွင် တင်သွင်းတဲ့ ရခိုင်ပြည်နယ်၊ မြောက်ပိုင်းဒေသတွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက်လည်းကောင်း၊ ဒေသခံတိုင်းရင်းသားတို့၏ အသက်အိုးအိမ်၊ ထာဝရလုံခြုံမှုရှိသော လူမှုဘဝကို ထူထောင်နိုင်ရန် ဒေသခံတိုင်းရင်းသားတို့၏ လိုအပ်ချက်များကို ရေတိုရေရှည်စီမံကိန်းများ ပွင့်လင်းမြင်သာစွာချမှတ်၍ ထိရောက်သော အကောင် အထည်ဖော်ဆောင်ရွက်မှုများကိုပြုလုပ်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ် ၁၇ ဦး ရှိပါတယ်။ ကိုယ်စားလှယ်များအနေနဲ့ ဆွေးနွေးတဲ့အခါမှာ လွှတ်တော်မှာဆွေးနွေးတဲ့ စည်းကမ်းချက်များ၊ ပြဋ္ဌာန်းချက်များနှင့်အညီ ဆွေးနွေးပေးစေလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မောင်တောမဲဆန္ဒနယ်မှ ဦးလှထွန်းကျော် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးလှထွန်းကျော်(မောင်တောမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်က တော့ ရခိုင်ပြည်နယ်၊ မောင်တောမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းကျော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဘူးသီးတောင်မဲဆန္ဒနယ် ဦးအောင်သောင်းရွှေရဲ့တင်သွင်းခဲ့တဲ့အဆိုကို အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့တင်ပြချက်ကို လေ့လာ တဲ့နေရာမှာ အပိုင်းနှစ်ပိုင်းတွေ့ရပါတယ်။ (၁) ရခိုင်ပြည်နယ်၊ မြောက်ပိုင်းဒေသမှာ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေး၊ (၂) ဒေသခံတိုင်းရင်းသားတို့၏အသက်အိုးအိမ်၊ ထာဝရလုံခြုံမှုရှိသော လူမှုဘဝကို တည်ထောင်နိုင်ရန် ဒေသခံတိုင်းရင်းသားတို့၏လိုအပ်ချက်များကို ရေတိုရေရှည်စီမံကိန်းများ ပွင့်လင်းမြင်သာစွာချမှတ်၍ ထိရောက်သောအကောင်အထည်ဖော်မှုများ ပြုလုပ်ပေးရေးဆိုတဲ့အချက်နှစ်ချက်ကို တွေ့ရမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့တင်ပြချက်ဟာ အပိုင်းနှစ်ပိုင်းတွေ့ရမှာဖြစ်ပေမဲ့ တစ်ခုနဲ့တစ်ခုဟာ ဆက်စပ်မှုရှိနေတာကို တွေ့ရပါတယ်။ ပထမအချက်ခိုင်မြဲပါမှ ဒုတိယအချက်ဖြစ်တဲ့ ဌာနေတိုင်းရင်းသားများအတွက် နိုင်ငံတော်အစိုးရက အကောင်အထည်ဖော်မည့် ရေတို ရေရှည်စီမံကိန်းကို ဆောင်ရွက်နိုင်မှာဖြစ်သလို

ဒေသခံတိုင်းရင်းသားတွေရဲ့အနာဂတ်လုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှု၊ ဘဝအာမခံချက်ပေးနိုင်မှုလည်း နိုင်ငံတော်၏အချုပ်အခြာအာဏာဆိုတဲ့ တည်တံ့ခိုင်မြဲမှုကိုဆောင်ရွက်ပေးတဲ့ ရည်ရွယ်ချက် ပေါက်မြောက်အောင်မြင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒေသခံဌာနေတိုင်းရင်းသားများရဲ့ အနာဂတ်ဘဝ တည်ငြိမ်အေးချမ်းမှု၊ ဘဝအာမခံချက်ပေးနိုင်ရေးအတွက် လက်ရှိပြည်သူက ရွေးကောက်တင်မြှောက် တဲ့အစိုးရရဲ့ပြန်လည်ထူထောင်ရေးဆောင်ရွက်နေတဲ့ မိမိရဲ့မဲဆန္ဒနယ်မြေက ပကတိအခြေအနေကို ဖော်ပြရင်း အကြံပြုတိုက်တွန်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့မဲဆန္ဒနယ်မြေဖြစ်တဲ့ မောင်တောမြို့နယ်ဟာ ဌာနေတိုင်းရင်းသားကျေးရွာပေါင်း ၇၀ နီးပါးနဲ့ မြို့ပေါ်မှာ ရပ်ကွက်လေးခု၊ ဌာနေတိုင်းရင်းသား ၃၈၀၀၀ ကျော် မှီတင်းနေထိုင်ကြပါတယ်။ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့ နယ်ခြားစောင့်စခန်း ၃၀ ကို တစ်ပြိုင်တည်း ဘင်္ဂါလီအကြမ်းဖက်သမားများ ဝင်ရောက်တိုက်ခိုက်ပြီးတဲ့နောက်ပိုင်းမှာ အထက်ကဖော်ပြခဲ့တဲ့ လူဦးရေရဲ့ ၅၀ ရာခိုင်နှုန်းလူတို့ဟာ မိမိတို့ရဲ့ပိုင်ဆိုင်တဲ့အိုးအိမ်၊ ကျွဲ၊ နွား၊ ဆန်ရေ၊ စပါးတွေကို စွန့်ပစ်ပြီးတော့ မြို့အနီးပတ်ဝန်းကျင်လုံခြုံမှုရှိတဲ့နေရာကိုသော်လည်းကောင်း၊ အချို့ကတော့ ရခိုင်ပြည်နယ်အတွင်း မြို့များကိုသော်လည်းကောင်း၊ အချို့ကတော့ ပြည်မဖြစ်တဲ့ ရန်ကုန်၊ နေပြည်တော်အထိ နေရပ်စွန့်ခွာသွားခဲ့ပြီး ဖြစ်ပါတယ်။ ယခုအခါမှာ ကျန်ရစ်တဲ့ ၅၀ ရာခိုင်နှုန်းသော ဌာနေတိုင်းရင်းသားများမှာလည်း လုံခြုံမှုအပြည့်အဝမရှိသေးတဲ့အတွက် ဘင်္ဂါလီများ သတ်ဖြတ်မှုတွေ၊ ကျွဲ၊ နွားများ လုယူမှုတွေ မကြာခဏကြုံတွေ့နေရပြီးတော့ မိရိုးဖလာ တောတောင် များကို မှီခိုစားသောက်နေထိုင်ကြတဲ့ မူလနေရပ်ဒေသမှာ ရပ်တည်နေထိုင်ဖို့ အခက်အခဲပေါင်း မြောက်မြားစွာ ကြုံတွေ့နေရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အရေးအခင်းဖြစ်ပြီးနောက်ပိုင်းမှာ နိုင်ငံတော်အစိုးရ က ရခိုင်ပြည်နယ်၊ မြောက်ပိုင်းဒေသ မောင်တော၊ ဘူးသီးတောင်ဒေသများမှာ ပြန်လည်ထူထောင်ရေး၊ လူသားချင်းစာနာမှုအထောက်အကူပြု ကူညီထောက်ပံ့ရေးအဖွဲ့ဆိုတဲ့ UEHRD အဖွဲ့ဖွဲ့စည်းဆောင်ရွက် ပေးသွားရန် ကြေညာတဲ့အခါမှာ ဒေသခံဌာနေတိုင်းရင်းသားများက ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ရပါ တယ်။ ဒါပေမဲ့ လက်တွေ့မှာတော့ အသက်အိုးအိမ် ထိခိုက်မှုအများဆုံးခံစားခဲ့ရတဲ့ မောင်တော တောင်ပိုင်းဒေသ ၃-၈-၂၀၁၇ ရက်နေ့ မြိုတိုင်းရင်းသားတိုင်းရင်းသူရှစ်ဦး အသတ်ခံခဲ့ရတဲ့ ကိုင်းကြီး ကျေးရွာနှင့်လည်းကောင်း၊ မောင်တောမြောက်ပိုင်းဒေသမှာ ရွာလုံးကျွတ်မီးရှို့ဖျက်ဆီးခံရပြီးတော့ လူငါးဦးအထိ အသတ်ခံခဲ့ရတဲ့ ခူတိုင်၊ မြိုတိုင်းရင်းသားရွာနှင့်လည်းကောင်း၊ ခမောင်းဆိပ်ကျေးရွာ အုပ်စု ရေဘောက်ဂျာကျေးရွာ ဟိန္ဒူလူမျိုး အစုလိုက်၊ အပြုံလိုက် အသတ်ခံခဲ့ရတဲ့ ကျန်ရစ်သူများအတွက် သစ်တုံးနားခွဆုံကျေးရွာများ၌လည်းကောင်း အိုးအိမ်ပြန်လည်တည်ဆောက်ပေးရန် စီမံထားကြောင်း သိရပါတယ်။ ဒါပေမဲ့ စီမံကိန်းကာလဟာ ငါးလကျော်ကြာသည့်တိုင်အောင် ဒုက္ခရောက်နေသူ ဒေသခံ တိုင်းရင်းသားတွေဟာ ကိုယ်ထူကိုယ်ထယာယီတဲအိမ်များနဲ့ပဲ ရှိနေပါသေးတယ်။ အချို့သော ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှလည်း ကူညီထောက်ပံ့မှုဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်နေပေမဲ့ ယခုအထိ အစပျိုးမှုအဆင့်သာ တွေ့မြင့်နေရပါတယ်။ အသက်အန္တရာယ်ထိခိုက် မှုမရှိပေမဲ့ နယ်စပ်တစ်လျှောက်မှာ မှီတင်းနေထိုင်ကြတဲ့ အခြားသော ရခိုင်၊ မြို၊ သက်၊ ဒိုင်းနက်၊

မရမာကြီး တိုင်းရင်းသားများမှာလည်း အခြေခံစားသောက်ကုန်ရှားပါးမှုတွေ၊ ကျန်းမာရေးဆေးဝါး ရှားပါးမှုတွေ၊ အခက်အခဲမျိုးစုံနဲ့ ပိတ်မိနေကြသူတွေကို တာဝန်ရှိသူများက လစ်လျူရှုခံနေရတဲ့ဘဝ ရောက်နေကြတာလည်း ပကတိအခြေအနေတစ်ရပ်ဖြစ်နေပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါမှာ UEHRD အဖွဲ့အနေနဲ့ ကျပ်ဘီလီယံ ပေါင်းမြောက်မြားစွာအကုန်ကျခံပြီးတော့ ပြန်လည်ထူထောင်ပေးရေးလုပ်ငန်းများ ဆောင်ရွက်တဲ့ နေရာမှာ ဒေသခံတိုင်းရင်းသားများရဲ့အထက်ကဖော်ပြတဲ့အတိုင်း ပကတိအခြေအနေတစ်ရပ် အခက်အခဲ၊ အကျပ်အတည်းများကို အကောင်အထည်ဖော်ပေးနိုင်ခြင်းမရှိသေးဘဲနဲ့ နိုင်ငံသားမဟုတ်တဲ့ ခိုးဝင်ဘင်္ဂါလီများအတွက်သာ ကူညီဆောင်ရွက်ပေးနေတာ တွေ့ရပါတယ်။ ခိုးဝင်ဘင်္ဂါလီများဟာ မူရင်းဘင်္ဂါလီအမည်ကနေ နာမည်လိမ် ရိုဟင်ဂျာအမည်သစ် ရရှိခဲ့တဲ့အတွက် ကြိုးပမ်းရာမှာ ကမ္ဘာ့နိုင်ငံများရဲ့ထောက်ခံမှုရရှိအောင် ကြိုးပမ်းနေခြင်းသာဖြစ်ပါတယ်။ နယ်ခြားစောင့်စခန်း ၃၀ ကို တစ်ပြိုင်တည်းဝင်စီးခြင်းဟာ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာကို တိုက်ရိုက်ထိသွားခြင်းဖြစ်ပါတယ်။ ဒေသခံတွေကို သတ်ဖြတ်တာတွေဟာလည်း တည်ဆဲဥပဒေများကို ချိုးဖောက်ခြင်းများ ပြုလုပ်ပြီးတော့ စနစ်တကျစီမံပြီး ထွက်ပြေးသွားခြင်းသာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါမှာ UEHRD က ပြန်လည်ပြီးတော့ ။

**ဥက္ကဋ္ဌ။** ။ နိဂုံးချုပ်ပါ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ။** ။ တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်နီနီမေမြင့်(တောင်ကုတ်မဲဆန္ဒနယ်)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မကတော့ ရခိုင်ပြည်နယ်၊ တောင်ကုတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမေမြင့် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးအောင်သောင်းရွှေ တင်သွင်းသော ရခိုင်ပြည်နယ်၊ မြောက်ပိုင်းဒေသတွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် ဒေသခံဌာနေတိုင်းရင်းသားတို့၏ အသက်အိုးအိမ်၊ ထာဝရလုံခြုံမှုရှိသော လူမှုဘဝကို ထူထောင်နိုင်ရန် ဒေသခံတိုင်းရင်းသားတို့၏ လိုအပ်ချက်များကို ရေတိုရေရှည်စီမံကိန်းများ ပွင့်လင်းမြင်သာစွာချမှတ်၍ ထိရောက်သောအကောင်အထည်ဖော်ဆောင်ရွက်မှုများကို ပြုလုပ်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရှင်။ ကျွန်မအနေနဲ့ ကျွန်မတို့ရခိုင်ပြည်နယ် အရေးအတွက် ဒီအဆိုကို တင်သွင်းသွားတဲ့အဆိုရှင်ကို ကျေးဇူးတင်ကြောင်း ဦးစွာပြောကြားလိုပါတယ်။ ယခုလက်ရှိ ရခိုင်ပြည်နယ်နဲ့ပတ်သက်ပြီး အစိုးရရဲ့လုပ်ဆောင်နေတဲ့အချက်တွေအပေါ်မှာ ဖြည့်စွက်ပြီးတော့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။ ဒီနေရာမှာ အစိုးရရဲ့မြေပြင်ဆောင်ရွက်ချက်တွေ အပေါ်မှာ ဒေသခံပြည်သူများအနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်ရန် အင်မတန်မှ အရေးကြီးတယ်ဆိုတာကို ထည့်သွင်းဆွေးနွေးလိုပါတယ်။ ဘယ်လောက်ပဲ အစိုးရရဲ့စီမံချက်နဲ့ဆောင်ရွက်မှုတွေ ကောင်းနေပါစေ၊ ပြည်သူပူးပေါင်းဆောင်ရွက်မှုတွေမပါဝင်ရင် အောင်မြင်နိုင်မှာ မဟုတ်ပါဘူး။

ဒါ့အပြင် ဒေသခံဌာနေတိုင်းရင်းသားတို့ရဲ့အသက်အိုးအိမ်၊ နယ်မြေတည်တံ့ခိုင်မြဲရေးနှင့် ထာဝရ လုံခြုံမှုရှိသော လူမှုဘဝကိုထူထောင်နိုင်ရန် တိုင်းရင်းသားတို့၏လိုအပ်ချက်များဆိုတဲ့နေရာမှာ နိုင်ငံရေးလိုအပ်ချက်၊ လူမှုရေးလိုအပ်ချက်များကို ပွင့်လင်းမြင်သာစွာဖြင့် အစိုးရအနေနဲ့ ဘယ်လောက်ဆောင်ရွက်ပြီးစီးနေခဲ့ပြီလဲ။ ဘာတွေဆက်လက်ဆောင်ရွက်ရန် ရှိနေပါသလဲဆိုတာကို လည်း ကျွန်မတို့ သိရှိလေ့လာနိုင်ရန် လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မလေ့လာမိသလောက်တော့ နိုင်ငံရေးလိုအပ်ချက်နှင့်ပတ်သက်တဲ့ အရေ အတွက်အရ လူနည်းစုတိုင်းရင်းသားများအပါအဝင် အဆိုပါလူနည်းစုတိုင်းရင်းသားများထဲမှကိုပဲ ပိုမိုပြီးကိုယ်စားပြုခွင့်နည်းလှတဲ့ လူနည်းစုတိုင်းရင်းသားတွေဖြစ်တဲ့ မြို၊ သက်၊ ခမီ၊ ကမန်၊ ဒိုင်းနက်၊ မရမာကြီးစတဲ့ ဌာနေတိုင်းရင်းသားများရဲ့ဓလေ့ထုံးတမ်းယဉ်ကျေးမှုတွေ မပျောက်ပျက်အောင် ထိန်းသိမ်း နိုင်ရေးအတွက် UN Habited အဖွဲ့ထံမှ အကြံဉာဏ်ရယူရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင် ညွှန်ကြားခဲ့ကြောင်းကိုလည်း လေ့လာသိရှိရပါတယ်။ နိုင်ငံရေးအရ ကိုယ်စားပြုမှုအရေ အတွက်အားနည်းတဲ့ဌာနေတိုင်းရင်းသားများရဲ့ အမှတ်သင်္ကေတတွေကို ထိန်းသိမ်းနိုင်ရေးဟာလည်း နိုင်ငံရေးအရ ထည့်သွင်းစဉ်းစားရမယ့် လိုအပ်ချက်တစ်ခုပဲ ဖြစ်ပါတယ်။ ကျွန်မတို့ရခိုင်ပြည်နယ်သား တွေရဲ့လုံခြုံဖွံ့ဖြိုးရေး၊ တိုးတက်ရေးဆိုရင် ရခိုင်တိုင်းရင်းသားတွေအပါအဝင် ဖော်ပြပါလူနည်းစု ပြည်နယ်သားတွေကိုလည်း ချန်လှပ်ထားလို့မရနိုင်ပါဘူး။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအမြင်ပြောရရင် UEHRD ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက် ၍ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီထောက်ပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ချက်များမှာ ရခိုင်တိုင်းရင်းသားတွေအပါအဝင် အခြားအငြင်းပွားစရာ မရှိတဲ့ တိုင်းရင်းသားလူမျိုးစုတွေအတွက်ပါ ထည့်သွင်းစဉ်းစားဆောင်ရွက်ထားတာကို လေ့လာသိရှိ ရပါတယ်။ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးကိစ္စရပ်များအပါအဝင် လူသားချင်း စာနာထောက်ထားမှုအကူအညီများ ထိထိရောက်ရောက်ပေးအပ်ဆောင်ရွက်နိုင်ရေးနှင့် ပွင့်လင်း မြင်သာမှုပိုင်းကို ချိတ်ဆက်ကြည့်လိုက်ရင် ရခိုင်ပြည်နယ်အတွင်းမှ ရခိုင်တိုင်းရင်းသားများ၏ပူးပေါင်း ပါဝင်မှုကိုသာမက နိုင်ငံတစ်နံတစ်လျားက လူငယ်တိုင်းရင်းသားများရဲ့ပြည်ထောင်စုစိတ်ဓာတ်ကိုပါ ပြသခွင့်ရတဲ့ လူငယ်အတွက် ရက် ၂၀ အစီအစဉ်ကနေ စေတနာ့ဝန်ထမ်းလူငယ်များရဲ့ပါဝင်ခွင့်ကို အင်တာနက်စာမျက်နှာများမှတစ်ဆင့် ပွင့်လင်းမြင်သာစွာ ဖိတ်ခေါ်ခဲ့တာကိုလည်း သိရှိရပါတယ်ရှင်။ အဆိုပါလူငယ်အင်အားစုများအနေဖြင့် အကူအညီပေးသည့်အကြိမ်အရေအတွက်မှာလည်း လေးကြိမ် ရှိပြီဖြစ်ကြောင်းကိုလည်း လေ့လာသိရှိရပါတယ်ရှင်။ ပြည်ထောင်စုအစိုးရအဖွဲ့မှလည်း ပြန်လည် ထူထောင်ရေးဆိုင်ရာစီမံကိန်းများနှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးကိစ္စရပ်များနှင့်ပတ်သက်လို့ ပြည်ထောင်စုလွှတ်တော်မှာ ပွင့်လင်းမြင်သာစွာရှင်းလင်းခဲ့တာကိုလည်း တွေ့ရှိခဲ့ရပြီ ဖြစ်ပါတယ်။ ကျွန်မတို့လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အဆိုပါစီမံကိန်းများ အောင်မြင်ထိရောက်စွာ အကောင်အထည်ဖော်မှုရှိ/မရှိကို စောင့်ကြည့်ထိန်းညှိရမှာ ဖြစ်ပါတယ်ရှင်။ သို့ဖြစ်ပါ၍ အစိုးရအနေ ဖြင့် ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ နိုင်ငံရေး၊ နိုင်ငံတကာအရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဘက်ပေါင်းစုံမှ ကြိုးစားလုပ်ဆောင်နေတယ်ဆိုတာကို အငြင်းပွားဖွယ်မရှိ ကျွန်မတို့ တွေ့မြင်နေရပါ

တယ်။ ယခုထက် မြန်မြန်ဆန်ဆန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်နိုင်ဖို့ဆိုရင် ကျွန်မတို့ ရခိုင်ပြည်နယ်သူပြည်နယ်သားများအားလုံးကလည်း ပြည်ထောင်စုအင်အားအဖြစ် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမယ်လို့ ထင်မြင်မိပါတယ်။ ဒါမှသာ နိုင်ငံတကာမျက်နှာစာမှာ ကျွန်မတို့ရခိုင်လူမျိုးများရဲ့ပူးပေါင်းဆောင်ရွက်လိုစိတ်ရှိမှုနဲ့ စည်းလုံးညီညွတ်မှုကို ပြသနိုင်မှာဖြစ်ပါတယ်လို့ ပြောကြားရင်း ကျွန်မရဲ့ဆွေးနွေးချက်ကို နိဂုံးချုပ်လိုက်ရပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်ပုံမဲဆန္ဒနယ်မှ ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို(ဒေါ်ပုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒေါ်ပုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို ဖြစ်ပါတယ်။ ဘူးသီးတောင်မဲဆန္ဒနယ်က ဦးအောင်သောင်းရွှေရဲ့အဆိုကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါ။ အဆိုရဲ့အကြောင်းအရာမှာပါရှိတဲ့ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာနဲ့နယ်မြေတည်တံ့ခိုင်မြဲရေး၊ ဒေသခံဌာနေတိုင်းရင်းသားတို့ရဲ့ ထာဝရလုံခြုံရေးလူမှုဘဝတွေကို ထူထောင်ဖို့ဆိုတဲ့အချက်အလက်တွေကို အဆိုရှင်က ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပုဒ်မ ၃၈၅၊ ပုဒ်မ ၂၁ ပုဒ်မခွဲ(ဂ)တို့နှင့် ထည့်သွင်းဆွေးနွေးထားတာကို တွေ့ရပါတယ်။ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာနှင့်နယ်မြေတည်တံ့ခိုင်မြဲရေးတို့ဟာ အရေးပါတဲ့အချက်တွေအဖြစ် ပုဒ်မ ၃၈၅ မှာ ထည့်သွင်းပြဋ္ဌာန်းပြီးသားဖြစ်တာကို တွေ့ရပါတယ်။ ဒေသခံဌာနေတိုင်းရင်းသားတို့ရဲ့ ထာဝရလုံခြုံမှုရှိသော လူမှုဘဝကိုထူထောင်ဖို့အတွက် အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ(ဂ)မှာ ထည့်သွင်းထားတာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါ အရေးပါတဲ့အကြောင်းအရာတွေကို ဆောင်ရွက်ရာမှာ တိုင်းပြည်ရဲ့လိုအပ်ချက်အရ နိုင်ငံသားတိုင်းမှာတာဝန်ရှိတဲ့ဟာဖြစ်တာကို ပုဒ်မနှစ်ခုလုံးမှာ နိုင်ငံသားတိုင်းရဲ့တာဝန်ဖြစ်တယ်လို့ ပြဋ္ဌာန်းထားတာကို အတိအလင်းတွေ့ရှိရတာဖြစ်ပါတယ်။ အလားတူပဲ နိုင်ငံမှာ ပုံမှန်အနေအထားတစ်ခု ထိခိုက်ခံရပြီဆိုရင် ဒေသခံဌာနေတိုင်းရင်းသားတွေရဲ့ ထာဝရလုံခြုံမှုရှိတဲ့ လူမှုဘဝကို ပြန်လည်ထူထောင်ဖို့အတွက်ဆိုရင် နိုင်ငံသားတွေနဲ့အတူ တိုင်းပြည်ရဲ့ယန္တရားကိုလည်ပတ်နေတဲ့ ကဏ္ဍစုံဝိုင်းဝန်းပြီး တည်ဆောက်ကြရမှာဖြစ်ပါတယ်။ ဒေသခံဌာနေတိုင်းရင်းသားတို့ရဲ့ အသက်အိုးအိမ်လုံခြုံရေးကို အားဖြည့်ဆောင်ရွက်နိုင်စေဖို့ဆိုရင် အစားအစာ၊ အဝတ်အထည်၊ နေထိုင်စရာ၊ ပညာရေး၊ ဝင်ငွေ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ လျှပ်စစ်စွမ်းအင်၊ လမ်းပန်းဆက်သွယ်ရေးစတဲ့အချက်အလက်တွေကို ဖြည့်ဆည်းကြဖို့လိုပါတယ်။ အဲဒီလိုအပ်ချက်တွေထဲကမှ နေထိုင်ရေး နဲ့ လျှပ်စစ်ကဏ္ဍဆောင်ရွက်ချက်တွေကို အဆိုမှာပါရှိတဲ့ ရေတိုရေရှည်စီမံကိန်းများချမှတ်၍ ထိရောက်သောအကောင်အထည်ဖော်မှုတို့ကို လေ့လာကြည့်မယ်ဆိုလို့ရှိရင် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသအတွက် ဓာတ်အားပို့လွှတ်ဆောင်ရွက်နိုင်မယ့်အခြေအနေတွေမှာ တည်ရှိဆဲ၊ တည်ဆောက်ဆဲနဲ့

ဆက်လက်ဆောင်ရွက်မယ့်အခြေအနေတွေနဲ့ ၂၀၁၈ ခုနှစ် နှစ်ကုန်မှာ ဒေသတစ်ခုလုံးက ရွာပေါင်း ၄၃ ရွာ မီးရရှိရေးဖြည့်ဆည်းချက်တွေကို တွေ့ရှိရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရများက ဒေသခံဌာနေတိုင်းရင်းသားတွေအတွက် လုံးချင်းအိမ်ရာတွေဆောက်လုပ်ပေးနေခြင်းဟာ ထာဝရလုံခြုံမှုရှိတဲ့လူမှုဘဝကို ထူထောင်နိုင်ရေးအတွက် တစ်နိုင်ငံလုံးကပြည်သူတွေ စုပေါင်းဖြည့်ဆည်းဖြေရှင်းကြတဲ့သဘောကို တွေ့ရပါတယ်။ ဒါတွေကို အလွယ်တကူတွေ့ရှိနိုင်ဖို့ဆိုရင် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသအတွက်သာမက တစ်နိုင်ငံလုံးအတွက်ဆောင်ရွက်နေတဲ့အခြေအနေကို နေ့စဉ်ထုတ်ပြန်နေတဲ့ တရားဝင်သတင်းအရင်းအမြစ်တွေကနေပြီးတော့ တွေ့ရှိနိုင်မှာဖြစ်ပါတယ်။ လုပ်ငန်းများထိရောက်အောင် အကောင်အထည်ဖော်ဖို့အတွက်ဆိုလို့ရှိရင် ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့်တွေအပြင် ပြည်တွင်း/ပြည်ပမိတ်ဖွဲ့အဖွဲ့အစည်းတွေ ပူးပေါင်းဆောင်ရွက်ခြင်းကလည်း အရေးပါတဲ့အချက်ဖြစ်တာကိုတွေ့ရပါတယ်။ ကျွန်တော်တို့ပြည်သူ့လွှတ်တော်မှာ ဒီအဆိုကိုတင်သွင်းနေစဉ် တစ်ချိန်တည်းမှာပဲ ကမ္ဘာ့ဘဏ်နဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့က ပူးပေါင်းဆောင်ရွက်ပြီးတော့ အလုပ်ရုံဆွေးနွေးပွဲမှာ အရေးပါတဲ့ရည်ရွယ်ချက်များဖြစ်တဲ့ ဖြေရှင်းဆောင်ရွက်ရမယ့် နိုင်ငံတကာအတွေ့အကြုံများကို လေ့လာဖို့၊ နောက်ပြီးတော့ စီမံကိန်းရေးဆွဲခြင်း၊ ငွေကြေးဆိုင်ရာများနဲ့ပတ်သက်ပြီးတော့ သိရှိနားလည်ဖို့၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက်လက်ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေချမှတ်ဖို့ဆိုတဲ့ရည်ရွယ်ချက်ကောင်းတွေ ဆွေးနွေးနိုင်ခဲ့တာကို သွားတွေ့ရပါတယ်။ အဲဒါက ကျွန်တော်တို့ အဆိုတင်သွင်းနေစဉ်အချိန်နဲ့တစ်ပြိုင်တည်းပြင်ပမှာရှိတဲ့ အစိုးရအဖွဲ့အစည်းတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေက ပူးပေါင်းဆောင်ရွက်နေတဲ့ အခြေအနေတွေပါ။ ဒါကြောင့်မို့လို့ ထာဝရထိရောက်တဲ့ အကောင်အထည်ဖော်ရေးတွေကို ဆောင်ရွက်ကြမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ဟာ အားလုံးပါဝင်သော စုပေါင်းစွမ်းအားများဖြင့်သာ ကျော်လွှားနိုင်မှ အောင်မြင်မှုတွေရရှိနိုင်မယ်ဆိုတာကို ဆွေးနွေးလိုက်ရပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်စတဲ့မြို့နယ်တွေမှာ ဘင်္ဂါလီမူဆလင်လူဦးရေဟာ အဆမတန်များပြားနေပြီး ဒီအခြေအနေမျိုးကို အစ္စလာမ်အစွန်းရောက်ဝါဒီတွေ၊ OIC အဖွဲ့ဝင်နိုင်ငံတွေ၊ ပိုက်ဆံချမ်းသာတဲ့ အနောက်နိုင်ငံကြီးတွေက လူ့အခွင့်အရေးအကြောင်းပြုပြီးတော့ လုပ်ဆောင်နေမှုတွေဟာ ကျွန်တော်တို့နိုင်ငံရဲ့ နယ်မြေတည်တံ့မှု၊ အချုပ်အခြာအာဏာကို ခြိမ်းခြောက်ခံနေရတာဖြစ်ပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံဟာ အကျယ်အဝန်းအားဖြင့် ရှမ်းပြည်နယ်လောက်သာရှိပေမဲ့လည်း လူဦးရေ သန်း ၁၇၀ လောက်ရှိပြီး တစ်မိနစ်မှာ လူဦးရေ ၃၀၀ လောက်တိုးပွားနေတဲ့၊ လူဦးရေပေါက်ကွဲနေတဲ့နိုင်ငံဖြစ်ပါတယ်။

ဒီအန္တရာယ်ကိုကာကွယ်ဖို့အတွက် ကျွန်တော်တို့တွေက နယ်စပ်ဒေသတွေမှာ ခြံစည်းရိုးတွေ ကာရံနေကြရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ခေတ်အဆက်ဆက်အစိုးရများက ရခိုင်ပြည်သူတွေရဲ့ ကောင်းမွန်တဲ့ လုံခြုံရေးအတွက် ကောင်းမွန်တဲ့အစီအမံတွေကို စနစ်တကျချမှတ်ဆောင်ရွက်ပေးစေလိုတဲ့အတွက် ကျွန်တော်တို့ဟာ အဆိုတင်တာတွေ၊ မေးခွန်းမေးတာတွေကို အစဉ်တစိုက်လုပ်ဆောင်ခဲ့ကြပါတယ်။ လက်ရှိအခြေအနေမှာ တစ်ဖက်နိုင်ငံသို့ရောက်ရှိနေကြတဲ့ ဘင်္ဂါလီမူဆလင်တွေ ပြန်လည်နေရာချထားဖို့ ကြိုးစားနေတဲ့အချိန်ကာလ ဖြစ်ပါတယ်။ ဒီဘင်္ဂါလီမူဆလင်တွေရဲ့မိခင်နိုင်ငံဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဖြစ်ပါတယ်။ စစ်တွေမြို့မှာ တခြားဘယ်နိုင်ငံကမှ ကောင်စစ်ဝန်ရုံးမရှိပါဘူး။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်နိုင်ငံကပဲ ကောင်စစ်ဝန်ရုံးရှိပါတယ်။ OIC အဖွဲ့ဝင်နိုင်ငံတွေ၊ အနောက်နိုင်ငံတွေက ဘင်္ဂါလီမူဆလင်တွေကို ကျွန်တော်တို့နိုင်ငံအတွင်းမှာ တရားဝင်အခြေချခွင့်၊ နိုင်ငံသားဖြစ်ခွင့်၊ နယ်မြေဒေသရရှိခွင့်တို့ကို ဝိုင်းဝန်းကူညီနေကြတာတွေ့ရပါတယ်။ နိုင်ငံတော်အစိုးရကလည်း အနောက်နိုင်ငံတွေရဲ့တင်ပြချက်တွေကို အလေးထားဆောင်ရွက်နေတာတွေ့ရပါတယ်။ အနောက်ဒီမိုကရေစီနိုင်ငံကြီးတွေက OIC ထောက်ပံ့ငွေတွေကို ထောက်ပံ့ငွေနဲ့ကုလသမဂ္ဂကို လွှမ်းခြုံနိုင်တဲ့အတွက် ဒီနေရာမှာ ကုလသမဂ္ဂကို အသုံးချနေကြတာလည်း တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မေယုမြစ်ဝမှမြောက်ဘက် မောင်တောမြို့၊ နတ်မြစ်ဝအထိဒေသဟာ ကမ်းခြေလွင်ပြင်ဒေသဖြစ်ပါတယ်။ အဲဒီဒေသဟာ ပင်လယ်ကမ်းရိုးတန်းဒေသဖြစ်တဲ့အတွက်ကြောင့် လုံခြုံရေးအရ အင်မတန်အရေးကြီးတဲ့ဒေသဖြစ်ပါတယ်။ ဒီနေရာမှာ တိုင်းရင်းသားကျေးရွာတွေ ထူထောင်ကြရမှာဖြစ်ပါတယ်။ ဘင်္ဂါလီတွေကို အဲဒီပင်လယ်ကမ်းခြေဒေသနေရာတွေမှာ နေရာမချတတ်ဖို့ရယ်၊ ကျေးရွာတွေပြန်လည်တည်ဆောက်မပေးဖို့ရယ် အလွန်အရေးကြီးလှပါတယ်။ ဘင်္ဂါလီကျေးရွာများကို သာမန်အရပ်သားမဆိုထားနဲ့ လုံခြုံရေးလက်နက်ကိုင်တပ်ဖွဲ့ဝင်များပင် အရေးအကြောင်းရှိက ဝင်ရောက်ရန်မလွယ်ကူလှပါဘူး။ သူတို့တွေရဲ့လူနေမှုစရိုက်ကြောင့်လည်းဖြစ်မယ်၊ အခြားသော ဘာသာခြားပုဂ္ဂိုလ်အဖွဲ့အစည်းတွေကို ၎င်းတို့ကျေးရွာအတွင်း မဝင်ရောက်စေလိုလို့လည်းဖြစ်မယ်။ အဲဒီကျေးရွာတွေကို ဝင်ရထွက်ရမလွယ်လှပါဘူး။ ဘင်္ဂါလီအကြမ်းဖက်တွေဟာ အဲဒီကျေးရွာတွေအတွင်းမှာရှိနေကြပြီး အကြမ်းဖက်လုပ်ရပ်တွေ ကျူးလွန်ပြီးချိန်မှာလည်း ဒီကျေးရွာအတွင်းမှာပဲ အလွယ်တကူလုံခြုံစွာ နေထိုင်နိုင်ကြပါတယ်။ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နောက်ပိုင်း ဖြစ်ရပ်များကိုကြည့်လို့ရှိရင် ဘင်္ဂါလီအစွန်းရောက်တွေဟာ ARSA ကဲ့သို့ အကြမ်းဖက်အဖွဲ့အစည်းတွေနဲ့ပူးပေါင်းပြီး လုံခြုံရေးတပ်ဖွဲ့များကိုတိုက်ခိုက်ခြင်း၊ ဒေသခံတိုင်းရင်းသားများသတ်ဖြတ်ခြင်းတို့ဖြင့် နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာကို ခြိမ်းခြောက်မှုများပြုလုပ်လာခဲ့ကြပါတယ်။ ဒေသခံတိုင်းရင်းသားတွေဟာ ယခင်အခါများကထက် နေရပ်စွန့်ခွာမှုတွေ ပိုမိုများပြားလာပါတယ်။ ဘူးသီးတောင်၊ မောင်တောမြို့နယ်များရဲ့မြောက်ပိုင်းဒေသမှာနေထိုင်ကြတဲ့ တိုင်းရင်းသားကျေးရွာတွေကို စနစ်တကျထူထောင်ပေးဖို့လိုအပ်ပါတယ်။ အဲဒီဒေသတွေမှာ တိုင်းရင်းသားကျေးရွာများမရှိဘဲ မူဆလင်ကျေးရွာတွေပဲထားမယ်ဆိုလို့ရှိရင် အဲဒီဒေသဟာ တိုင်းရင်းသားတွေရဲ့ဒေသမဟုတ်တော့ဘဲ မူဆလင်လူမျိုးတွေရဲ့ဒေသအဖြစ်သို့ ရောက်ရှိသွားပါလိမ့်မယ်။ တိုင်းရင်းသားကျေးရွာတွေ ထူထောင်

ပေးမယ်ဆိုရင် မူဆလင်တွေရဲ့ အကြမ်းဖက်သတ်ဖြတ်မှုဘေးအန္တရာယ်က ကြိုတင်ကာကွယ်မယ့် အစီအစဉ်များကို စနစ်တကျလုပ်ကိုင်ထားဖို့ လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုနဲ့ပတ်သက်ပြီး အကြံပြုချက်အချို့ တင်ပြလိုပါတယ်။ နိုင်ငံတော် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲဖို့ နှစ်နိုင်ငံနယ်စပ်ဒေသနှင့် ကမ်းရိုးတန်းဒေသတွေကို လုံခြုံမှု ရှိအောင် ဆောင်ရွက်ထားဖို့လိုအပ်ပါတယ်။ ဒါ့အပြင် အကြမ်းဖက်သမားတွေနဲ့ ၎င်းတို့ကိုကူညီ အားပေးသူတွေ နိုင်ငံတော်အတွင်းသို့ ဝင်ရောက်မလာစေဖို့ လိုအပ်ပါတယ်။ နောက်တစ်ချက်ဖြစ်တဲ့ တိုင်းရင်းသားတွေရဲ့ အသက်အိုးအိမ်စည်းစိမ်လုံခြုံမှုရှိဖို့ဆိုရင် ရခိုင်မျိုးနွယ် တိုင်းရင်းသားကျေးရွာ တွေကို အခိုင်အမာထူထောင်ပေးပြီး အဲဒီဒေသမှာ လုပ်မှုစီးပွားဘဝနဲ့ လုံခြုံရေးအစီအမံတွေကို စိတ်ချရတဲ့အခြေအနေမျိုး ဖန်တီးထားဖို့လိုအပ်ပါတယ်။ နောက်တစ်ချက်ကတော့ တစ်ဖက်နိုင်ငံကို ရောက်ရှိနေကြတဲ့လူတွေ ပြန်လည်ဝင်ရောက်လာတဲ့အခါ ဒီလူတွေက အကြမ်းဖက်သမား ဟုတ်/ မဟုတ်၊ ၎င်းတို့နှင့် အဆက်အသွယ်ရှိ/မရှိကို စစ်ဆေးဖို့လိုအပ်ပါတယ်။ ဒီလိုရောက်ရှိလာကြတဲ့ လူတွေကို တည်ဆဲဥပဒေနဲ့အညီစိစစ်တဲ့အခါ နိုင်ငံသားဖြစ်ခွင့်ရတဲ့သူတွေကို နိုင်ငံသားပေးပြီးတော့ နေရာချထားရမှာဖြစ်ပါတယ်။ နေရာချထားတဲ့အခါလည်း ကျွန်တော်တို့မောင်တောခရိုင်အတွင်း မှာပဲ ပိတ်လှောင်နေရာချထားမှာလား။ တခြားဘယ်နေရာတွေမှာ နေရာချထားမလဲဆိုတာလည်း ကြိုတင် စီစဉ်ထားဖို့လိုပါတယ်။ နိုင်ငံတော်လုံခြုံရေးနဲ့ နိုင်ငံတော်အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေးဆိုတဲ့အသိနဲ့ ဆုံးဖြတ်ဆောင်ရွက်ဖို့လိုပါတယ်။ ဒီမိုကရေစီနဲ့လူ့အခွင့်အရေးဆိုတဲ့ခေါင်းစဉ် အောက်က မူဆလင်၊ ဘင်္ဂါလီတွေရဲ့ လူ့အခွင့်အရေးကို ရှေ့တန်းတင်ပြီးပြောနေကြတဲ့ သူတွေရဲ့ အလိုကို ဦးစားပေးဖို့မသင့်ပါဘူး။ ဒါတွေနဲ့ပတ်သက်ပြီးတော့ အဆိုရှင်က အခြေအနေကိုမီးမောင်း ထိုးပြခဲ့သလို အဆိုကိုထောက်ခံတဲ့ကိုယ်စားလှယ်ကလည်း ၁၉၄၂ ခုနှစ်က ဖြစ်ရပ်ဖြစ်စဉ်တွေကို စီမံခန့်ခွဲသူတွေသတိထားမိအောင် တင်ပြဆွေးနွေးခဲ့တာတွေ့ရပါတယ်။ ဒါကြောင့် အဆိုကိုထောက်ခံ ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဉာဏ်ဟိန်း(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးခန်းမအတွင်းမှာရှိကြတဲ့ ဂုဏ်သရေရှိပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါလို့ ပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဟိန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်သည် ဒုတိယအကြိမ် လွှတ်တော်ကိုယ်စားလှယ်ဘဝ စည်ပင်ရိပ်သာ-၂ အဆောင်(၁)မှာ အဲယားကွန်း မတပ်ဆင်ပေးရသေးမီအချိန်က ၂၀၁၆ ခုနှစ်ရဲ့တပေါင်းနွေကို ယပ်တောင်ကိုယ်စီတစ်ဖျက်ဖျက်ခပ် ပြီးတော့မှ ပြုံးပြုံးကြီးကျော်ဖြတ်ခဲ့ဖူးသော ဘူးသီးတောင်မဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဦးအောင်သောင်းရွှေရဲ့အဆိုကို ဆွေးနွေးရတဲ့အတွက်ကြောင့် ကျေနပ်ဂုဏ်ယူမိကြောင်း ပဏာမ ပြောကြားလိုပါတယ်။ ရခိုင်ပြည်နယ် အေးချမ်းတည်ငြိမ်ရေးအတွက်ကို ပြည်ထောင်စုတိုင်းဒေသ ကြီးနှင့်ပြည်နယ်အစိုးရများက ပူးပေါင်းဆောင်ရွက်ချက်များစွာအနက်ကနေပြီးတော့မှ အရေးပါသော

ကြမ်းတမ်းခက်ထန်တဲ့လူတွေရဲ့စိတ်ထားကို ယဉ်ကျေးသိမ်မွေ့အောင်ပြုနိုင်စွမ်းသော ပညာရေးကဏ္ဍ ဆောင်ရွက်ပေးမှုကို ကျွန်တော်လေ့လာကြည့်တဲ့အခါမှာ အကြမ်းဖက်ဖြစ်စဉ်ကြောင့် ပိတ်ထားတဲ့ ကျောင်း ၄၂၄ ကျောင်းမှာ ၂၇၂ ကျောင်းကို ပြန်လည်ဖွင့်လှစ်နိုင်တာကို တွေ့ရှိရပါတယ်။ အိမ်တွင်း လျှပ်စစ်ကျွမ်းကျင်မှု၊ အခြေခံကွန်ပျူတာ၊ အုတ်စီ၊ ဆိုလာသုံးနည်းပညာ အစရှိတဲ့ သက်မွေးဝမ်း ကျောင်းသင်တန်းများကို ကျောက်ဖြူ-သံတွဲမှာရှိတဲ့ နည်းပညာသိပ္ပံကျောင်းများမှာ ဖွင့်ထားနိုင်တာကို တွေ့ရှိရပါတယ်။ ၂၀၁၇ ခုနှစ်မှာ အဝေးသင်သင်တန်းသားများအတွက် သုံးကြိမ်သင်တန်းပို့ချပေးနိုင် တယ်။ ၂၀၁၈ ခုနှစ်မှာလည်း စစ်တွေ၊ သက္ကယ်ပြင်ကျေးရွာမှ စာဖြေကျောင်းသား ၇၀ ဦးအတွက်ကို သင်တန်းပို့ချပေးနိုင်ခြင်း၊ သွားလာရခက်ခဲတဲ့ ဆရာဆရာမဝန်ထမ်း ၄၅၀ ဦးအတွက်ကို ၅၀၀၀၀ ကျပ် နှုန်းဖြင့် ၂၂.၅ သန်းပံ့ပိုးခြင်း၊ Pilot Project အဖြစ် ရွှေဆာ၊ ပန်းတောပြင် အစရှိတဲ့ ကျေးရွာက ကလေးတွေကို မြန်မာစာ အသုံးလုံးသင်ကြားပေးခြင်း၊ ထက်/လယ်/မူ ကလေးများအတွက် ကျောင်း ဝတ်စုံများ လှူဒါန်းခြင်း၊ ရသေ့တောင်၊ စစ်တွေ၊ မြေပုံ၊ မင်းပြား၊ မြောက်ဦး၊ ကျောက်တော်၊ ပုဏ္ဏားကျွန်း မြို့နယ်မှ နေရပ်ခေတ္တစွန့်ခွာလာတဲ့တိုင်းရင်းသားဒေသခံကလေးသူငယ် ၂၁၈၉ ဦးအတွက် ပညာသင် စရိတ် ၂၈.၅ သန်းထောက်ပံ့ကြေးများကို၊ လုပ်ဆောင်ပေးခဲ့တာကို အားရစရာတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးကိုအခြေခံပြီးတော့ စိတ်ဓာတ်နှင့် စိတ်ထားတွေပြင်ထားငြား မူးယစ်ဆေးဆိုတဲ့ အန္တရာယ်ကြီးကို ကျွန်တော်တို့ မတားဆီးနိုင်ဘူးဆိုရင်တော့ အချိန်မရွေးပျက်ပြား သွားနိုင်ပြန်ပါတယ်။ ဒါကြောင့် မူးယစ်ဆေးဝါးတိုက်ဖျက်မှုကဏ္ဍကို၊ ဘယ်လိုဆောင်ရွက်နေလဲဆိုတာ ကို လေ့လာကြည့်ပါ့မယ်။ ပဌမအစည်းအဝေးကာလက ကျောက်တော်ကိုယ်စားလှယ်ကမေးပြီးတော့မှ ပြည်ထဲရေးဒုတိယဝန်ကြီးက ဖြေခဲ့တာကို ၁၈-၈-၂၀၁၇ ရက်နေ့မှတ်တမ်းမှာ အပြည့်အစုံတွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒါ့အပြင်ကို ဒီနေ့ထုတ်တဲ့ Eleven သတင်းစာမှာလည်းပဲ စာမျက်နှာ ၂၂ မှာ ဖော်ပြလာ တာကို တွေ့ရှိရပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနက အမျိုးသားရေးတာဝန်တစ်ရပ်သတ်မှတ်ပြီးတော့မှ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒအသစ်ကို ၂၃-၁၁-၂၀၁၇ ရက်နေ့မှာ ချမှတ်နိုင်ခဲ့ပြီ ဆိုတာလည်း တွေ့ရှိရပါတယ်။ မှတ်တမ်းများအရ ယခင် ငါးနှစ်ကဖမ်းဆီးခဲ့တဲ့မူးယစ်ဆေးဝါးဖမ်းဆီး ရမိမှုပမာဏထက်ကို ၂၀၁၆-၂၀၁၇ ခုနှစ်ဖမ်းဆီးမှုဟာ အများကြီးပိုတာကို တွေ့ရှိရပါတယ်။ ဒါကို ကျွန်တော်တို့အနေနဲ့က ဘယ်လိုသုံးသပ်လဲဆိုရင် ယခင်ထက်ကိုပိုပြီးတော့မှ တာဝန်ရှိတဲ့ဝန်ထမ်းများ က အားသွန်ခွန်စိုက်လုပ်လာတာကို တွေ့ရှိရပါတယ်။ ကျောက်ဖြူမှာမူးယစ်ဆေးတပ်ဖွဲ့စု (၄၆)၊ (၄၇)၊ (၄၈)တို့ကိုလည်း ဖွဲ့စည်းတာဝန်ပေးထားတာ တွေ့ရှိရပါတယ်။ နောက် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလမှာ မေယုစစ်ဆင်ရေးလုပ်ပြီးတော့မှ မူးယစ်ဆေးဝါးအမှု ၁၇ မှု၊ တရားခံ ၂၇ ဦး၊ ဆေးပြား ၄.၈ သန်းကို ဖမ်းဆီးနိုင်ခဲ့တာကို တွေ့ရှိရပါတယ်။ ဒါဟာရေတိုစီမံချက်တွေဖြစ်ပါတယ်။ စောစောပိုင်းကဖော်ပြတဲ့ စီမံချက်ကတော့ အမျိုးသားရေးအသွင်နဲ့လှုပ်ရှားတာကို ရေတိုရေရှည်စီမံချက်ဖြစ်ပါတယ်။ ရခိုင် ပြည်နယ်မှာ ၂၀၁၇ ခုနှစ် ဇန်နဝါရီလကနေ ဇွန်လအထိကို စိတ်ကြွဆေး ၁၂၁ မှု၊ ဆေးပြား ၂၁ သန်း ခြောက်သိန်းကျော်ကို ဖမ်းဆီးရမိခဲ့ပြီးတော့ တန်ဖိုးကျပ်သန်းပေါင်း ၆၄၉၉၅ သိန်းထိကို ဖမ်းဆီးခဲ့တာကို တွေ့ရှိရ ပါတယ်။ ကြိုတင်ကာကွယ်ရေးလုပ်ငန်းမလုပ်လို့လည်းမရပါဘူး။ ဒါကြောင့် ကြိုတင်ကာကွယ်ရေး လုပ်ငန်းတွေလည်း ပညာပေးမှုတွေဘာတွေလုပ်ခဲ့လည်း ဆိုတာလေ့လာကြည့်

တဲ့အခါမှာ ၂၀၁၅-၂၀၁၇ ခုနှစ်စာရင်းက ၁၉၃၁ ကြိမ် ပညာပေးနိုင်ခဲ့ပြီးတော့ ကျောင်းနေကလေး ၈၀၀၀၀ ကျော်ကို ပညာပေး နိုင်ခဲ့တာတွေ တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအချက်များအရ ကျွန်တော်တို့ရဲ့ပြည်ထောင်စုအစိုးရက ရခိုင်အရေးမှာ ထိုင်နေလား။ ထနေလား။ လှုပ်ရှားနေလားသုံးသပ်ကြည့်တဲ့အခါမှာ အထူးလှုပ်ရှားနေတာကို တွေ့ရှိရပါတယ်။ ကဏ္ဍတိုင်းကို အစိုးရသည် ဆိုင်ရာဝန်ကြီးဌာနများဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးနေခြင်း၊ ပညာရေးကို လူတို့၏စိတ်ထားများနူးညံ့ပျော့ပျောင်းအောင် ဦးစားပေးလုပ်သည်သာမက ဆက်ပြီးမပျက်စီးဖို့ကိုပါ မူးယစ်ဆေးဝါးနှိမ်နင်းတားဆီးမှုများလုပ်ထားသည်ကို တွေ့ရှိရ၍ မကြာမီ အမှန်တကယ်ဖွံ့ဖြိုးငြိမ်းချမ်းလာတော့မယ့် ရခိုင်ပြည်နယ်အတွက် ကျွန်တော်တို့ မွန်ပြည်နယ်သားများကလည်း အထူးမုဒိတာဖြစ်ရကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကျန်းမာချမ်းသာကြပါစေ။

**ဥက္ကဋ္ဌ**။ ။ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိန်ဝင်း(မအူပင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသောဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ မအူပင်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်း ဖြစ်ပါတယ်။ ဘူးသီးတောင်မဲဆန္ဒနယ်က ဦးအောင်သောင်းရွှေရဲ့ ရခိုင်ပြည်နယ်(မြောက်ပိုင်း)နှင့်ပတ်သက်သောအဆိုကို ကျွန်တော့်အနေနဲ့ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုတင်သွင်းသွားသောဦးအောင်သောင်းရွှေ၊ အဆိုကို ထောက်ခံဆွေးနွေးသွားတဲ့ ဒေါ်ခင်စောဝေတို့ရဲ့ ရခိုင်လူမျိုးတို့ရဲ့ခံစားနေရတဲ့ဒုက္ခများကို ကြားသိရတဲ့အတွက် မျှဝေခံစားရပြီး စိတ်မကောင်းဖြစ်မိပါတယ်။ ဒါကြောင့်လည်း ဒီအဆိုနဲ့ပတ်သက်ပြီး လေ့လာဆန်းစစ်ပြီးထောက်ခံဆွေးနွေးရခြင်းဖြစ်ပါတယ်။ အဆိုကိုလေ့လာကြည့်တဲ့အခါမှာ ရည်ရွယ်ချက်သုံးချက်၊ နည်းလမ်းတစ်ချက်ပါရှိတာကို တွေ့ရှိရပါတယ်။ ရည်ရွယ်ချက်သုံးချက်ကတော့ နိုင်ငံတော်အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေး၊ ဒေသခံဌာနေတိုင်းရင်းသားတို့ရဲ့အသက်အိုးအိမ်ထာဝရလုံခြုံမှုရှိသော လူမှုဘဝထူထောင်နိုင်ရေး၊ ဒေသခံတိုင်းရင်းသားတို့ရဲ့လိုအပ်ချက်စီမံကိန်းများဆောင်ရွက်ရေးဆိုပြီးတော့ ရည်ရွယ်ချက်သုံးချက်ပါရှိပြီး နည်းလမ်းတစ်ချက်ကတော့ ဖော်ပြပါ ရည်ရွယ်ချက်သုံးချက်ကို အကောင်အထည်ဖော်တဲ့အခါမှာ ပွင့်လင်းမြင်သာစွာချမှတ်၍ ထိရောက်သောအကောင်အထည်ဖော်ဆောင်ရွက်မှုများကို ပြုလုပ်ပေးရန်ဆိုပြီးတော့ နည်းလမ်းတစ်ချက်ကို တိတိကျကျဖော်ပြထားတာတွေ့ရှိရပါတယ်။ ၈-၆-၂၀၁၂ နေ့မှစ၍ ရခိုင်ပြည်နယ်(မြောက်ပိုင်း)၊ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်မြို့နယ်များရှိ ဒေသခံပြည်သူများရဲ့ကျေးရွာများမီးရှို့ခံရခြင်း၊ နယ်ခြားစောင့်ရဲစခန်းသုံးခု၊ နယ်ခြားစောင့်ရဲဌာန ၃၀ ကျော်ကို တိုက်ခိုက်သိမ်းပိုက်မီးရှို့ဖျက်ဆီးခံရမှုများကြောင့် ဒေသခံပြည်သူများထွက်ပြေးတိမ်းရှောင်ပြီး ယနေ့ထိ စိုးရိမ်ကြောင့်ရွံ့ထိန့်လန့်နေရကြောင်းအဆိုကပြောဆိုသွားပါတယ်။ ယနေ့အခါမှာ ရခိုင်ပြည်နယ်ကျေးရွာတွေဟာ ရခိုင်အမည်သာကျန်သော်လည်း ဘင်္ဂါလီများသာရှိပြီး ရခိုင်လူမျိုးများမရှိတော့ပါကြောင်း နိုင်ငံသားမဟုတ်သူဘင်္ဂါလီ၊ မူဆလင်များ၏လူဦးရေတစ်ဖက်စောင်းနင်းပြုမှုနေထိုင်မှုသည် နောက်ထပ်အကြမ်းဖက်မှုများဖြစ်ပေါ်လာစေသောအဓိကအကြောင်းအရင်းဖြစ်ကြောင်း တင်သွင်းသွားတာ

တွေ့ရပါတယ်။ တကယ်တော့ ရခိုင်အရေးကိစ္စဟာ အခုမှဖြစ်လာတာမဟုတ်ပါဘူး။ ၁၉၄၂ ခုနှစ် တစ်ကြိမ်ဖြစ်ခဲ့ပါတယ်။ လွတ်လပ်ရေးရပြီးနောက်လည်းဖြစ်ပါတယ်။ အဲဒီတုန်းက ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်သော်လည်း မူဂျာဟစ်သူပုန်များသောင်းကျန်းမှုကြောင့် အောင်မြင်မှုမရရှိခဲ့ပါဘူး။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ကလည်း နိုင်ငံတော်ကောင်စီဝင် ဦးလှထွန်းဖြူ၏ အချက်(၆)ချက်ပါအကြံပြုခဲ့သော်လည်း အကောင်အထည်ဖော်မဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ တပ်မတော်အစိုးရအုပ်ချုပ်စဉ်ကလည်း မြန်မာပြည်မှ ဒေသကလူများကိုခေါ်ယူပြီးတော့ နတလစံပြ ကျေးရွာတည်ထောင်ပေးခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ကြောင်း တွေ့ရှိရပါတယ်။ ယခု ဒီမိုကရေစီခေတ်မှာ ဖော်ပြပါမအောင်မြင်သောအမှားများကို သေသေချာချာစဉ်းစဉ်းစားစား သင်ခန်းစာအရယူပြီး အောင်မြင်အောင်ရခိုင်တိုင်းရင်းသားများရဲ့ ယုံကြည်လေးစားအားကိုးမှုရအောင် ပြုပြင်ပြောင်းလဲဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ရခိုင်ဒေသအကြောင်းကို ရခိုင်လူမျိုး၊ ရခိုင်ဒေသခံပါတီတွေက ပိုသိပါတယ်။ ဒီမိုကရေစီစနစ်မှာ နိုင်ငံ့ရေးရာကိစ္စများသည် အစိုးရအပြင် နိုင်ငံသားတိုင်းမှာတာဝန်ရှိနေပါတယ်။ ဒေသခံနိုင်ငံသားတိုင်းက ၎င်းဒေသ၏ရေးရာကိစ္စမှာ ပူးပေါင်းဆောင်ရွက်လာအောင် စည်းရုံးဆောင်ရွက်ဖို့ အထူးလိုအပ်ပါတယ်။ တိုင်းရင်းသားမပြိုကွဲချင်ရင် သာတူညီမျှ တန်းတူအခွင့်အရေး၊ ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးနိုင်ခွင့်ရှိရေး၊ အနာဂတ်လုံခြုံစွာနေနိုင်ရေးစတဲ့အရေးကိစ္စတွေကို ဒေသခံတိုင်းရင်းသားများအားလုံး ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းပြည်ကို တစ်ယောက်တည်းဖျက်ဆီးလို့ရပေမဲ့ ပြန်လည်တည်ထောင်တဲ့အခါမှာ တစ်ယောက်တည်းတည်ထောင်လို့မရပါဘူး။ အားလုံးပူးပေါင်းဆောင်ရွက်တည်ထောင်မှ ရရှိနိုင်ပါတယ်။ ဒေသခံပြည်သူများနှင့် ပွင့်လင်းမြင်သာစွာပူးပေါင်းဆောင်ရွက်ဖို့ အထူးထောက်ခံပါတယ်။ လက်ရှိအခြေအနေကိုတင်ပြရရင် ဘင်္ဂလားဒေ့ရှ်တွင်ရောက်ရှိနေတဲ့ မြန်မာနိုင်ငံတွင် အခြေချနေထိုင်သူများ ပြန်လည်ခေါ်ယူနိုင်ရေးသဘောတူညီချက် ၁၀ ချက်ရှိကြောင်း၊ စိစစ်လက်ခံရေးအတွက် နိုင်ငံတော်အစိုးရနှင့် ဘင်္ဂလားဒေ့ရှ်အစိုးရတို့ ညှိနှိုင်းဆွေးနွေးလျက်ရှိပြီး ၁၉၉၂ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့တွင် နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးများ သဘောတူလက်မှတ်ရေးထိုးထားခဲ့တဲ့ ၎င်းသဘောတူလက်မှတ်ထိုးချက်ပါလက်မှတ်များနှင့် ၁၉၈၂ ခုနှစ်၊ နိုင်ငံသားဖြစ်မှုဥပဒေအရ စိစစ်လက်ခံပြီးဖြစ်ကြောင်း၊ ထွက်မပြေးဘဲ မြန်မာနိုင်ငံတွင် ဆက်လက်နေထိုင်သူများကိုလည်း ၁၉၈၂ ခုနှစ်၊ နိုင်ငံသားဖြစ်မှုဥပဒေနှင့်အညီ ဆက်လက်စိစစ်သွားမည်ဖြစ်ကြောင်း သိရပါတယ်။ ၎င်းအပြင် ထွက်ပြေးတိမ်းရှောင်သူများ ပြန်လည်လက်ခံရာတွင် ၁၉၉၃ ခုနှစ်၊ မူ(၄)ချက်အဓိကပါဝင်မည်ဖြစ်ကြောင်း ၎င်း(၄)ချက်မှာ မြန်မာနိုင်ငံတွင်နေထိုင်ခဲ့ကြောင်း အထောက်အထားများတင်ပြနိုင်ခြင်းရှိ/မရှိ၊ မိမိသဘောဆန္ဒအလျောက် ပြန်လာလိုသူများဟုတ်/မဟုတ်၊ ဘင်္ဂလားဒေ့ရှ်အဆင့်မြင့်တရားရုံးထောက်ခံချက်ပါ/မပါ၊ တစ်ဖက်နိုင်ငံ၌နေထိုင်စဉ် ကလေးမီးဖွားပါက ၎င်းကလေးရဲ့မိဘနှစ်ပါးစလုံး မြန်မာနိုင်ငံတွင် နေထိုင်သူဖြစ်ခြင်းမှန်/မမှန် စိစစ်ချမှတ်ထားကြောင်း၊ ၎င်းအပြင် အကြမ်းဖက်တွင် ပါဝင်သူဟုတ်/မဟုတ်၊ ပါဝင်ပါက စိစစ်အရေးယူမည်ဟုသိရှိရကြောင်း ကောင်းမွန်သင့်မြတ်ပါတယ်။ ရခိုင်ပြည်နယ်(မြောက်ပိုင်း) ပြန်လည်နေရာချထားရေးပြုလုပ်ရာတွင် ဒေသခံတိုင်းရင်းသားပြည်သူ

များ ပိုမိုပါဝင်ဆောင်ရွက်ဖို့လိုအပ်ပါကြောင်း ဆောင်ရွက်တဲ့အခါမှာ ပွင့်လင်းမြင်သာစွာဆောင်ရွက်ဖို့ လိုအပ်ပါကြောင်း ဒေသခံတွေရဲ့စိတ်နေသဘောထားလိုအပ်ချက်ကို ဦးစားပေးဖြေရှင်းပေးသင့်ပါကြောင်း၊ ဒေသခံရခိုင်လူမျိုးခေါင်းဆောင်များပါဝင်သော ရေတိုစီမံကိန်း၊ ရေရှည်စီမံကိန်းများ ချမှတ်သင့်ပါကြောင်း အကြံပြုအပ်ပါတယ်။ အထူးတင်ပြလိုသည်မှာ နောက်နောင်အိမ်နီးချင်းနိုင်ငံများနှင့် အငြင်းပွားမှုမဖြစ်စေရန်အတွက် ရေရှည်အထူးစီမံကိန်းတစ်ခုအဖြစ် မိမိနိုင်ငံ၏နယ်ခြားစည်းမျဉ်းအတိုင်း နယ်ခြားလမ်းနှင့် နယ်ခြားစည်းမျဉ်းများကာရံဆောင်ရွက်သင့်ပါကြောင်း ကိုက် ၅၀၊ ၁၀၀ အကွာမှာ စီးပွားရေးဇုန်နှင့် နယ်ခြားစောင့်တပ်ရင်းများ ပြောင်းရွှေ့ထားရှိသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ ရခိုင်ပြည်နယ်အရေးကိစ္စအား၊ ရခိုင်ပြည်နယ်ဒေသခံများစွာပါဝင်စေပြီး ပွင့်လင်းမြင်သာစွာ စီမံကိန်းများချမှတ်၍ ထိရောက်သောအကောင်အထည်ဖော်ဆောင်ရွက်မှုများကို ပြုလုပ်ပေးပါရန် နိုင်ငံတော်အစိုးရအားတိုက်တွန်းကြောင်း ဦးအောင်သောင်းရွှေရဲ့အဆိုကို အလေးအနက်ထောက်ခံပါကြောင်းနှင့် အားလုံးကိုရိုသေလေးစားတန်ဖိုးထားကျေးဇူးတင်ပါကြောင်း ပြောကြားရင်းနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းသန်းသန်းလွင်(ဘားအံမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ကရင်ပြည်နယ်၊ ဘားအံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းသန်းသန်းလွင် ဖြစ်ပါတယ်။ ဘူးသီးတောင်မဲဆန္ဒနယ်က ဦးအောင်သောင်းရွှေရဲ့အဆိုအပေါ် ရှင်းလင်းဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ အဆိုရှင်တင်ပြခဲ့သလို ရခိုင်တိုင်းရင်းသားများရဲ့ လုံခြုံမှုမရှိတဲ့ စိုးရိမ်သောကဖြစ်နေရခြင်း၊ နေရပ်စွန့်ခွာရွှေ့ပြောင်းမှုမြင့်မားခြင်း၊ တစ်ဖက်နိုင်ငံမှ ဝင်လာသူလူဦးရေမညီမျှ၍ ခြိမ်းခြောက်ခံရခြင်း၊ အကြမ်းဖက်တိုက်ခိုက်ခံရခြင်း၊ နောက်ထပ်ဖြစ်မှာကို စိုးရိမ်နေကြပါတယ်။ အဆိုပါဒေသနေ တိုင်းရင်းသားများရဲ့ အသက်အိုးအိမ်လုံခြုံမှုရရှိပြီး လူမှုဘဝဖွံ့ဖြိုးတိုးတက်လာပါမှ နယ်မြေတည်တံ့ခိုင်မြဲရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်နိုင်မှာလည်း ဖြစ်ပါတယ်ရှင်။ အဆိုရှင်တင်ပြခဲ့တဲ့အတိုင်း ဖြစ်ပျက်ခဲ့တဲ့ အခြေအနေမှန်များဟာ ပြဿနာထုထည်တဖြည်းဖြည်းကြီးမားလာတာကြောင့် ရခိုင်အရေးဟာ မြန်မာနိုင်ငံအရေးကနေ ကမ္ဘာ့အရေးအထိ ရှုပ်ထွေးလာခဲ့ပါတယ်။ ယခု ပြည်သူ့အစိုးရတက်လာချိန်မှာ ရခိုင်ပြည်သူတွေဟာ ဒီကြီးမားတဲ့ အခါးသီးဆုံးဖြစ်ရပ်တွေအတွက် ခံစားခဲ့ရတာ၊ ကြေကွဲဝမ်းနည်းခဲ့ရတာ၊ နာကြည်းမှုတွေဖြစ်ခဲ့ရတာ မှန်ပေမဲ့ ဒီခါးသီးမှုတွေအတွက် နာကျင်ခံစားနေမဲ့အစား သင်ခန်းစာယူပြီးနောက်ထပ်မဖြစ်အောင် ဆောင်ရွက်ကြဖို့တော့ အခြေအနေရှိသင့်ပါတယ်။ အစိုးရနှင့် ဒေသခံပြည်သူတွေ လက်တွဲပူးပေါင်းပြီး ဆောင်ရွက်မှသာလျှင် အောင်မြင်မှာလည်း ဖြစ်ပါတယ်။ ယခုအစိုးရလက်ထက် မြန်မာနိုင်ငံရဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၄ ခုထဲမှာ ရခိုင်ပြည်နယ်အတွက် တစ်နိုင်ငံလုံးရဲ့ ပြည်သူတွေကိုကိုယ်စားပြုထားတဲ့ လွှတ်တော်အသီးသီးက လွှတ်တော်ကိုယ်စားလှယ်များရဲ့ ရပ်တည်မှု၊ အစိုးရရဲ့ဆောင်ရွက်နေမှု၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ ရပ်တည်မှုကို လေ့လာသုံးသပ်မယ်ဆိုရင် ရခိုင်ပြည်နယ်အရေးဟာ မြန်မာနိုင်ငံအရေးမှာ နံပါတ်(၁)နေရာကထားပြီး ဝိုင်းဝန်းကြိုးပမ်းဖြေရှင်းနေကြတာကို တွေ့မြင်နိုင်မှာဖြစ်ပါတယ်။

ပြည်ထောင်စုအစိုးရဟာ ရခိုင်ပြည်နယ်ရဲ့ လူမှုဖွံ့ဖြိုးရေးအတွက် လူသားချင်းစာနာ ထောက်ထားတဲ့ အကူအညီတွေပေးနိုင်မှုရှိခဲ့တယ်လို့လည်း ပြောလိုပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ သာဓကအနေနဲ့ပြရရင် အဆိုပါဆောင်ရွက်ချက်တချို့ကို တင်ပြလိုတဲ့အတွက် Power Point အသုံးပြုခွင့်ပေးပါရှင်။ ဒါကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ရခိုင်ပြည်နယ်အတွင်းမှာ ပြည်သူများကို ထောက်ပံ့ပေးထားမှုပဲ ဖြစ်ပါတယ်ရှင်။ ဒါကတော့ ကရင်ပြည်နယ်ရဲ့ UEHRD စီမံကိန်းက စေတနာ့ဝန်ထမ်းလူငယ်များက ရခိုင်ပြည်နယ်ကျေးရွာများကို ကွင်းဆင်းစာရင်းကောက်ယူခြင်း ဆောင်ရွက်ထားမှုအခြေအနေများပဲဖြစ်ပါတယ်။ ဒီ Slide ကတော့ ကရင်ပြည်နယ် UEHRD စီမံကိန်း စေတနာ့ဝန်ထမ်းလူငယ်များက ရခိုင်ပြည်နယ်ကျေးရွာများကို ထောက်ပံ့တဲ့အခြေခံစားကုန် ပေးဝေမှုအချို့အစားမှတ်တမ်းပုံများပဲဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အတွင်းမှာ လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပြုခဲ့တဲ့ ကရင်ပြည်နယ်နဲ့ စေတနာ့ဝန်ထမ်းလူငယ်များပဲ ဖြစ်ပါတယ်။ ဒါကတော့ ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ရခိုင်ပြည်နယ်အတွင်း ပြန်လည်နေရာချထားရေးမှာ နေအိမ်ပနက်ရိုက်ခြင်း၊ နေအိမ်ပနက်တင်ခြင်းတွေကို ဆောင်ရွက်ပေးမှုပဲဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကနေပြီးတော့လည်း ပူးပေါင်းပါဝင်သူတွေဖြစ်ပါတယ်။ ဒါကတော့ ကရင်ပြည်နယ်အစိုးရအဖွဲ့က ပံ့ပိုးကူညီပေးထားမှုများပဲ ဖြစ်ပါတယ်။ အထက်ဖော်ပြပါဆောင်ရွက်ချက်တွေကို ထောက်ရှုခြင်းအားဖြင့် ကျွန်မတို့ ပြည်ထောင်စုမြန်မာနိုင်ငံကြီးရဲ့ အလွန်အဖိုးထိုက်တန်လှတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများရဲ့ ပူးပေါင်းညီညွတ်မှုစိတ်ဓာတ်ကို မြင်တွေ့နိုင်မှာလည်းဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မအနေနဲ့ အလေးအနက်တိုက်တွန်းလိုတာကတော့ နိုင်ငံတော်အစိုးရအနေနဲ့ ရခိုင်ပြည်နယ်ရဲ့ တည်ငြိမ်အေးချမ်းမှုဖွံ့ဖြိုးတိုးတက်ဖို့ ရေတို၊ ရေရှည်စီမံကိန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်နေမှုများရှိသလို ကျွန်မတို့ပြည်ထောင်စုဖွား တိုင်းရင်းသားများကလည်း လက်တွဲကူပြီး တတ်နိုင်သလောက် မျှဝေခံစားပြီး ကူညီဆောင်ရွက်ပေးနေပါတယ်လို့ ဆွေးနွေးတင်ပြအပ်ပါတယ်။ ရခိုင်ပြည်သူများ နှလုံးစိတ်ဝမ်းချမ်းမြေ့ကြပါစေ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း ဖြစ်ပါတယ်။ ဦးအောင်သောင်းရွှေရဲ့အဆိုအပေါ်မှာ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားရပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမှန်တော့ ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသမှာဖြစ်ပေါ်နေတဲ့ မတည်ငြိမ်မှုတွေဟာ နယ်စပ်ဒေသတွေမှာဖြစ်ပေါ်လျက်ရှိတဲ့ လူဝင်/လူထွက်ပြဿနာက စတယ်ဆိုတာကို ရိုးရှင်းစွာတွေ့မြင်နိုင်ပါတယ်။ ဒါပေမဲ့ အဆိုရှင်တင်ပြသလို ခေတ်အဆက်ဆက်အစိုးရများဟာ ပြဿနာကို ပြီးစလွယ် ဖြေရှင်းခဲ့တဲ့အမှားတွေ၊ အစာသာမြင်ပြီး မျှားချိတ်မမြင်တဲ့ နိုင်ငံရေးသမားတွေ၊ ဘနဖူးသိုက်တူးကြတဲ့ အကျင့်ပျက်ဝန်ထမ်းဆိုးတွေကြောင့် ဒီလိုပယောဂတွေကြောင့် အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက်ခဲ့ရတဲ့ ကိန်းဆိုက်ရာဖြစ်ပါတယ်။ ဒီနေ့ UEHRD ရဲ့ လုပ်ဆောင်တဲ့

အစီအစဉ်တွေကို ဒေသခံပြည်သူများက စိုးရိမ်တကြီးနဲ့စောင့်ကြည့်နေကြပါတယ်။ အကြမ်းဖက်သမားတွေ နီးနီးနားနားရောက်လာမှာကို ကြောက်စိတ်နဲ့ နောက်ကျောမအေးနိုင်ကြပါဘူး။ ဒေသခံပြည်သူများကို ပွင့်လင်းမြင်သာစွာ ရှင်းပြပြီး ဖြစ်ပေါ်လာနိုင်တဲ့အခက်အခဲပြဿနာတွေအတွက် အကြံဉာဏ်ယူဖြေရှင်း ပူးပေါင်းဆောင်ရွက်သင့်ပါတယ်။ မည်မျှပင်ကျွမ်းကျင်တဲ့ တောင်တက်သမားဖြစ်ပါစေ ဒေသခံလမ်းပြမပါဘဲ သွားလေ့မရှိပါဘူး။ UEHRD ရဲ့ လူသားချင်းစာနာမှုအထောက်အကူပြုရေး ပြန်လည်နေရာချထားရေးလုပ်ငန်းတွေဟာ နိုင်ငံသားမဟုတ်တဲ့သူတွေအတွက်ကိုသာ အလေးထားဆောင်ရွက်နေတာကို တွေ့ရပါတယ်။ ဒီဒေသမှာ မျိုးချစ်၊ ပြည်ချစ်စိတ်နဲ့ အရဲကိုးနေထိုင်ကြတဲ့ တိုင်းရင်းသားလူနည်းစုတွေအတွက်ကိုပါ အသက်အိုးအိမ်လုံခြုံမှုအတွက် လူမှုဘဝကိုထူထောင်ပေးနိုင်မှသာ နယ်မြေတည်တံ့ရေး၊ အချုပ်အခြာအာဏာတည်တံ့ရေးဖြစ်လာနိုင်မှာဖြစ်ပါတယ်။ အစိုးရအနေနဲ့ ဒီတာဝန်ကို ပျက်ကွက်ခဲ့မယ်ဆိုရင် ဒေသခံပြည်သူတွေဟာ တဖြည်းဖြည်း နေရပ်ကိုစွန့်ခွာလာကြပြီး နိုင်ငံသားမဟုတ်တဲ့လူတွေရဲ့လက်ထဲမှာ ဝါးကွက်ပြီး အပ်နှံရမယ့်ကိန်းများ စိုက်ရောက်သွားနိုင်ပါတယ်။ ဒါဆိုရင် အစိုးရက လုပ်နေပါတယ်ဆိုတဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေဟာ နိုင်ငံသားမဟုတ်သူတွေအတွက်သာ ဖြစ်သွားပါလိမ့်မယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့သမိုင်းမှာ လူဦးရေနဲ့ ဝါးမြိုခံရတဲ့ နိုင်ငံဒေသတွေအများကြီးရှိပါတယ်။ မြန်မာနိုင်ငံမှာ ဒီလိုအဖြစ်နိုင်ဆုံးဒေသကတော့ ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသပဲဖြစ်ပါတယ်။ ဒါကြောင့် ဒေသကိုတည်ငြိမ်ပြီး အချုပ်အခြာအာဏာကို မထိပါးစေဖို့ အောက်ပါအချက်တွေကို အလေးအနက်ထားစဉ်းစားဖို့ ဖော်ပြလိုပါတယ်။ (၁) နယ်ခြားဒေသလုံခြုံဖို့အတွက် သွပ်ဆူးကြိုးကာရံခြင်း၊ လုံခြုံရေးစခန်းများခိုင်မာစွာတည်ဆောက်ခြင်း၊ တိုင်းရင်းသားကျေးရွာများကို အင်အားဖြည့်တည်ဆောက်ကာကွယ်ခြင်း၊ (၂) ဘာသာရေးအစွန်းရောက်များကို မွေးထုတ်ပေးရာ အာရဗီစာသင်ကျောင်းများကိုဖျက်သိမ်းပြီး နိုင်ငံတော်စာသင်ကျောင်းများအဖြစ် အစားထိုးခြင်း၊ ဗလီအရေအတွက်ကိုကန့်သတ်ပြီး ဗလီဆရာများအား အစွန်းမရောက်သည့်၊ သဘောထားမျှတသူများ ဖြစ်လာစေရန် စီမံဆောင်ရွက်ပေးခြင်း၊ (၃) ကျေးရွာများကိုနေရာချထားမှု၊ ကျေးရွာဖွဲ့စည်းမှုလုံခြုံမှုကို ဦးစားပေး၍ စီမံဆောင်ရွက်ခြင်း၊ အထူးသဖြင့် ပင်လယ်ကမ်းခြေဒေသနှင့် လမ်းမကြီးများနှင့် ကပ်လျက်နေရာများမှာ ရှောင်သင့်ပါတယ်။ (၄) ဥပဒေနှင့်အညီ နိုင်ငံသားဖြစ်သူများကိုသာ ကျေးရွာများမှာ ကျေးရွာများထူထောင်ပေးခြင်း၊ လယ်ယာမြေဥပဒေနှင့်အညီ လုပ်ပိုင်ခွင့်ပေးခြင်း၊ (၅) ကျေးရွာများ၏ တရားဥပဒေစိုးမိုးရေး၊ အုပ်ချုပ်မှုယန္တရားများ လည်ပတ်ရေးအတွက် ဘာသာရေးအရ တရားစီရင်ခြင်းအစားပြဋ္ဌာန်းဥပဒေများနှင့်အညီ ဆောင်ရွက်စေခြင်း၊ (၆) ဒေသအတွင်း ဘင်္ဂါလီများနှင့်တိုင်းရင်းသားများအကြား သင့်တင့်မျှတသော လူဦးရေအချိုးတစ်ခုဖြစ်ပေါ်လာစေရန် တစ်လင်တစ်မယားဥပဒေ၊ လူဦးရေထိန်းညှိခြင်းဆိုင်ရာဥပဒေများအသက်ဝင်အောင်ဆောင်ရွက်ပေးခြင်း တိုင်းရင်းသားများလာရောက်အခြေချနေထိုင်ရေးအတွက် လိုအပ်သလို စီမံဆောင်ရွက်ပေးခြင်း၊ (၇) နိုင်ငံသားဖြစ်လာသူများအား ဥပဒေနှင့်အညီ မြန်မာတစ်နိုင်ငံလုံးကို လွတ်လပ်စွာသွားလာအခြေချနေထိုင်ခွင့်ပြုခြင်း စတဲ့အချက်တွေကို ပြတ်ပြတ်သားသားလုပ်ဆောင်ဖို့ လိုအပ်ပါတယ်။

တချို့နိုင်ငံများ နိုင်ငံတော်အဖွဲ့အစည်းများတချို့ဟာ ကျွန်တော်တို့နိုင်ငံကို ချော့တစ်ခါ ခြောက်တစ်လှည့်နဲ့ ဖိအားမျိုးစုံပေးပြီးတော့ သူတို့အကျိုးစီးပွားအတွက် နိုင်ငံရေးကစားကွက်ကို ကျားကွက်ရွှေ့သလို ရွှေ့နေကြပါတယ်။ ဒေါ်လာစား မီဒီယာတချို့နဲ့ NGO ၊ CSO တချို့ကလည်း အရှင်သခင်များအလိုကျ ဘင်္ဂါလီအရေးကိုအခါတော်ပေးပြီး ဒေသအတွင်းတည်ငြိမ်မှုမရှိအောင် တစ်နေ့တစ်မျိုးမရိုးစေဘဲ သူခိုးဓါးရိုးကမ်း မျက်ကန်းလော်ဘီများအဖြစ် ပီပြင်စွာသရုပ်ဆောင်လျက် ရှိကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံ့အချုပ်အခြာနဲ့ပတ်သက်လာရင် မည်သည့်တိုင်းတစ်ပါးသားတွေရဲ့ လက်ထဲမှာမှ တိုင်းပြည်ရဲ့ကံကြမ္မာအဆုံးအဖြတ်ပေးဖို့ ယုံကြည်စွာမအပ်နှံထားသင့်ပါဘူး။ လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေးဆိုတာ အချုပ်အခြာအာဏာရဲ့ လက်အောက်ခံပြဿနာတွေသာဖြစ်ပါတယ်။ သေရေးရှင်ရေးနှင့်ရင်ဆိုင်နေရတဲ့ ရခိုင်တိုင်းရင်းသားတွေရဲ့ တုံ့ပြန်ဆောင်ရွက်မှုတွေဟာ အနောက်တံခါးကိုမကျိုးပေါက်ရအောင် တည်ဆောက်နေတဲ့ တူသံ၊ လွှသံအဖြစ်သာ ခံစားပြီးတော့ ဆူဆူညံညံအသံတွေလို့ မမှတ်ယူသင့်ပါဘူး။ ရွာအနောက်ပိုင်းမှာ မီးလောင်နေတာကို မီးနဲ့ဝေးနေတဲ့ အရှေ့ပိုင်းရွာက ပေါ့ပေါ့လျော့လျော့သဘောထားကြမယ်ဆိုရင် တစ်ရွာလုံးပြာကျမယ့်ကိန်းဆိုက်ရောက်သွားနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်တင်ပြလိုတာကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉ ပုဒ်မခွဲ(ဂ) ဟာ အထူးအလေးထားရမယ့်ကိစ္စဖြစ်ပါတယ်။ တိုင်းဒေသကြီးတစ်ခု၏အမည်ကိုဖြစ်စေ၊ ပြည်နယ်တစ်ခု၏အမည်ကိုဖြစ်စေ ပြောင်းလဲသတ်မှတ်လိုလျှင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း နေထိုင်ကြသော နိုင်ငံသားများ၏ ဆန္ဒကိုရယူပြီး ဥပဒေနှင့်အညီ ပြောင်းလဲသတ်မှတ်ရမယ်လို့ ဆိုထားပါတယ်။ အခု ဘင်္ဂလားဒေ့ရှ်ကိုပြန်သွားတဲ့စာရင်းက ခုနစ်သိန်းခန့်နဲ့ ယခင်ရှိနေတာနဲ့ပေါင်းရင် ၁၀ သိန်းခန့်ရှိပြီလို့ စာရင်းမှာဖော်ပြပါတယ်။ အိန္ဒိယမှာလည်း ခိုးဝင်လေးသောင်း၊ ဆော်ဒီ၊ မလေးရှား၊ အခြားနေရာတွေမှာလည်း အများအပြားရှိတယ်လို့ ဖော်ပြနေပါတယ်။ စစ်တွေ၊ မောင်တော၊ ဘူးသီးတောင်အပါအဝင် အခြားမြို့နယ်တွေမှာလည်း သိန်းသန်းချီတဲ့ ဘင်္ဂါလီတွေ ရှိနေပါသေးတယ်။ အဲဒီအခါမှာ အဲဒီအခြေအနေမှာ ပြည်မမှာရောက်နေတဲ့ သူတို့ဆွေမျိုးတွေကလည်း ပူးပေါင်းပြီးတော့ ပါဝင်နိုင်ပါသေးတယ်။ ဒီလိုအခါမျိုးမှာ ရခိုင်တွေရဲ့ လူဦးရေကို ကျော်သွားနိုင်ပါတယ်။ ဒီနေ့မဖြစ်ရင်တောင် မကြာခင်ဖြစ်လာမယ်ဆိုတာ သေချာပါတယ်။ ဒီလူတွေအားလုံးနီးပါးသာ နိုင်ငံသားဖြစ်လာမယ်ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉ ပုဒ်မခွဲ(ဂ)အရ ရခိုင်ပြည်နယ်ဆိုတဲ့ အမည်ပျောက်ပြီးတော့ နိုင်ငံတော်က အသိအမှတ်မပြုတဲ့ ပြဿနာများကို ဆက်တိုက် မွေးဖွားပေးမယ့် ရိုဟင်ဂျာဆိုတဲ့အမည်နဲ့ဆိုတာကြုံလာရပြီး နောက်ဆက်တွဲပြဿနာတွေကို ကျွန်တော်တို့ အများကြီး ကြုံတွေ့လာနိုင်ပါတယ်။ ဒါကြောင့် ရခိုင်ပြည်နယ်မှာ တိုင်းရင်းသားဦးရေဟာ အမြဲတမ်းအများစုဖြစ်နေဖို့ လိုအပ်တယ်ဆိုတာကို နှလုံးသွင်းထားဖို့ လိုအပ်ပါတယ်။ ခေတ်အဆက်ဆက်အစိုးရများရဲ့ မီးစဉ်ကြည့်ကတဲ့ စာရွက်ပေါ်က စီမံကိန်းအမှားတွေကြောင့် လုံခြုံရေးဝန်ထမ်းတွေနဲ့ ဒေသခံတိုင်းရင်းသားတွေက သွေးနဲ့ ချွေးကြေးပေးဆပ်ခဲ့ရတယ်ဆိုတာကို သမိုင်းသင်ခန်းစာကို မမေ့သင့်ပါဘူး။ သို့ဖြစ်ပါ၍ နိုင်ငံတော်အချုပ်အခြာတည်တံ့ခိုင်မြဲရေး၊

နိုင်ငံသားများအားလုံး အရေးကြီးသွေးနီးရာဆိုသကဲ့သို့ ကျောချင်းကပ် ရင်ချင်းအပ်ပြီး အဖျက်အန္တရာယ်အသွယ်သွယ်ကို ရင်ဆိုင်ကျော်လွှားကြပါစို့လို့ တိုက်တွန်းရင်း ဦးအောင်သောင်းရွှေရဲ့အဆိုကို အလေးအနက်ထောက်ခံအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ဝင့်ဝါထွန်း(ရှားတောမဲဆန္ဒနယ်)**။ ။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ ကယားပြည်နယ်၊ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ ယနေ့ကျင်းပတဲ့ ရခိုင်ပြည်နယ်မှာဖြစ်ပေါ်နေတဲ့ အရေးကိစ္စများဟာ ပြည်ထောင်စုကြီးတစ်ခုလုံးရဲ့ အရေးကိစ္စဖြစ်တဲ့အတွက် ဆွေးနွေးရခြင်းဖြစ်ပါတယ်ရှင်။ မိမိတို့ရခိုင်ပြည်နယ်အပါအဝင် နိုင်ငံတစ်ဝန်းလုံးမှာ တရားဥပဒေစိုးမိုးရေး၊ ဖွံ့ဖြိုးရေးတို့အတွက် ရေတို၊ ရေရှည်စီမံကိန်းများ စနစ်တကျချမှတ်ဆောင်ရွက်ရန် အထူးလိုအပ်လျက်ရှိပါတယ်။ နယ်မြေဒေသတည်ငြိမ်အေးချမ်းပါမှ ဖွံ့ဖြိုးတိုးတက်ပါမှ ကျွန်မတို့တည်ဆောက်လိုတဲ့ ဒီမိုကရေစီဖဒရယ်ပြည်ထောင်စုကြီးကို တည်ထောင်နိုင်မှာဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ကျွန်မတို့နိုင်ငံမှာ ပြည်တွင်းငြိမ်းချမ်းရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသလို ရခိုင်ပြည်နယ်ရဲ့ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း ကြိုးပမ်းဆောင်ရွက်နေတာ သိရှိရတဲ့အတွက် ကြည်နူးဝမ်းသာရပါတယ်ရှင်။ သို့ပါသော်လည်း တကယ့်မြေပြင်မှာ ကိုယ်တွေ့ရင်ဆိုင်ကြုံတွေ့ခံစားခဲ့ရတဲ့သူတွေအတွက်ကတော့ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ တည်ငြိမ်အေးချမ်းအောင်၊ လုံခြုံမှုခံစားရအောင် မနည်းကို အားယူကြိုးစားတည်ဆောက်ကြရမှာဖြစ်ပါတယ်ရှင်။ ထို့အတူပဲ မိမိတို့ရခိုင်တိုင်းရင်းသားများအပါအဝင် မငြိမ်းချမ်းခြင်းရဲ့ဆိုးမွေကိုခံစားနေရတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးဟာ ဒီဆိုးမွေတွေရဲ့ လာရာဇစ်မြစ်ကို သိရှိပြီးဖြစ်တယ်လို့ ယုံကြည်ပါတယ်ရှင်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ဟာ ပြဿနာတစ်ခုကို ရင်ဆိုင်ရပြီဆိုရင် ဘယ်လိုဖြေရှင်းရမလဲလို့ ဆန်းစစ်အဖြေရှာကြရမှာဖြစ်သလို ဖြစ်စဉ်တွေကို လေ့လာဆန်းစစ်ပြီး သင်ခန်းစာယူတတ်ဖို့က အရေးကြီးပါတယ်ရှင်။ ဒီအခါမှာ အကြီးမားဆုံးနဲ့ စွမ်းအင်အရှိဆုံးအားကတော့ ညီညွတ်စွာပူးပေါင်းဆောင်ရွက်မှုအားပါပဲရှင်။ ဒါကို ယနေ့ ကျွန်မတို့လွှတ်တော်ကြီးက အခိုင်အမာ သက်သေထူလျက် ရှိနေပါတယ်။ ဥပမာအနေနဲ့တင်ပြရမယ်ဆိုရင် မငြိမ်းချမ်းခြင်းရဲ့ဆိုးမွေတွေကို ခံစားနေကြရတဲ့နယ်မြေဒေသတွေဆီက ကိုယ်စားလှယ်အသီးသီးဟာ ဒီလွှတ်တော်ကြီးထဲကနေ သူတို့ဒေသရဲ့အကျိုးတွေကို စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်လျက်ရှိမှာ သေချာနေပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာလည်း နယ်မြေဒေသတစ်ခုအတွက်သာမက ပြည်ထောင်စုတစ်ဝန်းလုံးလွှမ်းခြုံတဲ့ တွေးခေါ်မြော်မြင်မှုတွေနဲ့လုပ်ဆောင်ခဲ့တယ်လို့ ယုံကြည်ပါတယ်ရှင်။ ဥပမာအနေနဲ့တင်ပြရမယ်ဆိုရင် ဘတ်ဂျက်ခွဲဝေသုံးစွဲမှုတွေ၊ ပြည်တွင်းပြည်ပချေးငွေတွေကို အဆိုပြုလာတဲ့အခါ ဝိုင်းဝန်းထောက်ခံဆွေးနွေးခဲ့ကြသလိုပဲ ယနေ့ကျွန်မတို့ပါဝင်ဆွေးနွေးကြတဲ့ ကိုယ်စားလှယ်အသီးသီးကို ကြည့်ခြင်းအားဖြင့်လည်း သိနိုင်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ ဒုတိယပိုင်းအနေဖြင့် အစိုးရရဲ့ ရခိုင်ပြည်နယ်အတွက် ဘာတွေလုပ်ဆောင်နေသလဲလို့ဆန်းစစ်ကြည့်တဲ့အခါမှာ Power Point ကိုအသုံးပြုခွင့်ပေးပါရှင်။ ကျွန်မတို့ သက်ဆိုင်ရာ

ဝန်ကြီးဌာနများအားလုံးပါဝင်တဲ့ ကော်မတီတစ်ရပ်ကို ၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ကစလို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ဦးဆောင်တဲ့ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးမှု တိုးတက်ရေးကော်မတီအပါအဝင် လုပ်ငန်းအဖွဲ့များ၊ ထို့အတူပဲ အထက်ပါကော်မတီ၊ ကော်မရှင် လုပ်ငန်းအဖွဲ့အသီးသီးကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ ထို့အတူပဲ ကျွန်မတို့ UEHRD မှ လုပ်ငန်းစဉ်သုံးရပ်ကိုချမှတ်ပြီးတော့မှ လုပ်ငန်းအဖွဲ့ကိုးဖွဲ့ကိုဖွဲ့ပြီး ကျွန်မတို့ ရေတိုရေရှည်စီမံကိန်းများ အနေနဲ့ စီးပွားရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ပညာရေး၊ ကျန်းမာရေး အစရှိတဲ့ကိစ္စရပ်တစ်ခုစီကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတာကို တွေ့မြင်နိုင်ပါတယ်ရှင်။ ကျွန်မတို့ ဒီ UEHRD ရဲ့လုပ်ဆောင်မှုတွေကို ၁၅-၁၀-၂၀၁၇ ရက်နေ့ကစလို့ Website မှာစတင်လွှင့်တင်ခဲ့ပြီးတော့မှ လုပ်ဆောင်လျက်ရှိတဲ့ ကိစ္စရပ်တစ်ခုစီတိုင်းကိုလည်း ကျွန်မတို့ အလွယ်တကူ သိမြင်နိုင်အောင် နိုင်ငံပိုင်သတင်းစာတွေမှာလည်း နေ့စဉ်ဖော်ပြလျက်ရှိပါတယ်ရှင်။ ကျွန်မတို့ ဒီအစီအစဉ်အရပ်ရပ်တွေကို လေ့လာသုံးသပ်ကြည့်တဲ့အခါမှာတော့ အားလုံးထဲမှာ အနှစ်သက်ဆုံးအကြောင်းအရာကတော့ ပြည်သူသို့အစီရင်ခံသော အစီအစဉ်တစ်ရပ်ပဲဖြစ်ပါတယ်။ ဒီလို ပြည်သူသို့အစီရင်ခံတဲ့ အစီရင်ခံစာတွေကိုလည်း ကျွန်မတို့ လေးလတစ်ကြိမ်မှာ ထုတ်ပြန်သွားမယ်ဆို တာသိရှိရတဲ့အတွက်ကြောင့်လည်း အင်မတန်မှ ဝမ်းသာဂုဏ်ယူပါတယ်။ ဒီ ပြည်သူသို့အစီရင်ခံစာထဲမှာ ဆိုလို့ရှိရင် ကျွန်မတို့ ရခိုင်ပြည်နယ်အတွက် ဘာတွေလုပ်ဆောင်ထားသလဲဆိုတာကို အသေးစိတ် ဖော်ပြပါရှိလျက် ရှိနေပါတယ်ရှင်။ အထက်ပါအကြောင်းအရာကိစ္စရပ်တွေကို ကျွန်မဘယ်နေရာက သိရှိနေပါသလဲဆိုရင်တော့ ကျွန်မတို့ နိုင်ငံတော်အတိုင်ပင်ခံရုံး Website အပါအဝင် ဝန်ကြီးဌာန Website တွေ၊ နိုင်ငံပိုင်သတင်းစာတွေ၊ မီဒီယာတွေကနေတစ်ဆင့် လေ့လာသိရှိခွင့်ရခဲ့တာဖြစ်ပါတယ်။ ဒါဟာ ပွင့်လင်းမြင်သာစွာချပြတဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုရှိတဲ့ အစိုးရတစ်ရပ်ရဲ့ ဂုဏ်သိက္ခာတစ်ခုပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ ပွင့်လင်းမြင်သာမှုဆိုတဲ့အပိုင်းကို ဖော်ဆောင်တဲ့အခါမှာ အဓိပ္ပာယ် ဖွင့်ဆိုမှုနဲ့ ကန့်သတ်မှုတွေရှိနေနိုင်ပေမဲ့ မိမိတို့ရခိုင်ဒေသအတွက် လက်ရှိအစိုးရက ဘာတွေစီမံ ဆောင်ရွက်နေသလဲ။ ဘာတွေလုပ်ဆောင်ဖို့လိုအပ်နေသလဲဆိုတာကိုတော့ အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ဖို့ အထူးလိုအပ်လှပါတယ်ရှင်။ ဒီအခါမှာ မိမိတို့လွှတ်တော်ကြီးမှလည်း MPU, IPU, AIPA မှတစ်ဆင့် မြန်မာပါမက ကမ္ဘာပါသိရှိအောင် ချပြနိုင်သလို မိမိတို့ကိုယ်စားလှယ်အသီးသီးများမှလည်း အစိုးရရဲ့လုပ်ဆောင်မှုတွေကို ပြည်သူလူထုကိုသိအောင် ချပြဆွေးနွေးပေးဖို့ အထူးလိုအပ်လျက်ရှိပါ တယ်။ နိုင်ငံသားတစ်ဦးစီတိုင်းကလည်း စိတ်ပါဝင်စားစွာနဲ့ လေ့လာဆန်းစစ်ပြီး အပြန်အလှန်မျှဝေ ထိန်းကျောင်းနိုင်ဖို့လိုအပ်သလို မီဒီယာများမှလည်း နေ့စဉ်အချိန်နှင့်တစ်ပြေးညီ လုပ်ကိုင်ဆောင်ရွက် နေတဲ့အချက်အလက်များကို ကမ္ဘာကသိအောင် ကျွန်မတို့ညီညွတ်စွာ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ဖို့ အလေးအနက် တိုက်တွန်းလိုပါတယ်ရှင်။ နိဂုံးချုပ်အနေဖြင့် ဖွံ့ဖြိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးကို ဖော်ဆောင်တဲ့အခါမှာ စိတ်ဓာတ်နှင့်ယုံကြည်မှုက အရေးကြီးဆုံးဖြစ်ပါတယ်။ ဒို့အတွက်ကြောင့်မို့လို့ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အစိုးရတစ်ရပ်ရဲ့ ဒေသခံတိုင်းရင်းသားတို့ရဲ့ လိုအပ်ချက်များကို ရေတိုရေရှည်စီမံကိန်းများချမှတ်ပြီး ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နေတဲ့ အကောင်အထည်ဖော်မှု

လုပ်ငန်းစဉ်တွေကို မြန်မာပါမက ကမ္ဘာကသိအောင် ဝိုင်းဝန်းပြီးတော့မှ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ကျွန်မတို့မြန်မာနိုင်ငံရဲ့ ပြည်တွင်းဖိအားများကို ယုတ်လျော့နိုင်သလို ကမ္ဘာရဲ့ဖိအားကိုလည်း ကျွန်မတို့ ဖြေလျှော့နိုင်မှာဖြစ်တယ်ဆိုတာပြောကြားရင်း ကျွန်မတို့အားလုံး ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြ ပါစို့လို့ လေးလေးနက်နက် တိုက်တွန်းအပ်ပါတယ်ရှင်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသန်းဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးသန်းဝင်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသန်းဝင်း ဖြစ်ပါတယ်။ အဆိုနဲ့ပတ်သက်ပြီး ဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ အကြမ်းဖက်တိုက်ခိုက်ခံရမှုများနဲ့ ပဋိပက္ခအလွန်ကာလ အကြမ်းဖက်တိုက်ခိုက်ခံရမှုဖြစ်နိုင်ခြေရှိတဲ့ အခြေအနေများမှာ နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေး၊ အသက်အိုးအိမ် စည်းစိမ်များလုံခြုံရေးဟာ မလွဲမသွေလိုအပ်မှာဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုအတွက် လူသားတို့ရဲ့ လုံခြုံမှုဟာ အရေးကြီးတဲ့အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး လုံခြုံမှုမရှိတဲ့အနေအထားတစ်ရပ်ဟာ လူမှုစီးပွားဘဝတိုးတက်မှုကို ထိခိုက်စေမှာဖြစ်သလို ပဋိပက္ခများပိုမိုဖြစ်ပွားတာကို လေ့လာတွေ့ရှိရ ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မျက်မှောက်ခေတ်ကမ္ဘာ့နိုင်ငံတော်တော်များများမှာ တရားမဝင် ဝင်ရောက်အခြေချနေထိုင်မှုပြဿနာများ ကြုံတွေ့ရလေ့ရှိပြီး ဒေသခံများနှင့် Immigrants များ အကြား ပဋိပက္ခဖြစ်ပွားတာကို တွေ့ရှိနေရပါတယ်။ အမေရိကန်နိုင်ငံတွင် မက္ကဆီကိုမှ တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှုများကို တားဆီးကာကွယ်ရန်အတွက် နယ်စပ်တစ်လျှောက် အုတ်တံတိုင်းကာရံနေရသလို ပြင်သစ်၊ ဂျာမနီ၊ အင်္ဂလန်နိုင်ငံတို့တွင်လည်း အရှေ့အလယ်ပိုင်းမှ အလုံးအရင်းဖြင့်ဝင်ရောက်လာသော ဒုက္ခသည်များကို လူ့အခွင့်အရေးအရ ခွင့်ပြုခဲ့ရာမှ နိုင်ငံအတွင်း အကြမ်းဖက်မှုများ များပြားလာသဖြင့် ဝင်ရောက်မှုကန့်သတ်ထားရှိရေး ဆောင်ရွက်နေကြတာကို လေ့လာတွေ့ရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း ကိုလိုနီခေတ်ကာလများနှင့် လွတ်လပ်ရေးရပြီး နောက်ပိုင်းကာလများမှာ ရခိုင်ဒေသအတွင်း အလားတူပြဿနာများ ကြုံတွေ့ခဲ့ရပါတယ်။ မတူကွဲပြား ခြားနားမှုများကြောင့် ဒေသခံတိုင်းရင်းသားများနှင့် တရားမဝင် ဝင်ရောက်လာသူများအကြား ပဋိပက္ခ များ ခေတ်အဆက်ဆက် ဖြစ်ပွားခဲ့ရပြီး ပိုမိုဆိုးရွားစေတဲ့အချက်ကတော့ မိမိနိုင်ငံရဲ့နယ်မြေကို ရရှိလိုမှု ကြောင့် ၁၉၄၂ ခုနှစ်၊ ၁၉၄၇ ခုနှစ်၊ ၁၉၄၈ ခုနှစ်နှင့် ၁၉၅၁ ခုနှစ်များမှာ တရားမဝင် ဝင်ရောက်လာသူ များက မူဂျာဟစ်အမည်နဲ့ လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်ခဲ့မှု၊ လက်ရှိကာလ ၂၀၁၆ ခုနှစ်၊ ၂၀၁၇ ခုနှစ်များအတွင်း အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများရဲ့ အကြမ်းဖက်တိုက်ခိုက်ခဲ့မှု များဖြစ်ပါတယ်။ ဒီလိုအခြေအနေများဖြစ်ပေါ်ချိန်မှာ မိမိတို့အနေနဲ့ အမျိုးသားလုံခြုံရေး(National Security)ကို မဖြစ်မနေစဉ်းစားဆောင်ရွက်လာရပါတယ်။ Social Political Stability, Territorial Integrity, Economic Solidarity and Strength, Balance, Cultural Coexistence, Moral Spiritual, Coexistence, External Peace စတဲ့အချက်များကို ဖော်ဆောင်ရေးဟာ နိုင်ငံတော်ရဲ့ ကြီးမားလှတဲ့အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ပါတယ်။ National Security ကို ဆောင်ရွက်နေတဲ့

တစ်ချိန်တည်းမှာပဲ တိုင်းရင်းသားများအတွက် Economic Security, Food Security, Health Security, Environmental Security, Personal Security, Community Security, Political Security အစရှိတဲ့ Human Security ကိုလည်း ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ Human Security ကိုဆောင်ရွက်ပေးခြင်းအားဖြင့် National Security ကိုပါ ရရှိစေမှာဖြစ်သလို အပြန်အလှန်အားဖြင့် National Security မရှိဘဲ Human Security ကိုဖော်ဆောင်ဖို့ရာ မလွယ်ကူတာကိုလည်း အထူးသတိပြုရမှာဖြစ်ပါတယ်။ Human Security ကိုဆောင်ရွက်ရာမှာ ဒေသတွင်း စီးပွားဖွံ့ဖြိုးတိုးတက်စေရန် ရေတိုရေရှည်စီမံကိန်းများချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးရမှာဖြစ်သကဲ့သို့ တည်ငြိမ်အေးချမ်းရေး၊ ဒေသဖွံ့ဖြိုးရေးအတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်အတွက် အထူးအလေးထားဆောင်ရွက်ရမှာဖြစ်ပါတယ်။ ၎င်းအပြင် ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံရန်စိတ်ပါဝင်စားသူများကိုလည်း အထူးအခွင့်အရေးပေးပြီး အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများပါ ရင်းနှီးမြှုပ်နှံမှုရရှိစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးနိုင်ရန်အတွက် လိုအပ်ပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ပေးရမှာဖြစ်ပါတယ်။ ထို့အပြင် ဒေသအတွင်း အခွင့်အလမ်းများ ပိုမိုရရှိစေရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေမည့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ ပိုမိုတိုးတက်ရေး အားပေးရန်လိုအပ်ပြီး ကျောက်ဖြူရေနက်ဆိပ်ကမ်းနှင့် စက်မှုဇုန်စီမံကိန်းကို အချိန်မီပြီးစီးရေး အလေးထားပံ့ပိုးပေးသင့်ကြောင်း အကြံပြုလိုပါတယ်။ ၎င်းအပြင် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန် အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများကို မြို့ပေါ်နေသူများသာမက ကျေးရွာများရှိ ဌာနေတိုင်းရင်းသားများပါ သင်ကြားနိုင်ရေးအတွက် သင်တန်းများဖွင့်လှစ်သင်ကြားပေးရန် လိုအပ်သလို စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများအတွက် ဈေးကွက်များဖန်တီးပေးရန်လည်း လိုအပ်ကြောင်း အကြံပြုလိုပါတယ်။ ရခိုင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမ္မတရုံးရဲ့ အမိန့်ကြော်ငြာစာအမှတ်(၇၅/၂၀၁၇)ဖြင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီကို ဖွဲ့စည်းခဲ့ပါတယ်။ ယင်းကော်မတီ၏လုပ်ငန်းတာဝန်များနှင့် တတိယအချက်ဖြစ်သော ရခိုင်ပြည်နယ်အတွင်း လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာကိစ္စရပ်များ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် မဟာဗျူဟာစီမံချက်ရေးဆွဲချမှတ်ပြီး ဆောင်ရွက်ရန်တာဝန်ပေးအပ်ခဲ့ပါတယ်။ ဒါ့အပြင် အမိန့်ကြော်ငြာစာအမှတ်(၈၆/၂၀၁၇)ဖြင့် UEHRD ကော်မတီဖွဲ့စည်းခဲ့ပြီး ယင်းကော်မတီရဲ့ လုပ်ငန်းစဉ်(၃)ဟာ ဒေသဖွံ့ဖြိုးရေးနှင့် ရေရှည်ပဋိပက္ခကင်းဝေးရေးလုပ်ငန်းစဉ်ဖြစ်တာကို တွေ့ရမှာဖြစ်ပါတယ်။ ၂၀-၁၂-၂၀၁၇ ရက်နေ့တွင် အိန္ဒိယ-မြန်မာ နှစ်နိုင်ငံအကြား ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆိုင်သော တင်ပြပါလုပ်ငန်းများမှာ သုံးစွဲသွားမှာဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ရခိုင်ပြည်နယ်မြောက်ပိုင်းမှာရှိသော ဒေသခံတိုင်းရင်းသားများရဲ့ လူမှုဘဝကို ထူထောင်ပေးရာတွင် ရေရှည်ဆောင်ရွက်ပေးရမည့်ကိစ္စမှာ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်ဖြစ်စဉ်ကြောင့် ပိတ်ထားရခဲ့တဲ့ကျောင်းများအနက် ၂၈၃ ကျောင်းကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သလို ကျန်ရှိနေသောကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးကိုလည်း ဆောင်ရွက်

လျက်ရှိပါတယ်။ ကျောင်းများကို ရေရှည်တွင် အဆင့်မြှင့်တင်တိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက် စီမံချက်များချမှတ်ထားရန်လိုအပ်သလို ဆရာဆရာမများအတွက် ဝန်ထမ်းအိမ်ရာများလည်းဆောက်လုပ်ပေးပြီး လုံခြုံရေးအတွက်လည်း ဒေသဆိုင်ရာအာဏာပိုင်များနှင့်ပူးပေါင်း၍ အစီအမံများရေးဆွဲထားရန်လိုအပ်မှာဖြစ်ပါတယ်။ ကျန်းမာရေးကဏ္ဍတွင်လည်း အမျိုးသားကျန်းမာရေးစီမံချက်အတိုင်း လိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်မှာဖြစ်တဲ့အတွက် ကျေးလက်ကျန်းမာရေးဌာန၊ ဌာန(ခွဲ)များ၊ ဆေးရုံများ၊ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ရေး၊ ဝန်ထမ်းများတိုးချဲ့ခန့်ထားနိုင်ရေးတို့ကို ဦးစားပေးဆောင်ရွက်သွားရန်လိုအပ်ပါတယ်။ ထို့အတူ အမျိုးသားလုံခြုံရေးအပိုင်းကို ဆောင်ရွက်ရာမှာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတပ်ဖွဲ့များကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀ ပုဒ်မခွဲ(င)၊ ပုဒ်မ ၃၃၉၊ ပုဒ်မ ၃၄၁ တို့အရ နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံသားတို့၏အသက်အိုးအိမ်စည်းစိမ်တို့ကို ကာကွယ်စောင့်ရှောက်ရေးအတွက် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေး၊ ဒေသခံဌာနေတိုင်းရင်းသားတို့၏ အသက်အိုးအိမ်၊ စည်းစိမ်လုံခြုံမှုရှိသော လူမှုဘဝကိုထူထောင်နိုင်ရေး၊ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သော ပြည်နယ်တစ်ရပ်အဖြစ် ရပ်တည်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူလူထုတစ်ရပ်လုံးက အမျိုးသားလုံခြုံရေးနှင့် လူပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုစနစ်နှစ်ရပ်လုံးကို ဟန်ချက်ညီစွာဖြင့် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး(ကလေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်မကတော့ ကလေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီးဖြစ်ပါတယ်။ ဘူးသီးတောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းရွှေရဲ့အဆိုကို ပါဝင်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့နိုင်ငံဟာ အကြောင်းအရာတစ်ခုတည်းကြောင့် စုစည်းတည်ထောင်ထားတဲ့ ပြည်ထောင်စုနိုင်ငံမဟုတ်ပါဘူး။ အဓိပ္ပာယ်ဖွင့်ဆိုရန် ခက်ခဲလှတဲ့ချစ်ခြင်းမေတ္တာနှင့် သံယောဇဉ်တွေကြောင့် ဖြစ်တည်လာတဲ့ ပြည်ထောင်စုနိုင်ငံဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း ဘယ်လိုသွေးခွဲဖျက်စီးမှုမျိုးကိုမဆို အံတုကျော်လွှားပြီး ကျွန်မတို့မျက်မှောက်မှာ ကျွန်မတို့ကိုယ်တိုင် တာဝန်ယူထားတဲ့ ပြည်ထောင်စုကြီးကို ပျက်စီးဆုတ်ယုတ်မှုမရှိ လက်ခံရရှိခဲ့တာဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံကိုဖွဲ့စည်းတည်ထောင်ရာမှာ လူသားတွေကို ဗဟိုပြုပြီးတည်ထောင်ထားတာဖြစ်ပါတယ်။ လူသားတွေရဲ့သဘောသဘာဝဟာ အတိတ်ကအတွေ့အကြုံတွေကို ပြန်ပြောင်းသုံးသပ်တဲ့နေရာမှာပဲဖြစ်ဖြစ်၊ ယခုမျက်မှောက်ပစ္စုပ္ပန်မှာဖြစ်နေတဲ့ကိစ္စကြီးငယ်ပေါ်မှာ ရှုမြင်ဆောင်ရွက်တဲ့နေရာမှာပဲဖြစ်ဖြစ်၊ အတိတ်နှင့်ပစ္စုပ္ပန်ကို အခြေပြုပြီး အနာဂတ်အတွက် ပြင်ဆင်တဲ့နေရာမှာပဲဖြစ်ဖြစ် တစ်ဦးနှင့်တစ်ဦး အမြင်သဘောထားကွဲလွဲကြမှာဖြစ်ပါတယ်။ ဒီလိုဖြစ်ကြတာလည်း လူသားပီသတဲ့သဘောသာဖြစ်တဲ့အတွက် ပြဿနာမဟုတ်ပါဘူး။ ကျွန်မတို့သတိပြုရမှာက အတိတ်ကပြဿနာတွေကို မငြင်းပယ်မိစေဖို့နှင့်

အခုမျက်မှောက်မှာဖြစ်ပေါ်လာတဲ့ ပြဿနာတွေကိုဖြေရှင်းဖို့တစ်စုံတစ်ရာမကြိုးစားဘဲ နောင်လူမျိုးဆက်က ဖြေရှင်းကြဆိုတဲ့ သဘောနှင့်လွှဲပြောင်းမပေးမိစေဖို့ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ လူတစ်ဦးတစ်ယောက်အပေါ်မှာပဲဖြစ်ဖြစ်၊ အစိုးရတစ်ရပ်အပေါ်မှာပဲဖြစ်ဖြစ်၊ ၎င်းရဲ့အရည်အသွေးကို အကဲဖြတ်ဖို့လိုအပ်လာရင် အထက်မှာတင်ပြခဲ့တဲ့အချက်နှစ်ချက်နှင့် စဉ်းစားဖို့လိုအပ်ပါတယ်။ ဒါ့ကြောင့် ၂၀၁၅ ခုနှစ် ပြည်သူကရွေးချယ်တင်မြှောက်လိုက်တဲ့ ပြည်သူ့အစိုးရလက်ထက်တာဝန်ယူခဲ့တဲ့ကာလအတွင်းမှာ ဆောင်ရွက်ခဲ့တဲ့လုပ်ငန်းတွေကို အကြမ်းဖျင်းလေ့လာကြည့်မယ်ဆိုရင် အတိတ်ဖြစ်တည်ခဲ့တဲ့ ပြဿနာကြီးတွေဖြစ်တဲ့ ပြည်တွင်းငြိမ်းချမ်းရေးကိစ္စရပ်ကြီးများ၊ သယံဇာတအခြေပြုလုပ်ငန်းကြီးများ၊ များပြားလှတဲ့ပြည်တွင်းပြည်ပကြွေးမြီကိစ္စရပ်များ၊ ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့တဲ့အချိန်ကတည်းက စိမ့်ဝင်ထိုးဖောက်လာတဲ့ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာကိစ္စရပ်ကြီးများ၊ ဖွံ့ဖြိုးမှုနိမ့်ကျလှတဲ့ပြည်နယ်များ အရေးဆိုင်ရာကိစ္စရပ်ကြီးများဆိုတဲ့ ကြီးမားကျယ်ပြန့်တဲ့ပြဿနာကြီးများကို လေးနက်တည်ကြည်စွာလက်ခံရယူပြီးတော့ ပြတ်သားစွာဖြင့်ရင်ဆိုင်ဖြေရှင်းနေတယ်ဆိုတာ နိုင်ငံတကာရဲ့ပူးပေါင်းဆောင်ရွက်မှုအခြေအနေတွေ၊ ဖက်ဒရယ်ပြည်ထောင်စုအသစ်ကြီးကိုတည်ဆောက်ရေး၊ ပြည်သူတစ်ရပ်လုံးကအနူလိုက်သည်းလိုက်လက်ခံလာတာကို ကြည့်ခြင်းအားဖြင့် ပြည်သူ့အစိုးရရဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုစံနှုန်းကို အကဲဖြတ်နိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ဖွံ့ဖြိုးမှုနိမ့်ကျလှတဲ့ပြည်နယ်များအား ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်ကို ရောက်ရှိလာရေးရဲ့ အဓိကတွန်းအားဖြစ်တဲ့ နိုင်ငံတော်ရဲ့ဘတ်ဂျက်သုံးစွဲမှု၊ တရားဥပဒေစိုးမိုးရေးအခန်းကဏ္ဍဟာ အဓိကလိုအပ်ချက်ဖြစ်ပါတယ်။ ငွေလုံးငွေရင်းသုံးစွဲမှုကို လေ့လာကြည့်မယ်ဆိုရင် ၂၀၁၆-၂၀၁၇ ရှေ့ပြေးအမှန်စာရင်းအရ ရခိုင်ပြည်နယ်ဟာ သူ့ရဲ့အိမ်နီးချင်း ချင်းပြည်နယ်ထက် ၆၄၂၅.၀၄၅ သန်းပိုမိုသုံးစွဲခွင့်ရပါတယ်။ ၂၀၁၇-၂၀၁၈ ပြုပြင်ပြီး ခန့်မှန်းစာရင်းမှာလည်း ရခိုင်ပြည်နယ်ဟာ ချင်းပြည်နယ်ထက် ကျပ်သန်းပေါင်း ၂၄၀၇၈.၇၆၇ သန်း ပိုမိုသုံးစွဲခွင့်ရရှိခဲ့ပြီးဖြစ်ပါတယ်။ ကျွန်မအခုလို ပြည်နယ်နှစ်ခုကိုနှိုင်းယှဉ်ပြီး ဖော်ပြတာဟာ လိုအပ်တဲ့နေရာမှာ လိုအပ်သလိုသုံးစွဲထားကြောင်း ထင်ရှားစေလိုတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ အဲဒီအတွက် ချင်းတိုင်းရင်းသူဖြစ်တဲ့ ကျွန်မအနေနဲ့ မုဒိတာပွားမိပါတယ်ရှင်။ ဒါဟာ ငွေလုံးငွေရင်းသုံးစွဲမှုခေါင်းစဉ်က စီမံကိန်းပဲရှိပါတယ်။ ဝန်ကြီးဌာနမှ တခြားသောခေါင်းစဉ်နှင့် ရခိုင်ပြည်နယ်အတွက် သုံးစွဲနေတဲ့ စီမံကိန်းရန်ပုံငွေများ မပါဝင်သေးပါဘူး။ ကိုယ့်ပြည်နယ်၊ ကိုယ့်ရဲ့မဲဆန္ဒနယ်မြေအတွက် ရရှိတဲ့ဖွံ့ဖြိုးရေးငွေကြေးများကို ဘယ်လိုခေါင်းစဉ်နှင့်ချထားပေးတဲ့ရန်ပုံငွေဖြစ်ပါစေ ကျွန်မတို့လွှတ်တော်ကြီးကို ဖြတ်သန်းပြီးမှ စီးဆင်းသွားတဲ့ စီမံကိန်းရန်ပုံငွေများသာဖြစ်ပါတယ်။ ကျွန်မတို့ဟာ ပြည်သူ့အသံကို ပြည်သူ့ထံမှ တိုက်ရိုက်နားထောင်မှတ်သားပြီး လွှတ်တော်ကြီးမှာတူညီသောအခွင့်အရေးနှင့် ဆွေးနွေးတိုင်ပင်ခဲ့ကြတာဖြစ်ပါတယ်။ အဆိုရှင်တင်သွင်းတဲ့ ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသမှာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက်လည်းကောင်း၊ ဒေသခံဌာနေတိုင်းရင်းသားတို့ရဲ့ အသက်အိုးအိမ်၊ စည်းစိမ်ထာဝရလုံခြုံမှုရှိတဲ့ လူမှုဘဝထူထောင်နိုင်ရန်ဆိုတဲ့ကိစ္စရဲ့ အဓိကရေသောက်မြစ်ဟာ တရားဥပဒေစိုးမိုးရေးပဲဖြစ်ပါတယ်။ အတိတ်တစ်ချိန်က တရားဥပဒေစိုးမိုးမှုလျော့ရဲခဲ့ရလို့

ကြောက်ခဲ့ဖွယ်ဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရပါတယ်။ ပြည်သူ့အစိုးရတာဝန်ယူခဲ့တဲ့ ကာလအတွင်းမှာ ပြီးပြည့်စုံတဲ့ တရားဥပဒေစိုးမိုးမှုကိုမရရှိသေးပေမဲ့ အသက်အိုးအိမ်ဆုံးရှုံးမှုအနည်းဆုံးနဲ့ တိုတောင်းလှတဲ့အချိန်အတွင်းမှာ တည်ငြိမ်ဖို့တည်ဆောက်ထားနိုင်တာကို လေ့လာတွေ့ရှိရမှာ ဖြစ်ပါတယ်။ ကျွန်မတို့ ဒေသခံတိုင်းရင်းသားများရဲ့ ထာဝရလုံခြုံမှုရှိသော လူမှုဘဝထူထောင်ရေးအတွက်ကိုလည်း ပြည်တွင်း/ပြည်ပမှ အရင်းအနှီးများပုံအောပြီး ဆောင်ရွက်နေတယ်ဆိုတာ ကျွန်မအထက်မှာ ဖော်ပြခဲ့တဲ့စီမံကိန်းရန်ပုံငွေများနှင့် နိုင်ငံပိုင်သတင်းများ၊ မီဒီယာပေါင်းစုံက အချိန်နှင့်တစ်ပြေးညီဖော်ပြထားတဲ့ သတင်းမှတ်တမ်းများက သက်သေခံလျက်ရှိပါတယ်။ အဆိုရှင်ရဲ့တင်ပြချက်မှာ ဒေသခံ၏တိုင်းရင်းသားတွေ လိုအပ်ချက်များကို ရေတိုရေရှည်စီမံကိန်းများ ပွင့်လင်းမြင်သာစွာ ချပြနိုင်ရန်ဆိုတဲ့အချက်ကို သတိထားမိပါတယ်။ ကျွန်မတို့ တိုင်းပြည်ကြီးမှာ ကြီးမားတဲ့ပြောင်းလဲမှုဖြစ်ပေမဲ့ လူသိနည်းတဲ့ ပြောင်းလဲမှုကို ပြပါဆိုရင် ဘတ်ဂျက်ဆိုင်ရာလုပ်ငန်းကို ပြရမှာဖြစ်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ဖွံ့ဖြိုးရေးဆိုင်ရာရည်မှန်းချက်များနှင့် တည်တံ့ခိုင်မြဲရေးဆိုင်ရာရည်မှန်းချက်များကို နိုင်ငံသားများအားလုံး လေ့လာသိရှိခွင့်ရရှိလာပြီဖြစ်တဲ့အတွက် စိတ်ပိုင်းဆိုင်ရာလုံခြုံမှု ရရှိမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ နိုင်ငံရဲ့အစိတ်အပိုင်းတစ်နေရာက နိုင်ငံသားတစ်ဦးထိခိုက်နာကျင်ရင် ကျွန်မတို့လည်း ထိခိုက်နာကျင်စွာခံစားရပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ နိုင်ငံအတွင်းရှိ သဘာဝသယံဇာတအားလုံးဟာ ကျွန်မတို့ သန်းငါးဆယ်ကျော်ကအညီအမျှပိုင်ဆိုင်ကြလို့ဖြစ်ပါတယ်။ ဒါကြောင့်လည်း အကြောင်းပေါင်းများစွာကြောင့် ပျက်စီးခဲ့ရတာတွေကို ကိုယ့်အတိုင်းအတာနဲ့ကိုယ် လိုအပ်ချက်တွေရှိနေတဲ့ကြားက ငါ့သွေး၊ ငါ့သား၊ ငါ့နိုင်ငံသားဆိုတဲ့စိတ်နဲ့ ကျွန်မတို့တိုင်းနဲ့ပြည်နယ်ရှိ အစိုးရများနှင့် ပြည်သူများက ပါဝင်တည်ဆောက်ပေးနေကြတာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ နိဂုံးချုပ်အနေဖြင့် ကျွန်မဆွေးနွေးလိုတာကတော့ လက်ရှိ ကျွန်မတို့နိုင်ငံရဲ့ ပွင့်လင်းမြင်သာတဲ့ ပြုပြင်ပြောင်းလဲမှုများနှင့် နှစ်ပေါင်းများစွာ ကျွမ်းလောင်နေတဲ့ပြဿနာကြီးများကို ရဲရင့်ပြတ်သားစွာရင်ဆိုင်ဖြေရှင်းနေမှုများကို ကျွန်မတို့နိုင်ငံရှိ လူနည်းစုတိုင်းရင်းသားများအားလုံးက လက်ခံစေချင်လိုတဲ့ ဆန္ဒ၊ စေတနာကြောင့် ကျွန်မပါဝင်ဆွေးနွေးရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ခင်မောင်သန့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးခင်မောင်သန့်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ခင်မောင်သန့်ဖြစ်ပါတယ်။ ဦးအောင်သောင်းရွှေတင်သွင်းတဲ့အဆိုနဲ့ပတ်သက်ပြီး ဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ရခိုင်ပြည်နယ်ဟာ နိုင်ငံအတွင်း ဖွံ့ဖြိုးတိုးတက်မှုဒုတိယအနိမ့်ဆုံးဖြစ်သော်လည်း စိုက်ပျိုးရန်မြေနေရာကောင်းများစွာပိုင်ဆိုင်ထားပြီး ရေလုပ်ငန်းများ၊ ဆိပ်ကမ်းကောင်းများ၊ သဘာဝသယံဇာတများပေါကြွယ်ဝတဲ့ပြည်နယ်တစ်ခုဖြစ်ပါတယ်။ ဒီအခြေအနေကောင်းများကို ခေတ်အဆက်ဆက်သောအစိုးရနဲ့ ဒေသခံတိုင်းရင်းသားတို့က အကျိုးရှိစွာအသုံးမချနိုင်ခဲ့သလို ဒေသခံဖွံ့ဖြိုးတိုးတက်မှုမှာဟာလည်း

နိမ့်ကျလာခဲ့တဲ့အတွက် ဒေသခံတိုင်းရင်းသားတို့ဟာ စီးပွားရေးပိုမိုကောင်းမွန်တဲ့ အခြားတိုင်းဒေသကြီး/ပြည်နယ်များနဲ့ အိမ်နီးချင်းနိုင်ငံများကို ရွှေ့ပြောင်းနေထိုင်လုပ်ကိုင်ခြင်းတို့ကြောင့် ဖွံ့ဖြိုးတိုးတက်မှုဟာ များစွာနှေးကွေးခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးမှုဖြစ်ပေါ်စေတဲ့ အခြေအနေတွေကို ထိန်းသိမ်းကာကွယ်ဖို့ နိုင်ငံသားတိုင်းမှာတာဝန်ရှိပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၃၊ ပုဒ်မ ၃၈၅၊ ပုဒ်မ ၂၁ ပုဒ်မခွဲ(ဂ)တို့တွင် နိုင်ငံတော်နှင့်နိုင်ငံသားတိုင်း၏ နိုင်ငံတော်အပေါ် ဆောင်ရွက်ရန် တာဝန်ရှိသည်များကို တိကျစွာပြဋ္ဌာန်းထားပါတယ်။ နိုင်ငံတော်အနေနဲ့ နိုင်ငံသားတိုင်းရင်းသားတွေရဲ့ အကျိုးစီးပွားအတွက် နယ်မြေလုံခြုံရေးနဲ့တရားဥပဒေစိုးမိုးရေးကို အလေးထားပြီး ဦးစားပေးဆောင်ရွက်ရမှာဖြစ်ပါတယ်။ ယခင်နယ်ခြားစောင့်ကင်းစခန်းတွေ၊ ရဲတပ်ရင်းတွေဟာ အကြမ်းဖက်တွေရဲ့ တိုက်ခိုက်ခြင်းကို ခံခဲ့ရတဲ့အတွက် ဌာနေတိုင်းရင်းသားတို့ရဲ့ ယုံကြည်မှုတွေ ကျဆင်းခဲ့ရပြီး ယုံကြည်အားကိုးမှုကို ပြန်လည်တည်ဆောက်ဖို့ လုံခြုံရေးတာဝန်ထမ်းဆောင်နေတဲ့ အဖွဲ့များကို ပြင်ဆင်ဖွဲ့စည်းပြီး အထောက်အကူပစ္စည်းများအပါအဝင် အင်အားတိုးချဲ့ခြင်းဖြင့်၊ လုံခြုံရေးတာဝန်ထမ်းဆောင်နေသူတစ်ဦးချင်းစီရဲ့ အရည်အချင်းတိုးတက်မြင့်မားစေရန် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်းတွေ လုပ်ဆောင်ရမှာဖြစ်ပါတယ်။

ဒါ့အပြင် တိုင်းရင်းသားတွေနေထိုင်ရာ ကျေးရွာနှင့်ဆက်သွယ်သွားလာတဲ့လမ်းကြောင်းတွေကို လုံခြုံမှုရှိအောင် ဦးစားပေးအစီအမံတွေဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒေသခံတိုင်းရင်းသားတွေအနေနဲ့လည်း မိမိတို့ရဲ့ကျေးရွာ၊ မိမိတို့နိုင်ငံသားတိုင်းရင်းသားများ လုံခြုံရေးအတွက်တက်ကြွစွာပူးပေါင်းပါဝင်ဖို့လိုအပ်ပါတယ်။ ဒါမှသာ ဌာနေတိုင်းရင်းသားတွေက မိမိတို့ဒေသကို ပြန်လည်အခြေချထူထောင်နိုင်မှာဖြစ်ပါတယ်။ အကြမ်းဖက်သမားတွေ စိမ့်ဝင်ထိုးဖောက်နှောင့်ယှက်ဖျက်ဆီးလာတာတွေကို တားဆီးနိုင်ဖို့ သတင်းကြိုတင်ရရှိရေးဟာ လွန်စွာမှအရေးကြီးတယ်လို့ ထောက်ပြဆွေးနွေးလိုပါတယ်။ ဒီနေရာမှာ မီးလောင်ရာလေပင့်ဆိုသလို လုံခြုံရေးတာဝန်ထမ်းဆောင်နေတဲ့အဖွဲ့တွေကို အသားထဲကထွက်တဲ့လောက်လို သူခိုးဓားရိုးကမ်းလိုတဲ့ခါတော်မီ AA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့တွေကလည်း နှောင့်ယှက်မှုတွေရှိနေတဲ့အတွက် လုံခြုံရေးတပ်ဖွဲ့တွေအနေနဲ့လည်း အခက်အခဲတွေဖြစ်ပေါ်စေခဲ့ပါတယ်။ အစိုးရအနေနဲ့ အမျိုးသားလုံခြုံရေးဥပဒေ၊ ဒေသဆိုင်ရာလုံခြုံရေးတိုးမြှင့်တဲ့ဥပဒေမျိုးပြဋ္ဌာန်းပေးခြင်းဖြင့် လုံခြုံရေးဆောင်ရွက်နေတဲ့ အဖွဲ့အစည်းတွေအတွက် ဥပဒေပိုင်းဆိုင်ရာအကာအကွယ်ပိုမိုရရှိနိုင်စေမှာ ဖြစ်ပါတယ်။ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ခြံစည်းရိုး ကာရံထားသော်လည်း လုံခြုံမှုရှိတဲ့ နယ်စပ်ခြံစည်းရိုးဖြစ်ရေး၊ ရေရှည်တည်တံ့အောင် ထိန်းသိမ်းနိုင်ရေးတို့အတွက် ခြံစည်းရိုးတစ်လျှောက် ပတ်လမ်းများကို ရာသီမရွေးသွားလာနိုင်သောလမ်းများအဖြစ် စီမံချက်များချမှတ်ပြီး ဖော်ဆောင်ပေးရမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ နှစ်နိုင်ငံအကြား သံတမန်ကျင့်ဝတ်နဲ့ စည်းကမ်းတွေကို တိကျစွာလိုက်နာရမှာဖြစ်သလို အပြည်ပြည်ဆိုင်ရာဥပဒေတွေ၊ သဘောတူညီချက်တွေ၊ စာချုပ်တွေနဲ့အညီဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါ့အပြင် နှစ်နိုင်ငံအကြား ရေပြင်ချင်းပါထိစပ်နေတာဖြစ်တဲ့အတွက် ရေပိုင်နက်လုံခြုံရေးကိုပါ အဆင့်မြှင့်တင်ဆောင်ရွက်ပေးဖို့ အကြံပြုဆွေးနွေးလိုပါတယ်။

မြန်မာနိုင်ငံအတွင်းနေထိုင်ကြတဲ့ နိုင်ငံသားအားလုံးနဲ့ မည်သည့်နိုင်ငံသားမဆို တည်ဆဲဥပဒေများကို တိကျစွာလိုက်နာရန်လိုအပ်ပါတယ်။ အုပ်ချုပ်သူအာဏာပိုင်များကိုယ်တိုင်က တည်ဆဲဥပဒေများကို တိကျစွာလိုက်နာဆောင်ရွက်ခြင်းအားဖြင့် တရားဥပဒေစိုးမိုးရေးအတွက် အလေ့အကျင့်ကောင်းများကို ဦးဆောင်လမ်းပြရပါမယ်။ ဘာသာစကားမတူတဲ့ ဘင်္ဂါလီလူမျိုးများအကြား တည်ဆဲဥပဒေများကိုသိရှိစေရန် ၎င်းတို့နေထိုင်တဲ့လူ့အဖွဲ့အစည်းအတွင်း စကားပြန်များနဲ့ ဥပဒေဆိုင်ရာကိစ္စများကို ပညာပေးဆွေးနွေးခြင်း၊ ၎င်းတို့ဘာသာဖြင့် ရေးသားထားတဲ့ ဥပဒေဆိုင်ရာလက်ကမ်းစာစောင်များအားဖြန့်ဝေစေခြင်း၊ ဥပဒေပိုင်းဆိုင်ရာများပညာပေးထုတ်လွှင့်ခြင်း၊ ၎င်းတို့လူ့အဖွဲ့အစည်းအတွင်းမှာပင် တည်ဆဲဥပဒေများနဲ့အညီ ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများနဲ့ အဆင့်အဆင့်အုပ်ချုပ်တဲ့စနစ်ကို လေ့ကျင့်ပျိုးထောင်ပေးရမှာဖြစ်သလို နိုင်ငံတော်ရဲ့တည်ဆဲဥပဒေ၊ နည်းဥပဒေတွေကို လိုက်နာဆောင်ရွက်စေခြင်းဖြင့် တရားဥပဒေစိုးမိုးရေးကို ဒေသအတွင်းကျယ်ပြန့်အောင်လုပ်ဆောင်ရမှာဖြစ်ပါတယ်။ သို့မှသာ ဒေသတည်ငြိမ်အေးချမ်းရေးကို အထောက်အကူပြုနိုင်မှာဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ် ရခိုင်ပြည်နယ်ပဋိပက္ခဖြစ်စဉ်မှာ အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်တို့ရဲ့ အကွက်ကျကျဆောင်ရွက်မှုတွေကြောင့် ၂၀၁၆ ခုနှစ် နိုင်ငံတကာသတင်းမီဒီယာမှာ သတင်းမှားများလျင်မြန်စွာပြန့်နှံ့ခဲ့ရပြီး နိုင်ငံတကာအပါအဝင် ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ ဖိအားပေးမှုကို မြန်မာနိုင်ငံအနေနဲ့ များစွာခံခဲ့ရပါတယ်။ ဒါကြောင့် သတင်းမှန်ပြန်ကြားရေးဟာ ဒေသလုံခြုံရေးအတွက် အရေးပါသလို လုပ်ကြံသတင်းတွေကြောင့် ဒေသခံတိုင်းရင်းသားတွေရဲ့ စိုးရိမ်စိတ်တွေကို သတင်းဌာနများအနေနဲ့ မိတ်ဖက်နိုင်ငံများမှာရှိတဲ့ သတင်းဌာနများ၊ အဖွဲ့အစည်းများနဲ့ပူးပေါင်းပြီး မီဒီယာကျင့်ဝတ်နဲ့အညီ သတင်းမှန်များကို နိုင်ငံတကာက မှန်မှန်ကန်ကန်နဲ့ မြန်ဆန်စွာသိရှိအောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။

နှစ်ပေါင်းများစွာလူ့အဖွဲ့အစည်းနှစ်ခုအကြား ယုံကြည်မှုလျော့ပါးနေမှုတွေဟာ နိုင်ငံရေးပယောဂများ၊ ကောလာဟလများကြောင့် တစ်ဖက်နှင့်တစ်ဖက်သံသယစိတ်များ ပိုမိုကြီးထွားလာပြီး ရန်လိုမုန်းတီးမှုတွေ တစ်စတစ်စပြင်ထန်လာခဲ့ပါတယ်။ မတူကွဲပြားတဲ့ လူ့အဖွဲ့အစည်းနှစ်ရပ်အကြား တရားဥပဒေနှင့်အညီ တည်ငြိမ်စွာအတူယှဉ်တွဲနေထိုင်မှသာ အချုပ်အခြာအာဏာနဲ့ နယ်မြေတည်တံ့ခိုင်မြဲပြီး ဒေသခံဌာနေတိုင်းရင်းသားတို့ရဲ့ အကျိုးစီးပွားဟာ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ဒါကို အကောင်အထည်ဖော်ဖို့ နိုင်ငံသားအားလုံးမှာ တာဝန်ရှိသလို ပြည်ထောင်စုအစိုးရနဲ့ပြည်နယ်အစိုးရတို့အနေနဲ့လည်း လျင်မြန်စွာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြန်လည်လက်ခံမည့် ဘင်္ဂါလီလူမျိုးတွေရဲ့ လူဦးရေတိုးပွားမှုနှုန်းမြင့်မားမြန်ဆန်မှု၊ ရွှေ့ပြောင်းသွားလာနေထိုင်မှုများကို နိုင်ငံတော်ရဲ့အမျိုးသားအကျိုးစီးပွားကို ရှေးရှုလျက် အစီအမံများချမှတ်ပြီး ထိန်းချုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကြံပြုလိုပါတယ်။ ဒါကြောင့်မို့ ပြည်ထောင်စုအစိုးရအနေနဲ့ လုပ်ငန်းများဆောင်ရွက်ရာမှာ ဒေသခံပြည်သူတွေ၊ မြို့မိမြို့ဖတွေ၊ ဌာနေတိုင်းရင်းသားခေါင်းဆောင်တွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ပွင့်လင်းမြင်သာစွာ တိုင်ပင်ဆွေးနွေးပြီး ဆောင်ရွက်ဖို့လိုအပ်မှာဖြစ်ပါတယ်။ ပြည်ထောင်စုကြီးအရေးဖြစ်တဲ့အတွက် ဒေသခံတိုင်းရင်းသားအကျိုးကို ဦးစားပေး

ဆောင်ရွက်ကာ နိုင်ငံရေးသမားများအနေနဲ့ လက်တွဲပူးပေါင်းဆောင်ရွက်သင့်ပြီး နိုင်ငံရေးအမြတ်မထုတ်သင့်ကြောင်း ဆွေးနွေးရင်းနိဂုံးချုပ်အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းကျော်မိုး(မိုင်းပန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ မိုင်းပန်မဲဆန္ဒနယ်က ဦးစိုင်းကျော်မိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဦးအောင်သောင်းရွှေရဲ့ အဆိုကို အချက် ၅ ချက်နဲ့ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပထမအချက်အနေဖြင့် ဘင်္ဂါလီတို့ရဲ့ ရခိုင်ဒေသကို လွှမ်းမိုးရန်ကြိုးပမ်းမှုသမိုင်းအဆင့်ဆင့်ကို တင်ပြပါမယ်။ ဘာကြောင့်လဲဆိုရင် အဆိုရှင်ရဲ့ ယနေ့ဖြစ်ပေါ်နေတဲ့ ရခိုင်ပြည်နယ်ရဲ့ တည်တံ့ခိုင်မြဲရေးနဲ့အချုပ်အခြာကို ခြိမ်းခြောက်နေမှုဟာ ယခုမှစတင်ပေါ်ပေါက်လာတာမဟုတ်ပါဘူး။ ဘင်္ဂါလီတို့ရဲ့ ပါကစ္စတန်နိုင်ငံထူထောင်ရေးကြိုးပမ်းမှုအနေဖြင့် အေဒီ ၁၅ ရာစုကတည်းက တစိမ့်စိမ့်ဝင်ရောက်လာတဲ့ဘင်္ဂါလီများကို တားဆီးနိုင်ခဲ့တဲ့အတွက် နောင်မှာ လူမျိုးရေးပြဿနာဖြစ်လိမ့်မယ်လို့ ဗြိတိသျှတွေကသုံးသပ်ခဲ့ပါတယ်။ ထိုအချိန်ကပဲ ဘင်္ဂါလီများဟာ ရခိုင်ပြည်နယ်(မြောက်ပိုင်း)၊ အရှေ့ပါကစ္စတန်အတွင်း ထည့်သွင်းရန်နှင့် ကုလားတန်၊ မေယုဒေသကို မူဆလင်နိုင်ငံထူထောင်ရန် ကြိုးပမ်းခဲ့ရာမှ မူဆလင်ခေါင်းဆောင် အလီဂျင်းနားထံ တွေ့ဆုံအကူအညီတောင်းခံခဲ့ပါတယ်။ ထိုအချိန်မှာ ဗိုလ်ချုပ်အောင်ဆန်း လန်ဒန်မှအပြန် ၇-၁-၁၉၄၇ ခုနှစ်မှာ လေယာဉ်ခေတ္တရပ်နားရာ ကရာချိမြို့မှာ အလီဂျင်းနားကပြောခဲ့ရာ ဗိုလ်ချုပ်အောင်ဆန်းက မြန်မာ့အရေးကို ဝင်ရောက်နှောင့်ယှက်လျှင် လုံးဝသည်းခံမည်မဟုတ်ကြောင်း ပြတ်သားစွာပြောဆိုခဲ့၍ ပါကစ္စတန်နိုင်ငံထူထောင်ရေးကိစ္စချုပ်ငြိမ်းခဲ့ရပါတယ်။ သီးခြားပြည်နယ်ရရှိရေးတောင်းဆိုမှုများအနေနဲ့ ၁၉၅၁ ခုနှစ် မောင်တောမြို့နယ်၊ အလယ်သံကျော်ကျေးရွာဦး မူလတန်းကျောင်းမှာ မူဆလင်ညီလာခံကျင်းပခဲ့ပြီးတော့ ဆုံးဖြတ်ချက်ချမှတ်ခဲ့ရာမှာ အချက်တစ်ချက်အဖြစ် ရခိုင်ပြည်နယ်(မြောက်ပိုင်း)ကို လွတ်လပ်တဲ့ မူဆလင်ပြည်နယ်အဖြစ် အမြန်ဆုံးဖွဲ့စည်းရန်ဆိုတဲ့အချက် ပါဝင်ခဲ့ပါတယ်။ ယနေ့ထက်တိုင် လှုပ်ရှားနေတဲ့ဘင်္ဂါလီများရဲ့ နိုင်ငံရေးလမ်းကြောင်းရည်မှန်းချက်ဟာ ၁၉၅၃ ခုနှစ် မောင်တောမြို့နယ်၊ အလယ်သံကျော်ကျေးရွာ မူဆလင်ညီလာခံကချမှတ်ခဲ့တဲ့ လမ်းကြောင်းဖြစ်တဲ့အတွက် အဆိုရှင်အနေဖြင့် ရခိုင်ပြည်နယ်(မြောက်ပိုင်း)ရဲ့ အချုပ်အခြာအာဏာနဲ့ နယ်မြေတည်တံ့ခိုင်မြဲရေးကို စိုးရိမ်တဲ့အတွက် ယခုအဆိုကို တင်သွင်းရခြင်းဖြစ်တယ်လို့ ထင်မြင်မိပါတယ်။

ဒုတိယအချက်အနေနဲ့ နိုင်ငံတကာ INGO အဖွဲ့များ၏ လူသားချင်းစာနာမှုထောက်ထားမှုကို မျက်နှာဖုံးစွပ်ပြီး ဘင်္ဂါလီများအား ထောက်ပံ့ပေးနေခြင်းဟာ ဒေသခံတိုင်းရင်းသားများရဲ့ အသက်အိုးအိမ်၊ စည်းစိမ်ကိုထိပါးနေခြင်းပဲ ဖြစ်ပါတယ်။ အားလုံးသိတဲ့အတိုင်း INGO ဝန်ထမ်းအများစုဟာ ဘင်္ဂါလီအနွယ်များဖြစ်နေခြင်း၊ ၂၀၁၂ ခုနှစ် အရေးအခင်းမှာ အဓိကလှုံ့ဆော်သူများဟာ ထိုဝန်ထမ်းများဖြစ်နေခြင်း၊ အကူအညီပေးရေးလုပ်ငန်းနဲ့ မသက်ဆိုင်တဲ့ နိုင်ငံရေးကိစ္စရပ်များမှာ ဝင်ရောက်စွက်ဖက်နေခြင်းတို့ဟာ အဆိုရှင်စိုးရိမ်တဲ့ အချုပ်အခြာအာဏာကို လူသားချင်းစာနာမှုမျက်နှာဖုံးစွပ်ကာ ဝင်ရောက်ထိပါးနေခြင်းဖြစ်ကြောင်း ထင်ရှားပါတယ်။

တတိယအချက်အနေဖြင့် Kosovo အရေးအခင်းနဲ့ယှဉ်တွဲပြီး ရခိုင်ဒေသနယ်မြေတည်တံ့ခိုင်မြဲရေးကို အဆိုရှင်က စိုးရိမ်လောက်တဲ့အကြောင်းကို ထပ်မံဆွေးနွေးသွားပါမယ်။ အားလုံးသိတဲ့အတိုင်း Yugoslavia နိုင်ငံမှာ Serbs လူမျိုးဟာအများဆုံးဖြစ်ပြီး Albania က လူနည်းစုဖြစ်ပါတယ်။ ဒါပေမဲ့ Kosovo ဒေသမှာ Serbs ကလူနည်းစုဖြစ်ပြီး Albania က လူအများစုဟာ ယခု ဘူးသီးတောင်၊ မောင်တောအခြေအနေနဲ့တူပါတယ်။ Serbs နဲ့ Albania တို့ရဲ့ ပဋိပက္ခဖြစ်တဲ့ အခါမှာတော့ Serbs တစ်သောင်းခန့်ထွက်ပြေးသွားတဲ့ အဖြစ်မျိုးဖြစ်ခဲ့ပြီးတော့ နောက်ဆုံးမှာ Kosovo မှာ Serbs လူမျိုးများမရှိတော့ဘဲ Albania လူမျိုးသာ နေထိုင်တဲ့ဒေသဖြစ်ခဲ့ရပါတယ်။ ရခိုင်ပြည်နယ် (မြောက်ပိုင်း)မှာ ရခိုင်လူမျိုးများရဲ့ နယ်မြေပျောက်သွားတဲ့အခြေအနေမျိုးရှိတာမို့ အဆိုရှင်က အစိုးရကို တိုက်တွန်းခြင်းဖြစ်တယ်လို့ ထင်မြင်မိပါတယ်။

စတုတ္ထချက်အနေဖြင့် အဆိုရှင်က ဒေသခံတိုင်းရင်းသားများရဲ့ အသက်အိုးအိမ်၊ ထာဝရလုံခြုံမှုရှိတဲ့ လူမှုဘဝကိုထူထောင်နိုင်ဖို့အတွက် အဆိုရှင်ရဲ့ဆွေးနွေးချက်ပါ ယခင်က အစီရင်ခံစာများအား လိုက်နာရမယ့်အပြင် နိုင်ငံတော်ရဲ့ လုံခြုံရေးနဲ့ကာကွယ်ရေးစွမ်းအား တောင့်တင်းဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် ၂၀၁၂ ခုနှစ် နောက်ပိုင်းမှစတင်ကာ ရခိုင်ပြည်နယ် (မြောက်ပိုင်း)မှာ ဖြစ်ပေါ်ခဲ့တဲ့ အကြမ်းဖက်တိုက်ခိုက်ခံရမှုအခြေအနေတွေဟာ အကြမ်းဖက်အဖွဲ့အစည်းများက စနစ်တကျအချိန်ယူပြင်ဆင်ဖွဲ့စည်းခဲ့တာဖြစ်ပြီး တိုက်ခိုက်တာဖြစ်ပြီးတော့ အခုလိုတိုက်ခိုက်မှုမျိုးဟာ လုံခြုံမှုအဆင့်အတန်းမြင့်မားတဲ့နိုင်ငံကြီးများကိုပင် တိုက်ခိုက်နိုင်စွမ်းရှိတဲ့ ဘက်ညီစစ်ပွဲသဏ္ဍာန်လည်းပဲ ဖြစ်ပါတယ်။ ဖြစ်ပွားခဲ့တဲ့ဖြစ်စဉ်များဟာ ဒေသခံပြည်သူများရဲ့ အသက်အိုးအိမ်၊ စည်းစိမ်ကို အန္တရာယ်ကျရောက်စေတဲ့အပြင် နယ်စပ်ဒေသကာကွယ်ရေးနဲ့လုံခြုံရေးကိုပါ ပျက်ပြားအောင်တိုက်ခိုက်ခံရခြင်းများဖြစ်တဲ့အတွက် နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကိုပါ ထိခိုက်လာနိုင်ကြောင်း တွေ့ရှိရပါတယ်။ ဒါ့အပြင် ရခိုင်ပြည်နယ်(မြောက်ပိုင်း)မှာ တိုင်းရင်းသားများနေထိုင်မှုဟာ အဆိုရှင်တင်ပြချက်မှာပါတဲ့အတိုင်း ဘင်္ဂါလီလူမျိုးအများစုဟာ ၉၆ ရာခိုင်နှုန်းနေထိုင်ကြပြီး ရခိုင်တိုင်းရင်းသားအနည်းငယ်သာရှိတဲ့အတွက် အမြဲတမ်းယှဉ်တွဲနေထိုင်ပါက ပြဋ္ဌာန်းပြီးဖြစ်တဲ့ အမျိုးစောင့်ဥပဒေကို တိကျစွာလိုက်နာဖို့ လိုသလို တစ်လင်တစ်မယားစနစ်ကျင့်သုံးပြီး ဖြစ်စဉ်ဖြစ်ပွားတဲ့ဒေသမှာ UL နဲ့ INGO ဝန်ထမ်းအများက Human Right ဆိုတာကို တွင်တွင်ကျယ်ကျယ်ပြောဆိုအသုံးပြုတာလည်း တွေ့ရှိရပါတယ်။ တကယ်တော့ အခုဖြစ်တဲ့အခြေအနေမှာ Human Right ကိုအကြောင်းပြုပြီး လုံခြုံရေးတပ်ဖွဲ့များဆောင်ရွက်ချက်များကို စွပ်စွဲမှုများပုံဖော်ဖန်တီးပြီး လူ့အခွင့်အရေးချိုးဖောက်မှု၊ မတရားအနိုင်ကျင့်မှု၊ လူမျိုးတုန်းသတ်ဖြတ်မှုစတဲ့ ပြစ်မှုကျူးလွန်ခြင်းများအဖြစ် အချိန်ကိုက်ပုံဖော်ကာ ကုလသမဂ္ဂမျက်နှာစာကိုရောက်အောင် ရည်ရွယ်ချက်ရှိရှိ စီမံခဲ့ခြင်းဖြစ်ပြီး ဒေသတွင်းလုံခြုံရေးချိုးဖောက်စေ၍ ဆောင်ရွက်ချက်များပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုရှင်တင်ပြခဲ့တဲ့ ဒေသခံတိုင်းရင်းသားတို့ရဲ့ အသက်အိုးအိမ်၊ ထာဝရလုံခြုံမှုရှိတဲ့ လူမှုဘဝထူထောင်နိုင်ရန်ဆိုလို့ရှိရင် လုံခြုံရေးရှုထောင့်ကို ဦးစားပေးကာ စဉ်းစားဆောင်ရွက်သင့်ပါကြောင်း နိုင်ငံတကာတွင်ပြဋ္ဌာန်းလျက်ရှိတဲ့ အမျိုးသား

လုံခြုံရေးဆိုင်ရာဥပဒေများနည်းတူ မိမိတို့နိုင်ငံတွင်လည်း ရေးဆွဲပြဋ္ဌာန်းသင့်ပါကြောင်း အကြံပြုလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပဌမအချက်အနေဖြင့် ကျွန်တော်တို့နိုင်ငံဟာလွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်တဲ့နိုင်ငံပါ။ နိုင်ငံသားတိုင်းမှာ မိမိတို့ရဲ့အချုပ်အခြာအာဏာကို မိမိတို့သာ ကိုင်စွဲစီမံကိုင်ခွင့်ရှိပါတယ်။ ဒါပေမဲ့ ယခုရခိုင်ပြဿနာမှာတော့ မစ္စတာကိုဖီအာနန်ရဲ့အကြံပေးချက်အတိုင်း အကောင်အထည်ဖော်နေရတယ်ဆိုတော့ ကျွန်တော်တို့နိုင်ငံရဲ့ အချုပ်အခြာအာဏာဟာ သူတစ်ပါးကြိုးဆွဲသလို ကနေရတဲ့အဖြစ်မျိုး၊ သူတစ်ပါးက ချုပ်ကိုင်တဲ့အဖြစ်မျိုး ရောက်နေတာကြောင့် ဒီအဖြစ်မျိုးမှ ကင်းလွတ်စေချင်တဲ့ အဆိုရှင်ရဲ့အဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးလဂန်ဇယ်ဂျုံး(ဝိုင်းမော်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ဝိုင်းမော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလဂန်ဇယ်ဂျုံး ဖြစ်ပါတယ်။ ဘူးသီးတောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းရွှေရဲ့အဆိုကို ပါဝင်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့အဆိုကိုလေ့လာကြည့်ရာမှာ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားပြည်သူများရဲ့အသက်အိုးအိမ်လုံခြုံရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်တဲ့ရည်ရွယ်ချက်တွေကို တွေ့ရှိရမှာဖြစ်ပါတယ်။ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်တဲ့အခါ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနဲ့ပတ်သက်ပြီး ရေတိုရေရှည်စီမံကိန်းများ ပွင့်လင်းမြင်သာစွာချမှတ်ပြီး ထိရောက်စွာဆောင်ရွက်ပေးဖို့လို့ ဆိုထားကြောင်းကို တွေ့ရှိရပါတယ်။ တကယ်တော့ ကျွန်တော်တို့နိုင်ငံသူနိုင်ငံသား၊ တိုင်းရင်းသားပြည်သူများရဲ့အသက်အိုးအိမ်လုံခြုံရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုတာ တစ်ခုနှင့်တစ်ခုချိတ်ဆက်မှီတင်းနေတယ်ဆိုတာကို နိုင်ငံတော်အစိုးရအနေနဲ့လည်း အသိအမှတ်ပြုလက်ခံပြီးဖြစ်တယ်လို့ ကျွန်တော်ယူဆမိပါတယ်။ ရခိုင်ပြည်နယ်(မြောက်ပိုင်း)အတွက်ကတော့ ပိုလို့တောင်အရေးတကြီးလိုအပ်တယ်ဆိုတာကို နိုင်ငံတော်သမ္မတရဲ့အထူးရန်ပုံငွေကအစ ပြည်ထောင်စုရဲ့ဘတ်ဂျက်အလယ် နိုင်ငံတကာချေးငွေအဆုံး ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေးနှင့် လုံခြုံရေးအတွက် အသုံးပြုထားတဲ့ဘတ်ဂျက်ငွေပမာဏကို ကြည့်ရင်သိနိုင်ပါတယ်။

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်(မြောက်ပိုင်း)ရဲ့ ပြန်လည်ထူထောင်ရေး၊ လူမှုဘဝဖွံ့ဖြိုးရေးနှင့် သဟဇာတဖြစ်ရေးဆိုတဲ့ ရည်ရွယ်ချက်တွေကို အစိုးရအနေနဲ့ အမျိုးမျိုးသောမတူကွဲပြားတဲ့ ပြည်တွင်းပြည်ပဖိအားတွေကြားက လက်တွေ့အကောင်အထည်ဖော်နေတာကို ကျွန်တော် ကချင်ပြည်နယ်က ပြည်ထောင်စုသားတစ်ယောက်အနေနဲ့ မုဒိတာပွားသတိပြုမိပါတယ်။ ကျွန်တော့်အနေနဲ့ အလေးထားဆွေးနွေးလိုတာကတော့ အချုပ်အခြာအာဏာနဲ့ပွင့်လင်းမြင်သာ

မှုဆိုတဲ့အပိုင်းပါ။ အဆိုရှင်က ရခိုင်ပြည်နယ်(မြောက်ပိုင်း)ဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းဟာ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် တစ်ထပ်တည်း၊ တစ်ဆက်တည်းအကျိုးတစ်ရပ်လောက်ရှိနေပါတယ်လို့ ဆိုပါတယ်။ အဲဒီအချက်ကို တော့ ကျွန်တော့်အနေနဲ့လက်ခံသဘောတူမိပါတယ်။ ရခိုင်ပြည်နယ်(မြောက်ပိုင်း)က အခြေအနေ အရပ်ရပ်နဲ့တစ်နိုင်ငံလုံးကို အခြေခံပြီး ရွေးကောက်ခံအစိုးရအနေနဲ့ ဘယ်တုန်းကမှမတူတဲ့ နိုင်ငံတကာဖိအားတွေကို ရင်ဆိုင်နေရတာအားလုံးအသိပဲဖြစ်ပါတယ်။ တစ်ပြိုင်နက်တည်းမှာပဲ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဆောင်ရွက်ရာမှာလည်း ပြည်ပနှင့်မတူတဲ့ ပြည်တွင်းဖိအား တွေကိုပါ ရင်ဆိုင်နေရပါသေးတယ်။

လေးစားရပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့အကြံပြုချက်ထဲမှာ တစ်ခုသတိ ထားမိတာက တိုင်းရင်းသားတွေရဲ့ရေရှည်တည်တံ့နိုင်ရေးအတွက် သူတို့ရဲ့ပိုင်ဆိုင်မှုကို ဒေသန္တရ ဥပဒေတစ်ရပ်ပြဋ္ဌာန်းထိန်းသိမ်းပေးသင့်ကြောင်း အကြံပြုထားတာကို တွေ့ရပါတယ်။ ဒီအချက်ကို ဆွေးနွေးရရင် မူအားဖြင့်လက်မခံနိုင်စရာမရှိပေမဲ့ ဒေသန္တရဥပဒေပြဋ္ဌာန်းလိုက်ရုံနဲ့တော့ ရည်ရွယ် ချက်ပြည့်စုံနိုင်မယ်လို့ ကျွန်တော့်အနေနဲ့မထင်မိပါဘူး။ ဘာကြောင့်လည်းဆိုတော့ ဥပဒေတွေကို လက်တွေ့ကျင့်သုံးရမယ့်ဒေသန္တရအုပ်ချုပ်ရေးပိုင်းတွေ အားမကောင်းသေးသ၍ ဒေသန္တရဥပဒေတွေ ဟာလည်း အားနည်းနေဦးမယ်လို့ ယူဆမိလို့ပါ။ ဒါကြောင့် အချုပ်အခြာအာဏာပြဿနာဟာ ဒေသန္တရပြဿနာမဟုတ်ဘဲ ပြည်ထောင်စုတစ်ခုလုံးရဲ့အရေးအရာဖြစ်နေလို့ပါပဲခင်ဗျား။ အချုပ်အခြာ အာဏာရဲ့သဘောသဘာဝအရ နိုင်ငံတိုင်းမှာ ပြည်တွင်းမှာသက်ရောက်တဲ့အချုပ်အခြာအာဏာနဲ့ ပြည်ပနိုင်ငံတကာနဲ့ဆက်ဆံတဲ့နေရာမှာ ကျင့်သုံးခွင့်ရှိတဲ့အချုပ်အခြာအာဏာဆိုပြီး နှစ်ပိုင်းရှိကြောင်း တွေ့ရှိရပါတယ်။ နှစ်ခုစလုံးအရှေ့အနောက်၊ အတွင်းအပြင် ဟန်ချက်ညီနိုင်ပါမှ အချုပ်အခြာအာဏာ ကို ဂုဏ်သိက္ခာရှိရှိ အမှန်တကယ်စောင့်ရှောက်နိုင်မှာဖြစ်ပါတယ်။

လေးစားရပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်တစ်ခုက ပွင့်လင်းမြင်သာမှုလို့ အဆိုရှင်က ပြောဆိုထားပါတယ်။ ပွင့်လင်းမြင်သာမှု ဘယ်လိုမျိုးလဲဆိုတာ ပိုမိုရှင်းရှင်းလင်းလင်း သိဖို့လိုပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ နိုင်ငံတကာအဖွဲ့အစည်းတွေက ရခိုင်အရေးပွင့်လင်း မြင်သာမှုမရှိဘူး။ လွတ်လပ်တဲ့စုံစမ်းစစ်ဆေးရေးအဖွဲ့တွေ ပေးဝေသင့်ပါတယ်ဆိုပြီး ဝေဖန်ပြောဆို နေကြတာကြားသိနေရပါတယ်။ ဒါကြောင့်ပွင့်လင်းမြင်သာမှုကို ဘယ်လိုစံနှုန်းတွေနဲ့သတ်မှတ်ပြီး သွားကြမှာလဲဆိုတာ မေးခွန်းထုတ်စရာရှိလာပါတယ်။ နိဂုံးချုပ်အနေနဲ့ ပြည်ထောင်စုအစိုးရမှ ရခိုင်ပြည်နယ်(မြောက်ပိုင်း) ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို ရေတိုရေရှည်စီမံကိန်းများ ရေးဆွဲလျက် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းနှင့် ဦးအောင်သောင်းရွှေရဲ့အဆိုဟာ ရခိုင်ပြည်နယ်အရေး၊ ဒေသန္တရဆိုင်ရာအရေးသာမက ပြည်ထောင်စုတစ်ခုလုံးရဲ့အရေးကိစ္စဖြစ်တဲ့ အတွက် ကောင်းမွန်တဲ့အဆိုအဖြစ် ရှုမြင်မိပါကြောင်း ဆွေးနွေးရင်း ကျွန်တော့်ရဲ့ဆွေးနွေးချက်ကို နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကျော် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းအောင်ကျော်(ကျေးသီးမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကျော် ဖြစ်ပါတယ်။ လတ်တလော ရခိုင်ပြည်နယ် မြောက်ပိုင်းမှာဖြစ်ပျက်နေတဲ့ကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ ဘူးသီးတောင်မဲဆန္ဒနယ်က ဦးအောင်သောင်းရွှေ တင်သွင်းတဲ့အဆိုအပေါ်မှာ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့တင်ပြချက်ထဲမှာ ရခိုင်ပြည်နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာပြီး အခြေချနေထိုင်လျက်ရှိတဲ့ ဘင်္ဂါလီလူမျိုးများ ပြဿနာအပေါ် မီးမောင်းထိုးပြတင်ပြထားသလို အဲဒီဒေသမှာနေထိုင်လျက်ရှိတဲ့ တိုင်းရင်းသားတွေရဲ့ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ စိုးရိမ်ထိတ်လန့်နေရမှုနဲ့ ၎င်းတို့ရဲ့အသက်အိုးအိမ်စည်းစိမ်နဲ့ပတ်သက်ပြီး လုံခြုံမှုမရှိသေးဘူးဆိုတာကို တင်ပြထားတာတွေ့ရမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ဟာ ဧရိယာစတုရန်းမိုင် ၁၄၂၀၀ ခန့်ကျယ်ဝန်းပြီး လူဦးရေမှာ သုံးသန်းကျော်သာရှိကြောင်း စာရင်းဇယားများအရ သိရှိရပါတယ်။ ဒါပေမဲ့ ရခိုင်ပြည်နယ်ဟာ တစ်ဖက်နိုင်ငံက နိုင်ငံကျဉ်းမြောင်းပြီး လူဦးရေအဆမတန်ပေါက်ကွဲနေတဲ့အပြင် မြန်မာနိုင်ငံလူဦးရေစုစုပေါင်းထက် သုံးဆကျော်လောက်ရှိတဲ့ အိမ်နီးချင်းနိုင်ငံနဲ့ နယ်နိမိတ်ချင်းထိစပ်လျက်ရှိပါတယ်။ ၁၈၈၅ ခုနှစ်နောက်ပိုင်း ဗြိတိသျှကိုလိုနီလက်အောက်မှာရှိစဉ်ကတည်းကစပြီး တစ်ဖက်အိမ်နီးချင်းနိုင်ငံမှ ဘင်္ဂါလီလူမျိုးများ ရခိုင်ပြည်နယ်အတွင်းသို့ စိမ့်ဝင်လာခဲ့တာဟာဆိုရင် ယနေ့အချိန်မှာတော့ တိုင်းရင်းသားအရေးကိုပါ ထိပါးပုတ်ခတ်လာတဲ့အခြေအနေထိ ရောက်ရှိလို့နေပါပြီ။ ဘာသာ၊ လူမျိုး၊ ယဉ်ကျေးမှုမတူတဲ့ အင်အားစုများရဲ့ ထိုးဖောက်ဝင်ရောက်လွှမ်းမိုးလာမှုကြောင့် လူမှုရေးပြဿနာများဖြစ်ပေါ်လျက်ရှိကာ တိုင်းပြည်ရဲ့အချုပ်အခြာအာဏာကို ထိပါးနေရပါတယ်။ ရခိုင်ပြည်နယ်အတွင်းမှာ ခရိုင်လေးခုနဲ့ မြို့နယ်ပေါင်း ၁၇ မြို့နယ်ပါဝင်လျက်ရှိပါတယ်။ သို့သော်လည်းပဲ ယနေ့အချိန်ထိ မာန်အောင်၊ အမ်း၊ တောင်ကုတ်၊ ဂွ လေးမြို့နယ်ကလွဲပြီး ကျန်တဲ့မြို့နယ်အားလုံးမှာ ဘင်္ဂါလီလူမျိုးတွေ ပြန့်နှံ့နေထိုင်လျက်ရှိနေတာကိုတွေ့ရပါတယ်။ အဲဒီထဲမှာ ရခိုင်ပြည်နယ်(မြောက်ပိုင်း) ဘူးသီးတောင်နဲ့ မောင်တောဒေသမှာဆိုရင် ဘင်္ဂါလီလူမျိုးအရေအတွက်ဟာ ဒေသခံတိုင်းရင်းသားလူဦးရေထက် အဆမတန်တိုးတက်များပြားလာနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒေသခံတိုင်းရင်းသားလူဦးရေရဲ့ နိုင်ငံသားမဟုတ်သူ ဘင်္ဂါလီမူဆလင်များရဲ့ လူဦးရေအချိုးအစား တစ်ဖက်စောင်းနင်းဖြစ်ပေါ်လာနေခြင်းဟာ အကြမ်းဖက်မှုများ ပေါ်ပေါက်လာစေတဲ့ အဓိကအကြောင်းအရင်းတစ်ခု ဖြစ်ပါတယ်။ လူအများစုအားကိုးပြီး တိုင်းရင်းသားကျေးရွာမီးရှို့ဖျက်ဆီးခံရခြင်း၊ အပြစ်မဲ့ပြည်သူများ ရက်စက်စွာသတ်ဖြတ်ခံရခြင်းများ ပေါ်ပေါက်နေခြင်းဟာ လူနည်းစုဒေသခံပြည်သူများကို နေရပ်စွန့်ခွာထွက်ပြေးစေရန် တွန်းပို့သကဲ့သို့ဖြစ်နေပါတယ်။

ယခု မောင်တော၊ ဘူးသီးတောင်တို့မှာလည်းဒီအတိုင်းပဲ။ ပဋိပက္ခဖြစ်ရင် ရခိုင်နဲ့ အစ္စလာမ်ဘာသာဝင်မဟုတ်တဲ့ လူနည်းစုများကထွက်ပြေးနေရပြီး အစိုးရဝန်ထမ်းများတောင် မနေရဲတော့တဲ့ အခြေအနေထိ ရောက်ရှိနေပါတယ်။ ဆယ်စုနှစ်အနည်းငယ်အတွင်းမှာ သိန်းချီတဲ့ဒေသခံတွေဟာ စီးပွားရေး၊ လူမှုရေး၊ ဘဝရှင်သန်ရပ်တည်ရေးအတွက် ခက်ခဲတာကြောင့် နေရပ်စွန့်ခွာသွားကြရတာ တွေ့ရပါတယ်။ ဒေသခံတိုင်းရင်းသားတွေဟာ နေထိုင်ခဲ့တဲ့နေရာအစားထိုးဝင်ရောက်လာကြတဲ့ တရားမဝင်အခြေချ ဘင်္ဂါလီလူမျိုးအရေအတွက်ဟာဆိုရင် သန်းချီပြီးရှိနေပါပြီ။

ဒါ့အပြင် ဒီကနေ့ ရခိုင်ပြည်နယ်က ဘင်္ဂါလီအရေးဟာဆိုရင် ဒေသတွင်းပြဿနာဖြစ်တာ မကတော့ပဲ နိုင်ငံတကာပြဿနာတစ်ရပ်အဖြစ် ကျယ်ပြန့်လာတာကို တွေ့ရမှာဖြစ်ပါတယ်။ ဘင်္ဂါလီကိစ္စကို အကြောင်းပြပြီးတော့ အထူးသဖြင့် အနောက်နိုင်ငံတွေရဲ့ ဆက်တိုက်ဖိအားပေးလာမှုကို ရင်ဆိုင်နေရပြီး UN အထွေထွေညီလာခံမှာ မဲခွဲဆုံးဖြတ်ရတဲ့အထိ ရောက်ရှိလာနေပါပြီ။ ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ ၈၁၇၅ ကြိမ်မြောက်အစည်းအဝေးမှာ ဘင်္ဂါလီအရေးနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံကိုအရေးယူဖို့ အမေရိကန်က အားတက်သရောဦးဆောင်ဆွေးနွေးခဲ့တဲ့အပေါ် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးနဲ့ ပြင်သစ်၊ အင်္ဂလန်နိုင်ငံတွေက ထောက်ခံဆွေးနွေးကြပြီးတော့ ရုရှားနိုင်ငံက ကန့်ကွက်ကာ တရုတ်နိုင်ငံကတော့ မရုတ်မလွန်ဘဲဆွေးနွေးသွားတာကို တွေ့ရပါတယ်။

ထို့အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ နိုင်ငံတကာပါလီမန်များအဖွဲ့(IPU)ရဲ့ (၁၃၇)ကြိမ်မြောက် ညီလာခံမှာလည်းပဲ ရခိုင်အရေးနဲ့ပတ်သက်ပြီး အဖွဲ့ဝင်နိုင်ငံများက အရေးပေါ်ကိစ္စအဖြစ် ဆွေးနွေးကန့်ကွက်ခဲ့ပါတယ်။ ရခိုင်ပြည်နယ်အရေးဟာ တဖြည်းဖြည်းနက်နဲလာပြီး နိုင်ငံတကာမီဒီယာတွေရဲ့ တစ်ဖက်သတ်ပုံဖော်မှုနှင့်အတူ အားကောင်းတဲ့ မီဒီယာများကိုအသုံးချကာ ပြဿနာကို လူမျိုးရေးပုံစံမဟုတ်ဘဲ ဘာသာရေးပုံစံပေါ်လာအောင် တွေ့လာခဲ့တယ်။

ကျွန်တော်တို့နိုင်ငံဟာ ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံကြီးကြားမှာ တည်ရှိနေပါတယ်။ ကျွန်တော်တို့တိုင်းပြည်ရဲ့အနောက်တံခါးဟာ ပျက်စီးနေတာကြာပြီဖြစ်သလို အရှေ့ခြံစည်းရိုးကလည်း မလုံမခြုံဖြစ်နေတာကြာပြီဖြစ်ပါတယ်။ အဲဒီရဲ့ဒဏ်ကို နယ်နိမိတ်ချင်းထိစပ်ဒေသမှာ နေထိုင်ကြတဲ့ ဒေသခံတိုင်းရင်းသားတွေပဲ ဦးစွာခံစားရတာဖြစ်ပါတယ်။ ဒီအတွေ့အကြုံကို ရှမ်းပြည်နယ်က အသိဆုံးဖြစ်တဲ့အတွက် ဒီလိုရခိုင်ပြည်သူတွေရဲ့ ခံစားနေရတဲ့အပေါ်မှာ ရှမ်းပြည်နယ်သားတစ်ယောက်အနေနဲ့ များစွာစာနာနားလည်မိပါတယ်။ ကျွန်တော်တို့တိုင်းပြည်ကို ဒီမိုကရေစီဖက်ဒရယ်နိုင်ငံအဖြစ် ပေါ်ထွန်းလာအောင် တိုင်းရင်းသားအားလုံးက အတူတကွကြိုးပမ်းတည်ဆောက်နေကြသလို ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ခြေလှမ်းမှန်မှန်နဲ့ လျှောက်လှမ်းနေတဲ့အခြေအနေကို ထိန်းသိမ်းဖို့ရှိနေပါတယ်။

ပြည်ထောင်စုကြီးတစ်ခုလုံး ငြိမ်းချမ်းဖို့ဆိုရင် ပြည်နယ်တွေငြိမ်းချမ်းဖို့လိုပါတယ်။ ပြည်နယ်တွေ ဖွံ့ဖြိုးတိုးတက်မှ ပြည်ထောင်စုကြီးစည်ပင်ဝပြောလာမှာဖြစ်သလို ဒေသတွင်းနိုင်ငံကြားမှာ ပျောက်ဆုံးနေတဲ့ မြန်မာနိုင်ငံရဲ့ရှိသင့်ရှိထိုက်တဲ့အဆင့်အတန်းကို ပြန်လည်ရောက်ရှိလာမှာဖြစ်ပါတယ်။ ထို့ကြောင့် အဆိုရှင်တင်ပြထားတဲ့ ရခိုင်ပြည်နယ်(မြောက်ပိုင်း)ဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းဟာ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် ဆက်စပ်ပတ်သက်နေပါတယ်။ အဆိုပါ ဒေသဖွံ့ဖြိုးရေးအတွက် ပြည်သူတွေရဲ့အသက်အိုးအိမ်လုံခြုံမှုကို အာမခံချက်ရှိစေပြီး လူမှုဘဝများဖွံ့ဖြိုးတိုးတက်လာမှသာလျှင် နယ်မြေတည်တံ့ခိုင်မြဲရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်မှာဖြစ်တယ်ဆိုတာ ကျွန်တော်တော့ အလေးအနက်ယုံကြည်ပါတယ်။ သို့ဖြစ်ပါ၍ ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးအောင်သောင်းရွှေ တင်သွင်းတဲ့အဆိုကို လေးလေးနက်နက်ထောက်ခံဆွေးနွေးအပ်ပါတယ်။

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဦးထွန်းဝင်း(ကျောက်တော်မဲဆန္ဒနယ်)**။ ။ သာလီစွပါ။ ကျွန်တော်က ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း ဖြစ်ပါတယ်။ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်ရှေ့က အဆိုအပေါ်မှာဝိုင်းဝန်းဆွေးနွေးချက်တွေဟာ မိမိနိုင်ငံ၊ မိမိလူမျိုးကိုချစ်တဲ့၊ မြတ်နိုးတဲ့စိတ်တွေနဲ့ အခြေခံစေတနာကောင်းတွေနဲ့ ဆွေးနွေးသွားကြတာကို ယေဘုယျခံစားလို့ရပါတယ်။ တစ်ဖက်မှာမြေပြင်အခြေအနေတွေရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းတဲ့အခါမှာ အနာနဲ့ဆေး တစ်ထပ်တည်းကျရဲ့လားဆိုတာကတော့ ကျွန်တော်တို့ဒေသခံကာယကံရှင်များကသာ အသိဆုံးဖြစ်မှာဖြစ်ပါတယ်။

ကျွန်တော်တို့တစ်ချိန်တည်းမှာ နိုင်ငံတကာဖိအားတွေ၊ စွပ်စွဲမှုတွေကိုရင်ဆိုင်နေရတဲ့ နိုင်ငံတော်အစိုးရအနေနဲ့အခက်အခဲတွေအများကြီးရှိနေတာကိုလည်း ကျွန်တော်တို့ နားလည်သဘောပေါက်ရမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီအခြေအနေပေါ်မှာ နားလည်တယ်၊ အများကြီးသဘောပေါက်တယ်ဆိုတဲ့အခြေအနေရှိတဲ့ ဒီအဆိုရှင်ဟာလည်းပဲ နိုင်ငံတော်အစိုးရအပေါ်မှာ ဝန်ထုပ်ဝန်ပိုးမဖြစ်ရအောင်အများကြီးဂရုစိုက်ထားတယ်ဆိုတာ သူ့အဆိုကိုလေ့လာကြည့်ရုံနဲ့သိနိုင်ပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အဆိုကိုခြုံပြီးကြည့်ရင် နိုင်ငံတော်အာဏာနဲ့ နိုင်ငံတော်နယ်မြေတည်တံ့ခိုင်မြဲရေးဆိုတာကိုသွားတွေ့ပါတယ်။ ဘူးသီးတောင်၊ မောင်တောကပြဿနာဟာ သာမန်လူ့အဖွဲ့အစည်းကြားက ပြဿနာမဟုတ်ဘဲ ကျွန်တော်တို့နိုင်ငံတကာကိုခြေဆန့်ပြီးတော့ စနစ်တကျစီစဉ်လာတဲ့ နယ်မြေလုစစ်ပွဲဖြစ်တယ်ဆိုတာကို ဒီအချိန်မှာ အားလုံးရှင်းရှင်းလင်းလင်းသိနေကြပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ၁၉၈၇ ခုနှစ်မှာ ဘူးသီးတောင်၊ မောင်တောက ဘင်္ဂါလီတချို့ဟာ အီရတ်ကဆဒန်ဟူစိန်နှင့်သွားတွေ့ပြီး မြန်မာနိုင်ငံကို ဂျီဟတ်စစ်ပွဲလာလုပ်ပေးပါဆိုပြီး စစ်ပန်တဲ့အထိကြိုးစားခဲ့တဲ့မှတ်တမ်းတွေရှိပါတယ်။ နိုင်ငံတကာဆိုတာကလည်း မိမိအကျိုးစီးပွားအားပြိုင်မှုမှာ ရခိုင်အရေးကိုအကောင်းဆုံးဇာတ်ဝင်ခန်းအဖြစ်နဲ့ လှလှပပအသုံးချနေတာကို ကျွန်တော်တို့သတိထားကြရမှာဖြစ်ပါတယ်။ အနီးစပ်ဆုံးသာဓကအနေနဲ့ မကြာခင်လပိုင်းအတွင်းမှာ ရွေးကောက်ပွဲလုပ်မယ့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ လက်ရှိအာဏာရနေတဲ့ အဝါမီလိဒ်ပါတီခေါင်းဆောင် ရှိတ်ဟာဆီနာဟာ လက်ရှိရခိုင်အရေးကိုအသုံးချပြီးတော့ လူထုကိုစည်းရုံးနေတာရယ်၊ နောက်ပြီးတော့ 1MDB က ဒေါ်လာသိန်းချီအလွဲသုံးစားလုပ်မှုနဲ့ တစ်နိုင်ငံလုံးရဲ့ ကန့်ကွက်မှုနဲ့ ရာထူးကနုတ်ထွက်ဖို့ တောင်းဆိုခြင်းကိုခံနေရတဲ့ မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇက်ရယ်၊ ရခိုင်အရေးကိုအသုံးချပြီး စည်းရုံးနေတာရယ်၊ နောက်ပြီးတော့ နိုင်ငံတော်အာဏာသိမ်းမှုကို အကြမ်းဖက်တဲ့နည်းနဲ့ဖြေရှင်းပြီးတော့ လူသိန်းနဲ့ချီထောင်ချခဲ့တဲ့၊ လူပေါင်းများစွာကို သတ်ခဲ့တဲ့ ပါလီမန်စနစ်ကိုဖျက်ပြီးတော့ သမ္မတစနစ်နဲ့ အာဏာတည်မြဲအောင် ဖွဲ့စည်းပုံကိုပြင်ဆင်ရေးဆွဲတဲ့အတွက် တစ်နိုင်ငံလုံးကရောပြည်တွင်းကပါ ကန့်ကွက်မှု၊ ရှုံ့ချမှုကိုရင်ဆိုင်နေရတဲ့ တူရကီသမ္မတအာဒိုဂန် ပါ။ ကျွန်တော်တို့ ဒီပုဂ္ဂိုလ်တွေဟာ လက်ရှိကျွန်တော်တို့ရခိုင်အရေးအခင်းမှာ ဘင်္ဂါလီတံဆိပ်ကပ်ထားတဲ့ပြဿနာကို သူတို့လူထုထောက်ခံမှုရအောင် ဖောက်ခွဲတဲ့အခါ အကောင်းဆုံးကိရိယာအဖြစ်နဲ့ အသုံးချနေတာကို ကျွန်တော်တို့သတိထားကြရမှာဖြစ်ပါတယ်။

လေးစားရပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့နိုင်ငံကြီးတွေမှာလည်းပဲ ခိုးဝင်တဲ့လူတွေ illegal migrate တွေရဲ့ပြဿနာဟာ နိုင်ငံတော်အာဏာနဲ့ အချုပ်အခြာအာဏာတည်တံ့ရေးကို အများကြီးစိန်ခေါ်မှုတွေဖြစ်နေတယ်ဆိုတာကို သတိထားတဲ့အတွက် illegal migrate နဲ့ပတ်သက်ပြီးတော့ ပြတ်သားတိကျတဲ့ Policy တွေ ရေးဆွဲနေတာကို အားလုံးသိပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီနေ့ ကုလသမဂ္ဂအပါအဝင် UN ဌာနချုပ် ၂၀ ကျော်ရုံးစိုက်တဲ့နိုင်ငံ၊ NGO ရုံးချုပ်ပေါင်းများစွာ ရုံးစိုက်တဲ့၊ ကျွန်တော်တို့ နိုဘယ်လ်ဆုရှင် ၂၀ ကျော် မွေးထုတ်ပေးထားတဲ့ ဆွစ်ဇာလန်နိုင်ငံမှာတောင်မှ ဒီ illegal migrate တွေကြောင့် နိုင်ငံတည်ငြိမ်မှုပျက်ပြားတယ်ဆိုပြီးတော့မှ ဒီအခြေအနေပေါ်မှာ စိုးရိမ်တဲ့ xenophobia ခေါ် တစိမ်းကြောက်ရောဂါစွဲကပ်နေတာကို ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲက သက်သေပြနေပါတယ်။ အဲဒီနိုင်ငံမှာ လက်ယာရစ်ပါတီဆိုတဲ့ SVP ပါတီက လက်ရှိရှိနေတဲ့ immigration law ကို ပြင်ဆင်ရေးဆွဲပါမယ်လို့ မဲဆွယ်စည်းရုံးခဲ့တဲ့အတွက် ပြည်သူတစ်ရပ်လုံးက စုပုံပြီးမဲပေးခဲ့ကြတာဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံရခိုင်အရေးအခင်းနဲ့ ပတ်သက်လာရင် case study လုပ်လို့ရမယ့်နိုင်ငံတွေ အများကြီးရှိပါတယ်။ ဒါပေမဲ့ နိုင်ငံရဲ့ ပထဝီအနေအထားနဲ့ ဖြတ်သန်းတဲ့သမိုင်းရဲ့အခြေအနေပေါ်မှာမူတည်ပြီးဖြစ်လာတဲ့ ပြဿနာတွေကို ဖြေရှင်းတဲ့အခါ ကွဲပြားခြားနားမှုတွေအများကြီးရှိနိုင်ပါတယ်။ ဒါပေမဲ့ သေချာတာတစ်ချက်ကတော့ နိုင်ငံရဲ့ အချုပ်အခြာအာဏာကို စိန်ခေါ်ပြီးတော့ အကြမ်းဖက်လာတဲ့ကိစ္စတွေ၊ နိုင်ငံသားမဟုတ်တဲ့ တစ်ဖက်လူတွေရဲ့ကျူးကျော်တိုက်ခိုက်မှုတွေကို ဖြေရှင်းတဲ့အခါမှာ ဒီနေ့ ကမ္ဘာမှာ win win solution ဆိုတာမရှိပါဘူး။ ဒါအပြတ်ချေမှုန်းကြရတာပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့အနီးနားမှာရှိတဲ့ တရုတ်နိုင်ငံမှာ ၁၉၉၀ ခုနှစ်ကျော်ကတည်းက တငွေ့ငွေ့တောက်လောင်ခဲ့တဲ့ စင်ကျန်းပြည်နယ်က မူဆလင်သူပုန်တွေအရေးကို ဖြေရှင်းတဲ့အခါမှာလည်းပဲ ကျွန်တော်တို့မြန်မာနိုင်ငံမှာဖြစ်နေတဲ့ပြဿနာလို တစ်ကမ္ဘာလုံးက အကြမ်းဖက်လော်ဘီတွေရဲ့ အဖွဲ့အစည်းတွေ၊ ဒီအကြမ်းဖက်လော်ဘီမီဒီယာတွေက တရုတ်အစိုးရကို ဗဟိုအစိုးရကို တရစပ်တိုက်ခိုက်ခဲ့ကြတာဖြစ်ပါတယ်။ ဒါပေမဲ့ တရုတ်အစိုးရရဲ့ ပြတ်သားတိကျတဲ့ ဖြေရှင်းချက်တွေကြောင့် ဒီနေ့ အဲဒီပြည်နယ်မှာ မူဆလင်သူပုန်တွေဟာ ဒီနေ့အချိန်ထိ ကျွန်တော်တို့ နလန်မထူနိုင်၊ အသံမထွက်နိုင်တဲ့အခြေအနေရှိပါတယ်။ ဒီကနေ့ တရုတ်နိုင်ငံရဲ့ Great Mission ကြီး ဖြစ်တဲ့ OBOR အတွက်ပိုးလမ်းမကြီးတည်ဆောက်တဲ့အခါမှာ အဲဒီစင်ကျန်းပြည်နယ်ကပဲ ဖောက်ဖို့ လုပ်နေတာဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိကျွန်တော်တို့နိုင်ငံမှာ နိုင်ငံတကာဖိအားတွေနဲ့ ရင်ဆိုင်နေရတဲ့အခါ။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး မင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ အင်းလေးဒေသ၊ ညောင်ရွှေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး ဖြစ်ပါတယ်။ ဘူးသီးတောင်မြို့နယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းရွှေရဲ့ တိုက်တွန်းချက်တွေကို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်အပိုင်း၊ တိုင်းရင်းသားပြည်သူလူထုတွေပါဝင်ရမယ့်အပိုင်းကို ထည့်သွင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်သူနှင့်အတူဆိုတဲ့အတိုင်း ဘယ်လုပ်ငန်းဆောင်ရွက်ဆောင်ရွက် ကျွန်တော်တို့ တိုင်းရင်းသားပြည်သူတွေမပါဝင်ဘဲ မအောင်မြင်နိုင်ဘူးဆိုတာ အားလုံးသိကြမှာဖြစ်ပါတယ်။

ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာနဲ့ တည်တံ့ခိုင်မြဲရေးဆိုတာ အစိုးရနဲ့တပ်မတော်တပ်ရင်းတပ်ဖွဲ့တွေရဲ့ တာဝန်ဆိုပေမဲ့ ကျွန်တော်တို့ တိုင်းရင်းသားပြည်သူတွေ လှည်းနေလှေအောင်း၊ မြင်းစောင်းမကျန် နှလုံးသားထဲ၊ ရင်ထဲမှာ ထာဝရစွဲမြဲစွာ ကာကွယ်ရမှာပါ။ အဆိုရှင်တင်ပြထားတဲ့ ဒီအချက်သုံးချက်လုံးဟာ ကျွန်တော်တို့ ရှမ်းပြည်နယ်အပါအဝင် တစ်နိုင်ငံလုံးဖြစ်စေချင်တဲ့ကိစ္စတွေပါဘဲ။ ဒါတွေကို အကောင်အထည် ဖော်စေဖို့ အချိန်မလပ်အစိုးရနဲ့တိုင်းရင်းသားပြည်သူတွေ စုပေါင်းဆောင်ရွက်နေတာလည်း တွေ့မြင် ရမှာပါ။ ရခိုင်ပြည်နယ်(မြောက်ပိုင်း)လို့ အထူးပြုတာနဲ့ပတ်သက်ပြီးတော့ ရခိုင်ဒေသမှာ ရခိုင်လူမျိုး အပါအဝင် ကျွန်တော်တို့လို တိုင်းရင်းသားလူမျိုးငယ်စုတွေဖြစ်တဲ့ မြို၊ ခမီ၊ သက်တွေလည်း ဒုက္ခသုက္ခ ခံစားရတာကို ကိုယ်ချင်းစာပြီးတော့ လတ်တလောအရေးကြီးနေတဲ့ တစ်ကမ္ဘာလုံးက အာရုံစိုက်နေရတဲ့ ဒေသကြီးဖြစ်ပါတယ်။ ဒီဒေသကြီးကို နိုင်ငံတကာနှင့် အင်အားကြီးမီဒီယာတွေက တစ်ဖက်၊ ပြည်တွင်း မှာ ကြိုးစားလုပ်ဆောင်နေရတာကတစ်ဖက် ဘက်နှစ်ဖက်ကိုသတိကြီးကြီးထားပြီး ဖြေရှင်းနေတယ် ဆိုတာ အားလုံးသိကြပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားညီအစ်ကိုတွေအချင်းချင်း၊ အစိုးရပြည်သူ အချင်းချင်းကျောချင်းကပ် ပွင့်လင်းမြင်သာစွာ လက်တွဲဆောင်ရွက်သွားရင် ဘယ်နိုင်ငံခြား၊ ဘယ်နိုင်ငံတကာအဖွဲ့အစည်းရဲ့ ကန့်ကွက်ရှုံ့ချတိုက်ခိုက်မှုတွေကိုမဆို အောင်မြင်စွာကျော်ဖြတ်နိုင် မှာပါ။ လွတ်လပ်ရေးမရခင်က တောင်တန်းဒေသကြီးကို ဗြိတိသျှကိုလိုနီတွေက သွေးခွဲခဲ့ပြီး လွတ်လပ်ရေးပေးဖို့ ချန်ထားဖို့ကြိုးစားခဲ့ပေမဲ့ အမြော်အမြင်ရှိတဲ့ခေါင်းဆောင်တွေကြောင့်သာ အဲဒီအချိန်ကတည်းက တိုင်းပြည်အစိတ်စိတ်အမွှာမွှာမဖြစ်ခဲ့တာပါ။ လွတ်လပ်ရေးရပြီးတော့လည်း အခုနကပြောတဲ့ သံသယစိတ်တွေ၊ မယုံကြည်မှုတွေ၊ အယူဝါဒရေးရာတွေကြောင့် ငြိမ်းချမ်းရေးဟာ ယနေ့တိုင် ကြိုးစားနေရဆဲပါ။ ဒီဆိုးမွေတွေကို အနာဂတ်တိုင်းပြည်မှာ မချန်ထားချင်တော့ပါဘူး။ အဆိုရှင်တင်ပြသွားတဲ့အတိုင်း လွတ်လပ်ရေးရပြီးခါစမှာလည်း ကြိုးစားလုပ်ဆောင်ခဲ့တယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မှာလည်း လုပ်ဆောင်ခဲ့တယ်။ တပ်မတော်အစိုးရအုပ်ချုပ်စဉ် ကာလကလည်း (န.တ.လ)စံပြရွာတွေ တည်ထောင်ပေးခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့ဘူး။ ဒါကြောင့် အဆိုရှင်က ယခု ဒီမိုကရေစီခေတ်အစိုးရသစ်လက်ထက်မှာ အစိုးရအဆက်ဆက်ရဲ့ဆောင်ရွက်မှုများ အားနည်းချက်၊ အားသာချက်တွေကိုသုံးသပ်ပြီး လက်ရှိအခြေအနေနဲ့ အနာဂတ်အတွက်ရှေးရှုပြီး ရေရှည်တည်တံ့ခိုင်မြဲသော ထူထောင်ရေးလုပ်ငန်းတွေကိုဖြစ်အောင် အကောင်းဆုံးကြိုးစား ဆောင်ရွက်လိုအပ်ပါကြောင်း တိုက်တွန်းထားတာကို အလေးအနက်ထောက်ခံအပ်ပါတယ်။ တစ်ချိန်က လက်နက်ကိုင်တော်လှန်ခဲ့တဲ့သူတွေ၊ ဖက်ဒရယ်ဒီမိုကရေစီစနစ်ကိုယုံကြည်လို့ ငြိမ်းချမ်းရေးယူ

ပါတီထောင်ရွေးကောက်ပွဲဝင်ပြီး အခုဆိုရင် လွှတ်တော်အသီးသီးမှာတောင် ရောက်ရှိနေကြပါပြီ။ ဒီလိုပြောဆိုဆွေးနွေးရင်းနဲ့ မိမိဒေသအကျိုးကို ဆောင်ရွက်နေကြပါပြီ။

ဒီလို Dialog Table Top တွေနဲ့ စားပွဲဝိုင်းဆွေးနွေးပွဲတွေနဲ့ သံသယတွေ၊ မယုံကြည်မှုတွေကို ဖြေဖျောက်တဲ့ ယဉ်ကျေးမှုထွန်းကားစေချင်ပါပြီ။ ဆင်းရဲတဲ့၊ မငြိမ်းချမ်းတဲ့ ကျွန်တော်တို့တိုင်းပြည်ကို အသုံးချပြီး၊ ဝင်ရောက်စွက်ဖက်ပြီး သူတို့နိုင်ငံအတွက် မဲတွေဆွယ်သွားတာ၊ ဒေါ်လာတွေရဖို့အသုံးချ သွားတာ အရမ်းရင်နာစရာကောင်းလှပါတယ်။ ကျွန်တော်တို့ အင်းသူအင်းသားတွေဟာ ကျွန်တော်တို့ မြို့နယ်မှာ နှစ်သိန်းတောင်မပြည့်ပေမဲ့ ကျွန်တော်တို့ရဲ့ရိုးသားမှု၊ ယဉ်ကျေးမှုအမွေအနှစ်တွေကြောင့် မြန်မာကျော်ပြီးကမ္ဘာကျော်ခဲ့တာ ဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ အင်းသူအင်းသားထဲမှာလည်း ရှေ့မှာထားလည်းမဖြစ်၊ နောက်မှာနေလည်းမရ။ အင်းလွယ်အိတ်လို ဘေးမှာကန့်လန့်လူမျိုးတွေ လည်းရှိပါတယ်။ ဒါတွေဟာလည်း ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်တွေကပဲ ဖျောင်းဖျစည်းရုံး သိမ်းသွင်းပြီးတော့ တိုင်းရင်းသားအချင်းချင်း ညီညွတ်အောင်တည်ဆောက်ရတာ ဖြစ်ပါတယ်။ အခုလို မျိုး ကျွန်တော်တို့လူမျိုးတွေ ဂုဏ်တင့်မှ တိုင်းပြည်ဂုဏ်တင့်မယ်။ အဲဒါမှ ကျွန်တော်တို့ရဲ့ကမ္ဘာမှာ လေးစားတင့်တယ်တဲ့တိုင်းပြည်ဖြစ်မှာပါ။ နောက်ဆုံးအနေနဲ့ ကျွန်တော်တို့တွေဟာ ပြဿနာရှင်းကြ မှာလား၊ ပြဿနာရှာကြမှာလား။ အဖြေရှာမှာလား။ အပြစ်ရှာကြမှာလား။ သံသယစိတ်တွေ၊ မယုံကြည် မှုတွေကို မိသားစုစိတ်ဓာတ်နဲ့ မျက်နှာစုံညီဖြေရှင်းပြီး နောင်လာနောက်သားတွေအတွက် ကောင်းသော အမွေပေးခဲ့ဖို့ အားလုံးရဲ့တာဝန်လို့ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

## ဦးအောင်သောင်းရွှေ၊ ဘူးသီးတောင်မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဒေါက်တာဝင်းမြတ်အေး(ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြသောဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဖြစ်ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့ လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးမှာ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မဲဆန္ဒနယ်မှ လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သောင်းရွှေ၏ ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသတွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက်လည်းကောင်း၊ ဒေသခံဌာနတိုင်းရင်းသား တို့၏ အသက်အိုးအိမ်၊ ထာဝရလုံခြုံမှုရှိသော လူမှုဘဝကို ထူထောင်နိုင်ရန်ဒေသခံတိုင်းရင်းသား တို့၏လိုအပ်ချက်များကို ရေတိုရေရှည်စီမံကိန်းများ ပွင့်လင်းမြင်သာစွာချမှတ်၍ ထိရောက်သော

အကောင်အထည်ဖော်ဆောင်ရွက်မှုများကိုပြုလုပ်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဆွေးနွေးမှုများနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းဖြေကြား သွားမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးမြန်းချက်အား မိမိမဲဆန္ဒနယ်မြေဖြစ်တဲ့ ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသရဲ့ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေး၊ ဒေသခံတိုင်းရင်းသားတို့ရဲ့ အသက်အိုးအိမ်၊ ထာဝရလုံခြုံမှုရှိသော လူမှုဘဝထူထောင်ရန်နှင့် အစိုးရက ပွင့်လင်းမြင်သာစွာ ရေတို ရေရှည်စီမံကိန်းများ ချမှတ်ပေးရန် တိုက်တွန်းခြင်းဖြစ်တဲ့အတွက် အဲဒီတိုက်တွန်းချက်ဟာ လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအနေနဲ့ မိမိရဲ့မဲဆန္ဒနယ်မြေ ပြည်သူများအတွက် အကျိုးကိုမျှော်၍ အစိုးရကို တိုက်တွန်းခြင်းဖြစ်သောကြောင့် လျော်ကန်သင့်မြတ်တယ်လို့ဆိုချင်ပါတယ်။ သို့သော်လည်း အစိုးရရဲ့ ဆောင်ရွက်ခဲ့မှုများ လက်ရှိဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများဟာ ကိုယ်စားလှယ်ကြီး၏ လိုလားတောင့်တမှုများနှင့် ကိုက်ညီနေကြောင်း ရှင်းလင်းဖြေကြားလိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး၏ ဆွေးနွေးချက်မှာ ရခိုင်ပြည်နယ်၌ ဒေသခံတိုင်းရင်းသားများ ၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံမှုမရှိခြင်း၊ ဒေသဖွံ့ဖြိုးနိမ့်ကျခြင်းများသည် လွတ်လပ်ရေးမရမီကပင် စတင်ခဲ့ရာ လွတ်လပ်ရေးရပြီး ခေတ်ကာလ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်နှင့် နဝတ၊ နယကအစိုးရခေတ်များတွင်လည်း ဒေသခံတိုင်းရင်းသားများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်း များကို အောင်မြင်စွာဆောင်ရွက်ပေးနိုင်ခြင်းမရှိလို့ပါရှိပါတယ်။ ယခု ဒီမိုကရေစီခေတ်အစိုးရသစ် လက်ထက်မှာ ယခင်အစိုးရအဆက်ဆက်၏ ဆောင်ရွက်မှုများမှ အားနည်းချက်၊ အားသာချက်များကို ပြန်လည်သုံးသပ်ပြီး လက်ရှိအခြေအနေနှင့် အနာဂတ်အတွက် ရှေးရှုပြီး ရေရှည်တည်တံ့ခိုင်မြဲသော ထူထောင်ရေးလုပ်ငန်းများဖြစ်အောင် အကောင်းဆုံးဆောင်ရွက်ပေးနိုင်ရန် တိုက်တွန်းခဲ့ခြင်းဖြစ်ရာ လက်ရှိအစိုးရက ချမှတ်ထားသော တိုင်းရင်းသားအရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ဦးစားပေး ဆောင်ရွက်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေးဟူသော မူဝါဒများဖြင့် ဆောင်ရွက်နေမှုများဟာ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ လိုလားချက်များအတိုင်း အမှန်တကယ်ရရှိခံစားနိုင်မည်ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းရွှေက တင်သွင်းသည့်အဆိုကို ယခု လွှတ်တော်ကိုယ်စားလှယ်များက အင်တိုက်အားတိုက်ဆွေးနွေးခဲ့ကြရာ ဆွေးနွေးချက်တွေဟာ ရခိုင်ပြည်နယ်အချုပ်အခြာအာဏာတည်မြဲရေးနှင့် နယ်မြေလုံခြုံရေး၊ ဒေသခံတိုင်းရင်းသားများ၏ ဘဝလုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်ပြီးတော့တစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့ ပါဝင်ဆောင်ရွက်နေမှုများ၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့ကြတဲ့အပြင် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူတစ်ရပ်လုံးက ပူးပေါင်းဆောင်ရွက် ခြင်းကိုလည်း ဖော်ထုတ်ဆွေးနွေးခဲ့ကြတာကို တွေ့ရတာဖြစ်ပါတယ်။ ဒါ့အပြင် ပြည်နယ်ရဲ့လိုအပ်ချက် တွေကို ဖြည့်ဆည်းနိုင်ဖို့ နိုင်ငံတော်အစိုးရကို လက်ရှိအစိုးရဆောင်ရွက်ချက်ရဲ့အားသာချက်နှင့် အားနည်းချက်များကိုဖော်ထုတ်ပြီး အကြံပြုခြင်း၊ တိုက်တွန်းခြင်းများ ဆောင်ရွက်ထားတဲ့

အတွက်ကြောင့်၊ ပါဝင်တဲ့အတွက်ကြောင့် ကြိုဆိုပါကြောင်းနှင့် ပါဝင်ဆွေးနွေးကြသူအားလုံးကို ကျေးဇူးတင်ကြောင်း ဦးစွာပြောကြားလိုပါတယ်။ ရခိုင်ပြည်နယ်ရဲ့အရေးကို အစိုးရအနေနဲ့ ဆောင်ရွက်နေတဲ့အခါမှာ မီးစင်ကြည့်ကခြင်းမဟုတ်ဘဲ စနစ်တကျဆောင်ရွက်နေခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြလိုပါတယ်။

ရခိုင်ပြည်နယ်အပါအဝင် နိုင်ငံတစ်ဝန်းလုံးမှာ ဖွံ့ဖြိုးရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် လုပ်ဆောင်ရန် များစွာရှိနေပြီး အစိုးရအနေနဲ့ အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများနဲ့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီဆောင်ရွက်ချက်များဟာ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ရဲ့ အကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်လည်း ဆက်စပ် ကိုက်ညီနေလျက်ရှိပါတယ်။ အကြံပြုချက်များဟာ ရခိုင်ပြည်နယ်မှာ ခေတ်အဆက်ဆက်ဖြစ်ခဲ့တဲ့ ပဋိပက္ခများရဲ့ အခြေခံအကြောင်းအရင်းများကို ဖော်ထုတ်ဖြေရှင်းခြင်းနဲ့ ရေရှည် ပဋိပက္ခကင်းဝေး၍ ဖွံ့ဖြိုးတိုးတက်တဲ့ ပြည်နယ်တစ်ခုဖြစ်ရန် အထောက်အကူများစွာဖြစ်စေမှာဖြစ်ပါတယ်။ ဒါ့အပြင် နောက်ဆုံးဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်ဖြစ်စဉ်ရဲ့ နောက်ဆက်တွဲဖြစ်ရပ်များအပေါ် အခြေခံပြီး ချမှတ်ခဲ့တဲ့ UEHRD (Union Enterprise For Humanitarian Assistance, Resettlement and Development in Rakhine State) ပြည်ထောင်စုစီမံကိန်းရဲ့ စီးပွားရေးဆိုင်ရာလုပ်ငန်းအဖွဲ့များနဲ့ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများဟာလည်း ကိုယ်စားလှယ်ကြီးလိုလားတဲ့ ရခိုင်ပြည်သူ အားလုံးအတွက် ရေရှည်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်လျက်ရှိပြီးတော့ ဒေသခံ တိုင်းရင်းသားများအတွက် ထိရောက်တဲ့ ပြန်လည်ထူထောင်မှုပြုလုပ်နိုင်မှာဖြစ်ပါတယ်။

ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အစိုးရသစ်တာဝန်ယူပြီးစ အချိန်ကစပြီးတော့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်တဲ့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ အကောင်အထည်ဖော်ရေးဗဟိုကော်မတီကို ၂၀၁၆ ခုနှစ်၊ မေလ ၃၁ ရက်မှာဖွဲ့စည်းခဲ့ပြီး လုပ်ငန်းကော်မတီလေးခုနဲ့ အကောင်အထည်ဖော်ဆောင်ရွက်တဲ့ နေရာမှာ ရခိုင်ပြည်နယ်ဒေသတွင်း ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီရဲ့ ဥက္ကဋ္ဌအဖြစ် မိမိက တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ ဒေသခံတိုင်းရင်းသား တွေဟာ ဒေသတွင်းအလုပ်အကိုင် အခွင့်အလမ်းနည်းပါးမှုကြောင့် အခြားပြည်နယ်နှင့်တိုင်းဒေသကြီး များကိုလည်းကောင်း၊ နိုင်ငံရပ်ခြားများသို့လည်းကောင်း သွားရောက်လုပ်ကိုင်ခြင်း၊ ရွှေ့ပြောင်း နေထိုင်ခြင်းများရှိခဲ့ပါတယ်။ ဒေသခံတိုင်းရင်းသားများ မိမိတို့ရဲ့ဒေသမှာအလုပ်အကိုင်ရရှိပြီး ပြန်လည်နေထိုင်နိုင်ရန်ရည်ရွယ်၍ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့ ပူးပေါင်းပြီး စစ်တွေမြို့မှာ Smart အထည်ချုပ်စက်ရုံ၊ ခိုင်ပြည်စိုး အထည်ချုပ်စက်ရုံ၊ ရွှေကျားလက်ယက်ကန်း စက်ရုံတို့ကို အစိုးရ၏ မတည်ပံ့ပိုးမှုဖြင့် ဖွင့်လှစ်နိုင်ခဲ့ပြီး အမျိုးသမီး ၂၅၀ တို့သည် အလုပ်အကိုင် များရရှိခဲ့ကြပြီး မိမိတို့ဒေသတွင် ပြန်လည်အခြေချနေထိုင်နိုင်ခဲ့ပါတယ်။ အလားတူ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် ကြီးမားတဲ့ အထည်ချုပ်စက်ရုံများဖွင့်လှစ်နိုင်ရေး ဆက်လက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

ဒေါက်တာကိုဖီအာနန်ဦးဆောင်တဲ့ ကော်မရှင်ရဲ့ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များကို အကောင်အထည်ဖော်သည့်အနေဖြင့် ဒေသခံပြည်သူများ ပိုမိုအကျိုးခံစားခွင့်ရရှိနိုင်စေရန် ရင်းနှီးမြှုပ်နှံမှုကော်မတီကို ၇-၇-၂၀၁၇ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ရခိုင်ပြည်နယ်ဦးစီးမှူးရုံးကို ၃၀-၁၀-၂၀၁၇ ရက်နေ့တွင် ဖွင့်လှစ်ဆောင်ရွက်ခဲ့နိုင်ပါတယ်။ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေအရ မွေးမြူရေးနှင့် ရေလုပ်ငန်းခြောက်ခု၊ ဆောက်လုပ်ရေးလုပ်ငန်းနှစ်ခု၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ၁၁ ခု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ သတ္တုတူးဖော်ရေးလုပ်ငန်းတစ်ခု၊ စွမ်းအင်လုပ်ငန်း ၂၇ ခု၊ ဝန်ဆောင်မှုလုပ်ငန်းတစ်ခု စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၄၈ ခု ဆောင်ရွက်ခွင့်ပြုနိုင်ခဲ့ပြီဖြစ်ပါတယ်။ ကျောက်ဖြူဒေသလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းများ၏ လူမှုရေးဆိုင်ရာတာဝန်ခံမှု Corporate Social Responsibility- CSR ဆောင်ရွက်ပေးမှုများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုပြုမည့်သူများက ကျောက်ဖြူမြို့နယ်မှာရှိတဲ့ ကျေးရွာ ၅၀ အတွက် လှည့်ပတ်ရန်ပုံငွေ တစ်ရွာလျှင် ကျပ်သိန်း ၃၀၀ မတည်ပေးခြင်း၊ Caterpillar Company နှင့်ပူးပေါင်း၍ စက်ကြီးမောင်းသင်တန်းဖွင့်လှစ်ပေးခြင်းတို့ ဆောင်ရွက်ပေးခဲ့ပါတယ်။ ပညာရေးကဏ္ဍ၊ အခြေခံအဆောက်အအုံကဏ္ဍမှာ ရွှေစီမံကိန်းမှ ကျပ်သိန်းပေါင်း ၇၆၂၉.၀၇ နှင့် အရှေ့တောင်အာရှရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းက အမေရိကန်ဒေါ်လာ ၈၇၆၂၅၇.၆၅ နဲ့ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အလုပ်သမားဈေးကွက်နှင့် သက်ဆိုင်တဲ့ လေ့လာဆန်းစစ်မှုများ Labour Market Assessment (LMA) ပြုလုပ်သွားနိုင်ရေး ILO နှင့် ညှိနှိုင်းထားရှိပြီး စီမံဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ Labour Market Assessment (LMA) ပြုလုပ်ရန် စီမံဆဲကာလမှာ အမျိုးသမီးများနှင့် သက်ဆိုင်တဲ့ အသက်မွေးဝမ်းကျောင်းသင်တန်းများနှင့် ရခိုင်ပြည်နယ်အတွင်း အလုပ်အကိုင်ရရှိရေးအတွက် သင်တန်း ၂၂ မျိုးမှာ သင်တန်းသား စုစုပေါင်း ၂၁၆၀ ဦး တက်ရောက်နိုင်ခဲ့ပါတယ်။ ဂျာမနီနိုင်ငံ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ GIZ အဖွဲ့အစည်းရဲ့ပံ့ပိုးမှုနဲ့ ကျောက်ဖြူဒေသခံအမျိုးသမီးများအား ရန်ကုန်မြို့မှာ စက်ချုပ်သင်တန်းတက်ရောက်ရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် စိုက်ပျိုးရေးသင်တန်းဖွင့်လှစ်ပေးခြင်း၊ သံချိသံကွေး၊ ဂဟေဆက်၊ လျှပ်စစ်အသေးစားစက်ပြင်သင်တန်းများ ဖွင့်လှစ်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။ UEHRD ပြည်ထောင်စုစီမံကိန်းရဲ့ လုပ်ငန်းအဖွဲ့များဖြစ်ကြတဲ့ ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံတည်ဆောက်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း၊ စီးပွားရေးဇုန်များဖွံ့ဖြိုးရေး၊ အလုပ်အကိုင်ဖန်တီးရေးနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ စီစဉ်ဖွင့်လှစ်ရေး၊ အသေးစားငွေကြေးထောက်ပံ့မှုနှင့် ခရီးသွားလုပ်ငန်းကဏ္ဍမြှင့်တင်ရေးအဖွဲ့များကလည်း ပြည်နယ်တစ်ခုလုံးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံလုပ်ငန်းရှင်များနှင့်ပူးပေါင်း၍ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ ကလေးသူငယ်များ အာဟာရအညွှန်းကိန်းမြင့်မားတိုးတက်လာစေရန်နှင့် ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်မြင့်မားတဲ့ အနာဂတ်မျိုးဆက်သစ် သားကောင်းရတနာများ မွေးထုတ်ပေးရန်ရည်ရွယ်ပြီးတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အမျိုးသားလူမှုကာကွယ်စောင့်ရှောက်ရေးမဟာဗျူဟာစီမံချက်ပါ စီမံကိန်းတစ်ခုဖြစ်တဲ့

ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားသော နှစ်နှစ်အောက်ကလေးများအား ငွေကြေးထောက်ပံ့ခြင်းအစီအစဉ် (Maternal and Child Cash Transfer Program)ကို ရခိုင်ပြည်နယ်မှာ စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ပြည်နယ်တစ်ခုလုံးစာအတွက် အကျိုးခံစားခွင့်ရှိသူပေါင်း ၄၆၇၀၂ ဦးကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်းမှာ ထောက်ပံ့ပေးလျက်ရှိပါတယ်။ ဒီအစီအစဉ်မှာ မိသားစုစီမံကိန်းကိစ္စပါဝင်တဲ့အတွက်ကြောင့် ကျန်းမာရေးရှုထောင့်ကပဲဖြစ်ဖြစ်၊ စီးပွားရေးရှုထောင့်ကပဲဖြစ်ဖြစ်၊ မိသားစုအရေးကိစ္စနှင့်ပဲဖြစ်ဖြစ် အလွန်အကျိုးဖြစ်ထွန်းတဲ့ ကိစ္စတစ်ခုပဲဖြစ်ပါတယ်။ လူမှုရေးပင်စင် ထောက်ပံ့မှုကိုလည်း အသက် ၉၀ နှစ်နှင့်အထက် ဘိုးဘွားတွေအတွက်ကို ထောက်ပံ့ပေးလျက်ရှိရာမှာ တတိယသုံးလပတ်အတွက် ဘိုးဘွားဦးရေ ၁၇၄၂ ဦးကို ထောက်ပံ့ငွေကျပ် ၅၂.၂၆၀ သန်းကို ထောက်ပံ့ပြီးဖြစ်ပါတယ်။

ဒါ့အပြင် ရခိုင်ပြည်နယ်အစိုးရ၏ ရခိုင်ပြည်နယ်တွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ငါးနှစ်စီမံကိန်း(Social Economic Development 5 years Plan)ကို ရေးဆွဲထားပြီးဖြစ်ရာ စိစစ်၍ ဦးစားပေးလုပ်ငန်းများအလိုက် အဆင့်ဆင့်ညှိနှိုင်းပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးလိုလားတဲ့ ရေရှည်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမှာဖြစ်ပါတယ်။

ရခိုင်ပြည်နယ် လုံခြုံရေးအတွက် နယ်စပ်ခြံစည်းရိုး ခိုင်ခံ့ကောင်းမွန်ရေး၊ ရေပိုင်နက်နယ်နိမိတ်လုံခြုံရေးတို့ဟာ အဓိကကျတဲ့အချက်များဖြစ်တဲ့အတွက်ကြောင့် နယ်စပ်ခြံစည်းရိုး ကာရံခြင်းနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်/ထွက်သွားလာမှုမရှိစေရေးနှင့် အကြမ်းဖက်သမားများ၏ အန္တရာယ်ကလုံခြုံရေးတို့အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ-ဘင်္ဂလားဒေ့ရှ်ထိစပ်နယ်နိမိတ်တစ်လျှောက် နယ်စပ်ခြံစည်းရိုးပျက်စီးမှုများအား ပြုပြင်ခြင်း၊ နယ်စပ်ခြံစည်းရိုးကင်းလှည့်လမ်းပြုပြင်ခြင်း၊ ချဉ်းကပ်လမ်းများ၊ တံတားများနှင့် ကင်းစခန်းများ ပြုပြင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ နယ်စပ်ခြံစည်းရိုးတည်ဆောက်ခြင်းကို ၂၀၀၉ ခုနှစ်မှစတင်၍ သဲသောင်ပြင်ပိုင်း၊ တာပေါင်ပိုင်းနှင့် တောင်ပေါ်ပိုင်းဟူ၍ ခြံစည်းရိုးအမျိုးအစားသုံးမျိုးဖြင့် အဆင့်ဆင့်တည်ဆောက်လျက်ရှိရာ ကျန်ရှိတဲ့ ၃၉.၂၁၇ မိုင်ကို လာမယ့်ပွင့်လင်းရာသီမှာ လုပ်ငန်းစတုတ္ထအဆင့်အဖြစ် နယ်စပ်ခြံစည်းရိုးစီမံကိန်း(ကျီးကန်းပြင်)က ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

တုံးချောင်းဝမှ BP 66 ထိ ခြံစည်းရိုးပျက်စီးမှုများနှင့် ဖျက်ဆီးခံရမှုများကို ၂၀၁၇ ခုနှစ်စက်တင်ဘာလမှစ၍ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ခြံစည်းရိုးများပိုမိုလုံခြုံကောင်းမွန်စေရေးအတွက် ခြံစည်းရိုးနှစ်ထပ်ကာရံမှုများအဖြစ် အဆင့်မြှင့်တင်ခြင်းကို ရဲအောင်ချောင်းဝကင်းစခန်းမှ BP 36 ထိ ၆.၃ မိုင်ကို ၂၀၁၇ ခုနှစ် အောက်တိုဘာလမှ စတင်ဆောင်ရွက်လျက်ရှိရာ ယခုအခါမှာ ၇၂ ရာခိုင်နှုန်းပြီးစီးပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှာ ၁၀၀ ရာခိုင်နှုန်းပြီးစီးအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အကြမ်းဖက်သောင်းကျန်းသူများ စိမ့်ဝင်မှုမရှိစေရေးအတွက် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များဖြင့် နယ်စပ်ခြံစည်းရိုးတစ်လျှောက် ကင်းစခန်းများ၊

လှည့်ကင်းများဖြင့်စိုးမိုးခြင်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ နယ်ခြားစောင့်ရဲတပ်ဖွဲ့များပူးပေါင်း၍ နယ်စပ်တစ်လျှောက် ပူးတွဲကင်းလှည့်ခြင်း၊ ဒေသခံအမာခံသတင်းပေးများဖြင့် အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်းများရယူခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ရေလမ်းခရီးမှ အကြမ်းဖက်သမားများဝင်ရောက်လာမှုမရှိစေရေးအတွက် တပ်မတော်(ရေ)မှ Navy SEALs တပ်ဖွဲ့ဝင်များဖြင့် နတ်မြစ်တစ်လျှောက် လှည့်ကင်းများဖြင့်လည်းကောင်း၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ ချောင်းဝကင်းစခန်းများထားရှိ၍လည်းကောင်း၊ လုံခြုံရေးနှင့်နယ်မြေစိုးမိုးရေးများ ဆောင်ရွက်လျက်ရှိပါတယ်။ ကျေးရွာအလိုက် ဒေသခံတိုင်းရင်းသားများ စိုးရိမ်ကြောင့်ကြမှုမရှိစေရေးအတွက် ကျေးရွာများအနီးရှိ နယ်ခြားစောင့်ကင်းစခန်းများမှ ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံများပူးပေါင်း၍ ကျေးရွာလုံခြုံရေးကင်းချထားခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။

နယ်မြေလုံခြုံရေးနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့အပြင် အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ကိုပါထားရှိ၍ တပ်မတော်နှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့အနေနဲ့ မောင်တောမြို့နယ်မှာ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့မရဲစခန်း၊ တောင်ပြိုလက်ဝဲနယ်မြေရဲစခန်းနှင့် လုံခြုံရေးကင်းစခန်း ၁၀ ခု၊ ဘူးသီးတောင်မြို့နယ်မှာ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့မရဲစခန်း၊ လုံခြုံရေးရဲကင်းစခန်းသုံးခုနှင့် ဘူးသီးတောင်အကျဉ်းထောင် လုံခြုံရေးရဲကင်းစခန်း၊ ရသေ့တောင်မြို့နယ်မှာ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့မရဲစခန်းနှင့် လုံခြုံရေးရဲကင်းစခန်းနှစ်ခုဖွင့်လှစ်ပြီး နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ၂၅-၈-၂၀၁၇ ရက်နေ့မှာ ဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်ဖြစ်စဉ်များဖြစ်ပွားပြီးနောက် နယ်မြေအခြေအနေအရ ယခင်ရှိတဲ့ ရဲကင်းစခန်း ၁၂၉ ခုကိုစုစည်း၍ ရဲကင်းစခန်း ၉၅ ခုအဖြစ် ပြန်လည်ဖွဲ့စည်းခဲ့ပြီး ကင်းစခန်းအသစ်လေးခုကို အသစ်ထပ်မံတိုးချဲ့ဖွင့်လှစ်ခဲ့တဲ့အတွက်ကြောင့် ယခု လက်ရှိမှာ နယ်မြေရုံး ၁၁ ခု၊ နယ်မြေရဲစခန်း ၁၂ ခု၊ မိုင်တိုင်ကင်းစခန်း ၁၆ ခု၊ ချောင်းဝကင်းစခန်း ၂၇ ခု၊ ရဲကင်းစခန်း ၉၅ ခု စုစုပေါင်း ၁၆၁ ခုဖြင့် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်သူကိုဗဟိုပြုတဲ့ ရဲလုပ်ငန်းစနစ်(ဆင့်ပွား)သင်တန်းအမှတ်စဉ်(၁/၂၀၁၇)သို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိနှင့် အခြားအဆင့် ၃၀ ဦး၊ ဂျပန်နိုင်ငံမှာဖွင့်လှစ်တဲ့ Community Policing သင်တန်းသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိ ၁၀ ဦးတက်ရောက်ခဲ့ပါတယ်။ လူစုလူဝေးအား စနစ်တကျထိန်းသိမ်းခြင်း(ဆင့်ပွား)သင်တန်းအမှတ်စဉ်(၁/၂၀၁၇)ကို အရာရှိ/အခြားအဆင့် ၁၃၀ ဦးတက်ရောက်ခဲ့ပါတယ်။ ကျား/မ အခြေပြုအကြမ်းဖက်မှုဆိုင်ရာ(ဆင့်ပွား)ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိနှင့် အခြားအဆင့် ၃၀ ဦးတက်ရောက်ခဲ့ပါတယ်။ လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိတဲ့ ရဲတပ်ဖွဲ့ဝင်များအားလုံးဟာ အမည်ရင်ထိုးများထင်ရှားမြင်သာစွာ တပ်ဆင်ထားရှိရန် သတ်မှတ်ထားရှိပြီးဖြစ်ပါတယ်။ အမှတ်(၁)နယ်ခြားစောင့်တပ်ဖွဲ့ဌာနချုပ် ဝင်/ထွက်ဂိတ်၊ နယ်မြေရဲစခန်းနှင့် ချောင်းပေါက်ဝကင်းစခန်းတွေမှာ CCTV ကင်မရာ ၁၄ လုံးတပ်ဆင်ထားရှိ၍ လုံခြုံမှုဆိုင်ရာကိစ္စများဆောင်ရွက်လျက်ရှိတယ်။ ဒေသခံတိုင်းရင်းသား ဘာသာစကားသင်တန်းအမှတ်စဉ်(၁/၂၀၁၇)ကို အရာရှိ/အခြားအဆင့် ၃၀ ဦးနဲ့ ဖွင့်လှစ်သင်ကြားခဲ့ပြီး ရခိုင်ပြည်နယ်မှာရှိတဲ့

ပြည်သူများ လုံခြုံမှုအတွက် ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ်(Community Policing System)ကိုဖော်ဆောင်လျက်ရှိပါတယ်။

နယ်စပ်ဒေသတစ်လျှောက် နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေး အတွက်လည်းကောင်း၊ ဒေသခံတိုင်းရင်းသားတို့ရဲ့ အသက်အိုးအိမ်၊ ထာဝရလုံခြုံမှုရှိသော လူမှုဘဝ ထူထောင်ရန်အတွက်လည်းကောင်း၊ တပ်မတော်သားများ၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များနှင့် ကျေးရွာ ပြည်သူ့စစ်ဌာနအဖွဲ့များအနေဖြင့် ပူးပေါင်းပြီး တိုင်းရင်းသားပြည်သူတို့ရဲ့ လုံခြုံရေးအတွက် နယ်မြေ စိုးမိုးရေးလုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် နယ်မြေခံတပ်ရင်း/တပ်ဖွဲ့များနှင့် မိတ်ဖက်အဖွဲ့အစည်းများဖြစ်တဲ့ မှုခင်းရဲတပ်ဖွဲ့ဝင်များ၊ သတင်းရဲတပ်ဖွဲ့ဝင်များ၊ မူးယစ် အထူးတပ်ဖွဲ့ များ၊ လူကုန်ကူးတားဆီးရေးရဲတပ်ဖွဲ့ဝင်များ၊ အခြားဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ၍ လုံခြုံရေးများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဒေသခံတိုင်းရင်းသားတွေကိုစုစည်းပြီး ရပ်ရွာသစ်များ ပြန်လည်တည်ဆောက်ရန် စီစဉ်လျက် ရှိရာ မြိုတိုင်းရင်းသားများအတွက် သစ်တုံးနားခွဆုံ၊ နတ်ချောင်း၊ ဇော်မတက်ရွာတို့တွင်လည်းကောင်း၊ ခမီ၊ ဒိုင်းနက်၊ ချင်းနှင့်မြိုတိုင်းရင်းသားများအတွက် ပဒကားရွာသစ်တွင်လည်းကောင်း၊ ရခိုင်တိုင်းရင်း သားများအတွက် မင်းကြီးရွာသစ်၊ အထက်ပြုူးမနှင့် ကွမ်းသီးပင်ကျေးရွာများမှာလည်းကောင်း၊ မာရမာကြီးတိုင်းရင်းသားများအတွက် လောင်းဒုံရွာမှာလည်းကောင်း၊ သက်တိုင်းရင်းသားများအတွက် သက်ကိုင်ညာကျေးရွာမှာလည်းကောင်း၊ ဒိုင်းနက်လူမျိုးများအတွက် ကာလာဒေးဖက်ကျေးရွာမှာ လည်းကောင်း၊ ဟိန္ဒူဘာသာဝင်များအတွက် အိုးထိန်း၊ ရဲဘောက်ကျ၊ ကြိမ်ချောင်း၊ တောင်ပြို၊ မြို့မချောင်း၊ ရွှေဇား၊ မြို့ဦးနှင့် လေးမိုင်ကျေးရွာများမှာလည်းကောင်း ရွာသစ်များထူထောင်ပေးလျက် ရှိခြင်း၊ ထူထောင်ရန် စီစဉ်ထားရှိခြင်းများ ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။

ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသများမှာ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိရာမှာ သွားလာမှုလွယ်ကူမြန်ဆန်စေဖို့အတွက် မဟာဗျူဟာလမ်းများ၊ ရွာချင်းဆက်လမ်းများပြုပြင်ခြင်း၊ အသစ်ဖောက်လုပ်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ လိုအပ်တဲ့နေရာတွေမှာ လမ်းကွန်ယက်များစနစ်တကျ ရေးဆွဲဆောင်ရွက်ခြင်း၊ ပျက်စီးသွားသောလမ်း၊ တံတားများအမြန်ပြုပြင်ခြင်း၊ မြေလမ်း၊ ကျောက်လမ်း၊ ကွန်ကရစ်လမ်းများဖောက်လုပ်လျက်ရှိခြင်း၊ ကွန်ကရစ်တံတားများ တည်ဆောက်ခြင်း၊ ရဟတ်ယာဉ် ကွင်းအသစ်များတည်ဆောက်ခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ တံတား(၂၀)စင်းဆောက်လုပ်ခြင်း နှင့် မေယုတောင်ကျော်လမ်းအသစ်နှစ်လမ်းဖောက်လုပ်ခြင်းတို့ကို ရခိုင်ပြည်နယ်အတွင်း လူသားချင်း စာနာမှုကူညီထောက်ပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD) ကော်မတီ ၏ လမ်းညွှန်မှုဖြင့် လုပ်ငန်းအလိုက် သက်ဆိုင်သည့်ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ပြန်လည်နေရာချထားရေး ဆောင်ရွက်ရာမှာ ရွာများအတွင်းနှင့် နယ်မြေဒေသပတ်ဝန်းကျင်မှာ အကြမ်းဖက်သမားများ ထပ်မံ ခိုလှုံနိုင်ခြင်းမရှိစေရန် သက်ဆိုင်တဲ့ဝန်ကြီးဌာနများမှ အလေးထားညှိနှိုင်း ဆောင်ရွက်လျက်ရှိပါ တယ်။ ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်မီးတိုးမြှင့်ရရှိရေးဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်ဓာတ်အား

စနစ်ဖြင့် ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့များအတွက် ၆၆ ကေဗွီဓာတ်အားလိုင်းနဲ့ ဓာတ်အားခွဲရုံများတည်ဆောက်လျက်ရှိပြီး ရသေ့တောင်မြို့ကို ၂၀၁၈ ခုနှစ် မတ်လတွင်လည်းကောင်း၊ ဘူးသီးတောင်မြို့ကို ၂၀၁၈ ခုနှစ် ဇွန်လတွင်လည်းကောင်း၊ မောင်တောမြို့ကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင်လည်းကောင်း နိုင်ငံတော်ဓာတ်အားစနစ်မှ ၂၄ နာရီ ဓာတ်အားပေးနိုင်တော့မှာဖြစ်ပါတယ်။ နိုင်ငံတော်ဓာတ်အားစနစ်ရရှိလာပါက အဆိုပါမြို့သုံးမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ လျှပ်စစ်မီးသုံးသူအိမ်ထောင်စု ၂၇၀၄၇ စုကို နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ၂၄ နာရီ ဓာတ်အားပေးနိုင်မှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးများကို ဆောင်ရွက်လျက်ရှိရာမှာ ရေရှည်ပဋိပက္ခကင်းဝေးရေးအတွက် အဓိကထားဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီအတွက် ၂၈-၁၀-၂၀၁၇ ရက်နေ့မှာ ရခိုင်ပြည်နယ်အတွင်းရှိ လူမှုအဖွဲ့အစည်း ၁၅ ဖွဲ့မှ ပြည်သူများ၊ လူငယ်ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ပါတယ်။ ပြည်တွင်း/ပြည်ပ ပညာရှင်များ၊ လူတန်းစားအလွှာအသီးသီးမှပုဂ္ဂိုလ်များ၊ ရခိုင်ပြည်နယ် နှစ်ဖက်အဖွဲ့အစည်းမှ ပြည်သူများပါဝင်တဲ့ Diversity Management In the Age of Globalization ဖိုရမ်ကို နိုဝင်ဘာလ ၂၁ ရက်နှင့် ၂၂ ရက်များမှာ နေပြည်တော်မှာ ကျင်းပခဲ့ပါတယ်။ အဲဒီနောက် အဲဒီဖိုရမ်ကို တက်ရောက်ခဲ့တဲ့ ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ ဘာသာရေးအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးစုအသီးသီးမှ ကိုယ်စားလှယ်များ၊ လူမျိုးစုငယ်များမှ ကိုယ်စားလှယ်များပါဝင်တဲ့အဖွဲ့ဟာ ဒေသဖွံ့ဖြိုးရေး၊ လူ့အဖွဲ့အစည်းများ ပေါင်းစည်းရေးဆိုင်ရာအစည်းအဝေးကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှာ ထပ်မံကျင်းပခဲ့ပြီး ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးတိုင်ပင်ညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပါတယ်။

ဤင်းအပြင် ပြည်ထောင်စုအစိုးရအဖွဲ့ဝင်အနေနဲ့ ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားများနှင့် ပြည်သူများ၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်/ခရိုင်/မြို့နယ်နှင့် ရပ်ကွက်အဆင့်ဌာနဆိုင်ရာများ၊ သံဃာတော်များ၊ ပြည်နယ်အတွင်းရှိ အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်တွေ့ဆုံ၍ ရခိုင်ပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခြင်း၊ ညှိနှိုင်းဆွေးနွေးခြင်းများကို ၂၀၁၇ ခုနှစ် အောက်တိုဘာလမှ ၂၀၁၈ ခုနှစ် ဇန်နဝါရီလအထိ ၇ ကြိမ် ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိတဲ့ ပြည်ထောင်စုစီမံကိန်း UEHRD ကို အကောင်အထည်ဖော်ရာမှာ မူဝါဒများ၊ ဥပဒေများနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ပြန်လည်လက်ခံရေးကိစ္စမှာ ဘင်္ဂလားဒေ့ရှ်-မြန်မာနှစ်နိုင်ငံ သဘောတူညီချက်တစ်ရပ်၊ နှစ်နိုင်ငံပူးတွဲလုပ်ငန်းအဖွဲ့၏ သဘောတူညီချက်နှစ်ရပ်ဖြင့် စနစ်တကျ စီစဉ်ဆောင်ရွက်လျက်ရှိပြီး လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါတယ်။ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့်ပတ်သက်၍ အထက်မှာ တင်ပြခဲ့တဲ့အတိုင်း ရခိုင်ဒေသခံတိုင်းရင်းသားများနှင့် လူနည်းစုတိုင်းရင်းသားများ ပိုမိုလုံခြုံစိတ်ချရသည့်အခြေအနေရရှိစေရန်

ဆောင်ရွက်လျက်ရှိပြီး ကျေးရွာများပြန်လည်တည်ဆောက်ရေးစီမံကိန်းကို ရေးဆွဲရာမှာလည်း ပြည်သူများ၏ လုံခြုံဖွံ့ဖြိုးရေးကိုအခြေခံ၍ စံနှုန်းများနှင့်အညီ ဆောင်ရွက်ထားရှိပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန် ပြန်လည်ထူထောင်ရေးဦးစီးဌာနအသစ်တစ်ခုကို ထပ်မံဖွင့်လှစ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း တစ်ပါတည်းတင်ပြအပ်ပါတယ်။ ပြည်သူ့အစိုးရအနေနဲ့ ပြည်သူများရဲ့ လိုလားချက်များကို ဖြည့်ဆည်းဖို့နှင့်ပြည်သူများရဲ့အကျိုးကိုဖော်ဆောင်ရန် တာဝန်ရှိပါတယ်။

**ဒေါက်တာဝင်းမြတ်အေး(ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ ရခိုင်ပြည်နယ်ရဲ့အရေးဟာ မြန်မာနိုင်ငံရဲ့အရေးဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာဖြစ်ပေါ်နေတဲ့ အရေးကိစ္စများဟာ မြန်မာနိုင်ငံတစ်ခုလုံးအပေါ်မှာလည်း အကျိုးသက်ရောက်မှုများစွာရှိနေတယ်ဆိုတာကို အားလုံးအသိပဲဖြစ်ပါတယ်။ ဒါကြောင့် ရခိုင်ပြည်နယ်ရှိပြည်သူများ၏အကျိုးကို ကိုင်တွယ်ဆောင်ရွက်ရာမှာ တစ်နိုင်ငံလုံး၏အရေးကဲ့သို့ သတိကြီးစွာထား၍အမြင်ကျယ်ကျယ်ဖြင့် ကိုင်တွယ်ဆောင်ရွက်ရန် များစွာလိုအပ်ပါတယ်။ သို့ဖြစ်ပါ၍ အထက်တွင်တင်ပြခဲ့သည့်အတိုင်း အစိုးရ၏ဆောင်ရွက်ခဲ့မှုများ၊ လက်ရှိဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နေမှုများသည် လွှတ်တော်ကိုယ်စားလှယ်ကြီး၏ ရခိုင်ပြည်နယ်ဒေသခံတိုင်းရင်းသားများအကျိုးအတွက် လိုလားတောင့်တမှုများနှင့်ကိုက်ညီလျက်ရှိပါသဖြင့် ယခုအဆိုကို မှတ်တမ်းအဖြစ်သာထားရှိပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဦးအောင်သောင်းရွှေ(ဘူးသီးတောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဆိုကို ကျွန်တော်တင်ကတည်းက နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှုပြီးတော့ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် နိုင်ငံချစ်စိတ်ကို အရင်းခံပြီးတော့ တင်သွင်းခြင်းဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၅ တွင်နိုင်ငံတော်ရဲ့လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းရဲ့တာဝန်ဖြစ်သည်ဟုလည်းကောင်း၊ ပုဒ်မ ၂၁ ပုဒ်မခွဲ(ဂ)တွင်ပြည်သူတို့၏အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည်ဟုလည်းကောင်း ဖော်ပြထားရာ ဒီမိုကရေစီအစိုးရအနေဖြင့် ဒေသခံပြည်သူများနှင့်ပူးပေါင်းပြီးအချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် နယ်မြေကာကွယ်စောင့်ရှောက်ရေးအတွက် စနစ်တကျဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်(မြောက်ပိုင်း) ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်ဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဟာ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့်တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် တိုက်ရိုက်အချိုးကျလျက်ရှိနေပါတယ်။ အဆိုပါဒေသနေဌာနေတိုင်းရင်းသားများရဲ့အသက်အိုးအိမ်လုံခြုံမှုရှိပြီးမှ လူမှုဘဝဖွံ့ဖြိုးတိုးတက်လာပါမှ နယ်မြေ

တည်တံ့ခိုင်မြဲရေးနဲ့အချုပ်အခြာအာဏာ ကာကွယ်စောင့်ရှောက်နိုင်မှာဖြစ်ပါတယ်။ သို့မှသာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်တဲ့အတွက်ကြောင့် ယုံကြည်ပြီးတော့ ဒီအဆိုကို တင်ပြရခြင်းဖြစ်ပါတယ်။ ဒီအဆိုဟာ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အရေးကြီးတဲ့ အဆိုတစ်ခုဖြစ်တဲ့အတွက်ကြောင့် မဲဆန္ဒရှင်ပြည်သူများကလည်း လွှတ်တော်ကြီးရဲ့ဆုံးဖြတ်ချက်နဲ့ အစိုးရအဖွဲ့ရဲ့ဆောင်ရွက်နေမှုတို့ကို မျက်ခြည်မပြတ်စောင့်ကြည့်လျက်ရှိနေမှာ ဖြစ်ပါတယ်။ ကျွန်တော်ရဲ့အဆိုကို အခုလိုနိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် ရှေးရှုပြီးတော့ စေတနာထား ဆွေးနွေးပေးကြပါသော လွှတ်တော်ကိုယ်စားလှယ် ၁၇ ဦးကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုလိုပါတယ်။ အစိုးရအဖွဲ့ကိုယ်စား ဝန်ကြီးက အခုလို နိုင်ငံတော်လုံခြုံရေး၊ တရား ဥပဒေစိုးမိုးရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ဒေသခံဌာနေတိုင်းရင်းသားများအကျိုး အတွက်ဆောင်ရွက်နေကြောင်း ကြားသိရလို့ ဒေသခံပြည်သူများနှင့်တစ်ထပ်တည်း၊ တစ်သဘော တည်းဖြစ်နေတဲ့အတွက်ကြောင့် ဒီအဆိုကို အတည်ပြုသင့်ပါတယ်။ အဆိုကို အတည်ပြုခြင်းဖြင့် နိုင်ငံတော်ဘဏ္ဍာငွေကို တိုးမြှင့်ကောက်ခံနိုင်ပြီး နယ်မြေလုံခြုံရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို စနစ်တကျစီမံကိန်း၊ စီမံချက်တွေရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်နှင့် ပြည်သူအကျိုးကို ရှေးရှုပြီး စေတနာထားကြတယ်ဆိုရင် ဆောင်ရွက်နေပါ တယ်၊ အကောင်အထည်ဖော်နေပါတယ်ဆိုရုံနဲ့ မလုံလောက်တဲ့အတွက်ကြောင့် လက်တွေ့အကောင် အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် ဒီအဆိုကို အတည်ပြုပေးပါရန် လွှတ်တော်၏အဆုံးအဖြတ်ကို ရယူလိုပါကြောင်း ကျွန်တော်၏သဘောထားကို တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးအောင်သောင်းရွှေ၊ ဘူးသီးတောင် မဲဆန္ဒနယ်က တင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ် ၁၇ ဦးက ဆွေးနွေးပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အဆိုအား မှတ်တမ်းတင်သင့်ကြောင်း ရှင်းလင်းခဲ့ပါ တယ်။ အဆိုရှင်ကလည်း အဆိုကို အတည်ပြုပေးရန် ရှင်းလင်းပြောကြားသွားခဲ့ပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့သဘောထားရယူရန် စက်ခလုတ်အသုံးပြုတဲ့ဆန္ဒမဲပေးတဲ့ နည်းလမ်းနဲ့ဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်။ အဆိုရှင်ရဲ့တင်ပြချက်အပေါ် မူတည်၍ မဲခွဲဆုံးဖြတ်မှာ ဖြစ်ပါ တယ်။ ထောက်ခံမဲများလျှင် အဆိုရှင်ရဲ့အတည်ပြုရန်တင်ပြချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲ များလျှင် ဝန်ကြီးဌာနရဲ့မှတ်တမ်းတင်ရန်တင်ပြချက်က အတည်ဖြစ်ပါမယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ် စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံ ဆန္ဒမဲပေါင်း ၆၇ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၃၀၄ မဲ၊ ကြားနေဆန္ဒမဲတစ်မဲ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန့်ကွက်တဲ့ကိုယ်စားလှယ်ဦးရေက များတဲ့အတွက် ဦးအောင်သောင်းရွှေ တင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၀၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ၁၃း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့
# (၂၀.၂.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့်
# ပုဂ္ဂိုလ်များ




U Thant Zin Tun    U Tin Htut




U Tin Htut    U Kyaw Min Hlaing




Dr Soe Moe Thu    Dr Myint Htwe




U Per Htan    Dr Myint Htwe




U Kyaw htay    Dr Myint Htwe




U Toe Taung    Dr Myint Htwe

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်